
www.burmeseclassic.com



www.burmeseclassic.com


| | | |
|---|---|---|
| စာမူခွင့်ပြုချက်အမှတ် | - | ၅၀၀၄၁၂၀၄၁၀ |
| မျက်နှာဖုံးခွင့်ပြုချက်အမှတ် | - | ၅၀၀၆၇၈၀၆၁၀ |
| အဖုံးဒီဇိုင်း | - | Lလင်း |
| ထုတ်ဝေသူ | - | ဒေါ်မိုးသီတာ (စိုးမိုးစာပေ) (မြဲ-၀၃၈၅၁) အမှတ် ၁၃၊ ၁၀၇ လမ်း၊ မင်္ဂလာတောင်ညွန့်၊ ရန်ကုန်မြို့။ |
| ပုံနှိပ်သူ | - | ဦးမြင့်သန်း (မြဲ-၀၄၉၀၂) စံပယ်အော့ဖ်ဆက် ၁၃၊ ၁၀၇ လမ်း၊ မင်္ဂလာတောင်ညွန့်၊ ရန်ကုန်။ |
| အတွင်းဖလင် | - | ဦးထွန်းဆိုင် |
| စာအုပ်ချုပ် | - | ကိုသန်းဌေး |
| ပုံနှိပ်ခြင်း | - | ၂၀၁၁ ခုနှစ်၊ ဇန်နဝါရီလ၊ ပထမအကြိမ် |
| အုပ်ရေ | - | ၅၀၀ |
| တန်ဖိုး | - | ၁၅၀၀ ကျပ် |

၈၉၅ . ၈၃

ရွှေအဥလိ

အလိုအပ်ဆုံးချစ်သူ/ရွှေအဥလိ။ - ရန်ကုန်

စိုးမိုးစာပေ၊ ၂၀၁၁

၂၈၀ - စာ ၊ ၁၂ × ၁၈ စင်တီ။

(၁) အလိုအပ်ဆုံးချစ်သူ




## အခန်း (၁)

"ဟင်"

ခြံရှေ့တွင် ထိုးရပ်လာသော ငွေမင်ရောင်လက်လက် တောက်နေသည့် နောက်ဆုံးပေါ်ကားလေးကြောင့် ထန်၏ ကြည်လင်ဝိုင်းစက်သော မျက်ဝန်းလှလှလေးမှာ အံ့သြမှုတို့ဖြင့် လူကလည်း စိုးရိမ်ထိတ်လန့်မှုတို့ကြောင့် ရင်ခုန်သံတွေ တဒိတ် ဒိတ်ခုန်သွားသည်။

"ဦးအောင်ဇေပါလား"

ထန် အသိထဲ၌အလိုလိုမှတ်မိနေသည့် သူ့ကားလေးကို ထန် ကြည့်နေဆဲမှာပင် ကားတံခါးကို ဖွင့်ဆင်းလာသည့် ဦးအောင်ဇေ၏ ခန့်ညားသော မျက်နှာချောချောကို မြင်လိုက်ရသည်



www.burmeseclassic.com

www.burmeseclassic.com



နှင့် ထန် ဖျတ်ခနဲ အိမ်ထဲသို့ အပြေးလေး ဝင်လာခဲ့သည်။

"သူ…ဘာဖြစ်လို့ အိမ်အထိ လိုက်လာတာပါလိမ့်၊ မေမေ့ကျန်းမာရေး မကောင်းလို့ ကုမ္ပဏီကို ငါမသွားတာမှ ဘယ်လောက်မှ မရှိသေးဘူး၊ အခုလို သူကိုယ်တိုင် အိမ်ကိုလိုက်လာဖို့ မလိုပါဘူး"

ဧွးရင်းက ထန် ခန်းဆီးကြားမှနေ ဦးအောင်ဇေကို ကြည့်လိုက်သည်။

"အို…သူမပြန်သေးပါလား၊ ဒုက္ခပါပဲနော်"

ထန် ကြည့်နေဆဲမှာပင် ခြံစောင့်ဦးလေးမောင်ကို ဘာတွေ ပြောနေသည်မသိပါ။ ခဏနေတော့ ခြံစောင့်ဦးလေးမောင် အိမ်ဘက်ဆီသို့ လျှောက်လာတာ တွေ့ရသဖြင့် ထန် အမြန်ပင် သူမကိုယ်လေးကို ခန်းဆီးနောက်ကွယ်မှ ဖယ်လိုက်၏။

"သမီးထန်…အိမ်ရှေ့မှာ သူငယ်တစ်ယောက်က သမီးနဲ့ တွေ့ချင်လို့တဲ့"

"ဦးလေးမောင် ဘာပြောလိုက်လဲဟင်"

"ဦးလေးကတော့ သမီးကို ရှိတယ်လို့ ပြောလိုက်တယ်"



"အို"

ဦးလေးမောင်စကားကြောင့် ထန် စိတ်ညစ်သွားသည်။

တစ်ဆက်တည်း သူမအကြည့်များက အိမ်ရှေ့ကို အသာ လှမ်းကြည့်လိုက်တော့ ဦးအောင်ဇေ ကားကိုမှီရပ်လျက် ထန် ထွက်လာမည်ကို စောင့်နေ၏။

သူ့ကိုမြင်ရလေ ထန်မှာ စိတ်ရှုပ်၊ စိတ်ညစ်ရလေမို့ မျက်ခုံးလှလှလေး ကုပ်ကွေးကာ တစ်ချက်စဉ်းစားလိုက်ပြီး…

"ဦးလေးမောင်"

"ဘာလဲ ကလေး"

"ထန်…သူနဲ့မတွေ့ချင်ဘူး၊ အဲဒါ ဦးလေးမောင်ပဲ အဆင်ပြေအောင် သူ့ကို ကြည့်ပြောလိုက်ပါနော်၊ ထန် အပေါ်မှာ မေမေနိုးပြီလားလို့ သွားကြည့်လိုက်ဦးမယ်"

ခြံစောင့် ဦးလေးမောင်ကို ထန် မှာစရာရှိတာများ မှာပြီး နောက် အပေါ်ထပ် မေမေ့အခန်းထဲသို့ ဝင်ခဲ့သည်။

မေမေ အိပ်ပျော်နေဆဲမို့ ထန် ဇာလိုက်ကာဖြူဖြူလေးကြားမှ သူရှိရာကို ထပ်ကြည့်မိပြန်၏။

www.burmeseclassic.com

www.burmeseclassic.com



ဦးလေးမောင်သည် သူ့ကို ဘာတွေပြောနေသည်မသိပါ။ ခဏကြာတော့ ဦးအောင်ဖေ ထန်ရှိရာ အိမ်ကြီးဆီသို့ မျက်ဝန်းညို အစုံနှင့် တစ်ချက်လှမ်းကြည့်ပြီးနောက် ပြန်သွားသည်။

ဦးအောင်ဖေ ပြန်သွားတာမြင်မှ ထန် သက်ပြင်းချလိုက်သည်။

"ဒီမှာ ကလေးအတွက် စာစာက သူ့ငယ်က ဦးလေးမောင်ကို စာပေးသွားတယ်"

ဦးလေးမောင် လက်ထဲက စာကို ထန် လှမ်းယူလိုက်သည်။ သူမအကြည့်တွေကတော့ မေမေ နိုးသွားမှာကို စိုးရိမ်နေသည့် ဟန်အပြည့်နှင့် အိမ်ရှေ့သို့ ထွက်လာကာ စာကိုဖွင့်ဖတ်လိုက်သည်။

*ထန်*

*ကိုယ်လာလို့ စိတ်ညစ်နေလား။ ထန် ရှိရက်နဲ့ ထွက်မတွေ့တာ ကိုယ်သိတယ်၊ ထန် ဘာဖြစ်လို့ အလုပ်မလာတာလဲ။ ထန် အလုပ်ကိုမလာလို့ ကိုယ်စိတ်ပူပြီး လိုက်လာတာ။ ဘာပဲဖြစ်ဖြစ် ထန် မနက်ဖြန်တော့ အလုပ်ကိုလာပါ။ ထန် မလာ*





*ရင် ကိုယ်လိုက်လာဦးမှာပဲ။*

အောက်က ဘာဆိုင်းမှထိုးမထား။ ထန် သူ့စာကိုဖတ်ပြီး မျက်နှာလှလှလေးမှာ ဟန်မဆောင်နိုင်အောင် ပျက်သွား၏။

သူနဲ့ထန် သိကျွမ်းရုံကလွဲပြီး တစ်ယောက်နှင့်တစ်ယောက် ခင်မင်ကြတာလည်း မဟုတ်ဘဲနှင့် စာတွေဘာတွေ ရေးနေသည်။

သူ့အပြုအမူက ပိုင်စိုးပိုင်နင်း ဆန်လွန်းလှ၏။ တွေးရင်းက ထန် ဒေါသလေးများ ဖြစ်လာသည်။

"ထန်"

"သမီး"

"ရှင်"

"ဟင်...မေမေ နိုးပြီလား"

ဒေါ်တင်မမအသံကြောင့် ထန်သည် ဦးအောင်ဖေစာကို အမြန်သိမ်းကာ မိခင်ဖြစ်သူနား ရောက်သွားသည်။

"မေမေ သက်သာရဲ့လားဟင်"

"အေးကွယ်...သက်သာပါတယ်၊ သမီးလည်း မေမေ့ကြောင့် အလုပ်ပျက်ရပြီနော်"



www.burmeseclassic.com

www.burmeseclassic.com



"ရပါတယ်မေမေရယ်၊ သမီးအလုပ်က ကိစ္စမရှိပါဘူး၊ အခုကက မေမေ့ကျန်းမာရေးက အရေးကြီးပါတယ်၊ မေမေ နေကောင်းအောင်သာ နေနော်"

"အင်း…လိမ္မာတဲ့ မေမေ့သမီးလေး၊ သာဓုကွယ်၊ သာဓု…သာဓု"

မိခင်ဖြစ်သူ၏ သာဓုပေးသံကြောင့် ထန့်ရင်ထဲ လှိုက်ဖို ကြည်နူးသွားသည်။ ထန့်ဖေဖေ ဦးခင်အောင်ကတော့ လူအေးကြီး ဖြစ်သည်။ စကားကို လိုသည်ထက် ပိုမပြောတတ်သလို လူတိုင်း အပေါ်မှာလည်း သနားညှာတာတတ်သူဖြစ်သည်။

ဇနီးနှင့်သမီးကိုလည်း အင်မတန်ချစ်၏။

ဘာမဆို ဇနီးအလိုကျ ဖြစ်စေရုံမက သမီးဖြစ်သူ ထန့် ပူဆာလျှင်လည်း တစ်ချက်ပဲဖြစ်သည်။ အခုလည်း ဇနီးဖြစ်သူ နေမကောင်းမှန်းသိ၍ ရုံးသွားရသည်ကိုပင် စိတ်မဖြောင့်။

ဒေါ်တင်မမက ဘာမှမဖြစ်လောက်ပါဘူးဆိုမှ ရုံးသွား ခြင်းပါ။ ထန် တွေးနေဆဲမှာပင် အိမ်ရှေ့မှ ကားသံ ကြားလိုက်ရ သည်။





"ဟော…ဖေဖေပြန်လာပြီထင်တယ် မေမေ၊ သမီး သွားကြည့်လိုက်ဦးမယ်"

ပြောရင်းက ထန် ကလေးတစ်ယောက်လို အောက်ထပ်သို့ အပြေးကလေး ဆင်းလာခဲ့၏။

"ဖေဖေပြန်လာတာ စောသားပဲ၊ သမီးကို အိတ်ပေး ဖေဖေ"

ထန် ဦးခင်အောင်လက်ထဲမှ အတက်ချိကေ့စ်ကို လှမ်းယူ ကာ ကြိုလိုက်သည်။

ဦးခင်အောင်ကတော့ တစ်ဦးတည်းသော ချစ်သမီးချော လေးကို ချစ်မဝနိုင်သော အပြုံးဖြင့် ကြည့်လိုက်ပြီး…

"ဖေဖေ့သမီးက သိပ်လိမ္မာတာပဲ၊ ဒါနဲ့ သမီးမေမေ သက်သာရဲ့လား"

"သက်သာပါတယ် ဖေဖေ၊ မေမေ ခုမှ အိပ်ရာကနိုးတာ၊ ဘာလဲ ဖေဖေက မေမေ့ကို စိတ်မချလို့ ပြန်လာတာလား"

အပြုံးလေးနှင့် ထန် စလိုက်တော့ ဦးခင်အောင် ပြုံးလိုက် သည်။ ဒီနောက် သမီးဖြစ်သူ၏ ခေါင်းကို အပြုံးနှင့် ချစ်စနိုးပွတ်



www.burmeseclassic.com

www.burmeseclassic.com



ကာ…

"ဒါပေါ့သမီးရယ်၊ ဖေဖေ့ဘဝမှာ သမီးရယ်၊ မေမေရယ် ပဲရှိတာ၊ သမီးတို့ သားအမိနှစ်ယောက်ကို ဖေဖေက ဂရုစိုက်ရမှာ ပေါ့"

"အဟင်း…ဟင်း သမီးက အလကားစတာပါဖေဖေရဲ့၊ မေမေကလည်း ဖေဖေ့ကိုမျှော်နေတာ သိလား၊ ကဲ ဖေဖေ မေမေ့ကို သွားကြည့်လိုက်ဦးနော်၊ သမီး မေမေ့အတွက် စားစရာတစ်ခုခု လုပ်လိုက်ဦးမယ်"

ထန်မှာ မိဘနှစ်ပါး အေးအေးဆေးဆေး စကားပြောနိုင်ရန် အလိုက်သိသိနှင့်ပင် မီးဖိုထဲသို့ ဝင်လာခဲ့လိုက်သည်။

မီးဖိုထဲတွင် မေမေ့အတွက် စားစရာပြင်ဆင်ရင်းက ထန် ခေါင်းထဲသို့ ဦးအောင်ဇေအကြောင်းက မတွေးဘဲ အလိုလိုဝင် ရောက်လာသည်။

"ဟင်း…ခက်တာပဲ၊ ငါ မနက်ဖြန် ကုမ္ပဏီကို မသွားဘဲ နေပြန်ရင်လည်း ဦးအောင်ဇေက သူ့စကားကို နားမထောင်ဘူးဆို ပြီး ဒီနေ့လိုမျိုး အိမ်ကိုလိုက်လာရင် ဒုက္ခ၊ သူ့ကို မေမေ တွေ့လို့





မဖြစ်ဘူး၊ အလုပ်သွားပြန်လည်း သူ့ကိုကြောက်လို့ သူ့စကားကို နားထောင်တယ် ထင်လိမ့်ဦးမယ်၊ အို စိတ်ရှုပ်လိုက်တာ၊ မတွေးတာ ပဲ ကောင်းပါတယ်"

အတွေးစများကို ဖြတ်ကာ ထန် လုပ်စရာရှိသည်များကို သာ ခပ်သွက်သွက်လေး လုပ်လိုက်သည်။

ညနေရောက်တော့ မေမေ့မိတ်ဆွေ ဒေါ်ခင်မျိုးမြတ်နှင့် သားဖြစ်သူ မောင်မောင်လတ်တို့ ရောက်လာကာ မေမေ့အား လူမမာ သတင်း လာမေး၏။

"လာ…အန်တီ၊ လာပါရှင့်၊ မေမေ အပေါ်ထပ်မှာရှိပါ တယ်၊ သြော် ကိုလတ်လည်း ပါလာတာကိုး"

ထန်သည် အပြုံးလှလှလေးနှင့် ဒေါ်ခင်မျိုးမြတ်ကို ဆီးကြို ရင်းက ဒေါ်ခင်မျိုးမြတ်နောက်တွင် ပါလာသည့် မောင်မောင်လတ် ကိုပါ နှုတ်ဆက်လိုက်သည်။

"ဟုတ်တယ် ထန်၊ အန်တီ နေမကောင်းဘူးဆိုတာ အန်ကယ့်ဆီက သိရလို့ အန်တီ လူမမာမေးရအောင် လိုက်လာတာ၊ ဒီမှာ ထန် အန်တီ့အတွက် မာတ်စာတွေ"



www.burmeseclassic.com

www.burmeseclassic.com



"အို…ကိုလတ်ကလည်း အားနာစရာရှင်"

"မဟုတ်တာဗျာ ထန်ကလည်း၊ ဘာအားနာစရာရှိလဲ၊ ထန်တို့မိသားစုနဲ့ ကျွန်တော်တို့မိသားစုက တစ်ယောက်နဲ့တစ်ယောက် အားနာစကားပြောရမယ့်လူတွေမှ မဟုတ်တာ၊ ဒါနဲ့ အန်တီ သက်သာရဲ့လား ထန်"

"ဟုတ်ကဲ့…ဖြစ်ကာစနဲ့ဆိုရင်တော့ ခု မေမေသက်သာတယ်လို့ ပြောရမှာပေါ့၊ လာလေ ကိုလတ် မေမေ့ဆီသွားရအောင်"

ထန် ဦးဆောင်ကာ မေမေရှိရာ အပေါ်ထပ်သို့ တက်လာခဲ့လိုက်သည်။ အခန်းထဲရောက်တော့ မေမေသည် ခုတင်ပေါ်တွင် သက်တောင့်သက်သာ လှဲလျက် စိပ်ပုတီးစိပ်နေသည်။

ဒေါ်ခင်မျိုးမြတ်ကိုတွေ့တော့ မေမေသည် စိပ်ပုတီးစိပ်ခြင်းကို ရပ်ကာ ဒေါ်ခင်မျိုးမြတ်အား အပြုံးနှင့် ဆီးကြိုလိုက်၏။

"လာ…လာ ခင်"

"မမ သက်သာရဲ့လား၊ ခင်တော့ မမသတင်းကြားပြီးကတည်းက စိတ်ပူနေရတာ၊ ခုလို မမကို ပြုံးပြုံးရွှင်ရွှင်တွေ့တော့မှပဲ ခင် စိတ်အေးရတော့တယ်"





ဒေါ်တင်မမမှာ သူမလက်ကို ဆုပ်ကိုင်ဆွဲယူကာ စိုးရိမ်တကြီး ပြောနေသော ဒေါ်ခင်မျိုးမြတ်ကို အပြုံးချိုယဲ့ယဲ့နှင့် ပြန်ကြည့်ရင်း…

"ကျေးဇူးပါပဲခင်ရယ်၊ မမရောဂါကတော့ ခင် သိတဲ့အတိုင်း ခုဖြစ်လိုက်၊ ခုကောင်းလိုက်ပါပဲ၊ ဟော မောင်မောင်လတ်လည်း ပါလာတာကိုး၊ လာ…လာထိုင် သား"

ထန်နှင့်အတူ အခန်းထဲရောက်လာသည့် မောင်မောင်လတ်ကိုမြင်တော့ ဒေါ်တင်မမ နှုတ်ဆက်လိုက်သည်။

"အန်တီ နေကောင်းတယ်နော်"

"အေးကွယ်…သားရယ်၊ ကောင်းပါတယ်"

"မမသားကတော့လေ မမ နေမကောင်းဘူးဆိုတာနဲ့ စိုးရိမ်ပြီး လိုက်လာခဲ့တော့တာပဲ"

ဒေါ်ခင်မျိုးမြတ်စကားကြောင့် ဒေါ်တင်မမသည် မောင်မောင်လတ်ကို အပြုံးနှင့်ကြည့်ပြီး…

"ကျေးဇူးပါပဲ သားရယ်၊ အန်တီ့အတွက် အခုလို စိုးရိမ်ပေးတာကို၊ သားညီမလည်း အန်တီ့ကြောင့် ဒီရက်ပိုင်းမှာ အလွန်



www.burmeseclassic.com

www.burmeseclassic.com



ပျက်ရပြီလေ''

''မေမေကလည်း ဒါကိုပဲ စိတ်ထဲထားနေတယ်၊ သမီး အလုပ်က ကိစ္စမရှိပါဘူး၊ မေမေသာ ကျန်းမာဖို့ အရေးကြီးတယ်''

''ဟုတ်ပါတယ် အန်တီ၊ ထန် ပြောသလိုပါပဲ၊ အန်တီ ကျန်းမာဖို့က အရေးကြီးပါတယ်''

''အေးကွယ်...အန်တီလည်း အိပ်ရာထဲ ဒီလိုနေရတာ စိတ်ပျက်လှပြီ၊ မြန်မြန်နေကောင်းမှပဲ ဖြစ်မှာ၊ သြော် ဒါနဲ့သမီး သမီးအန်တီနဲ့ အစ်ကိုအတွက် စားစရာတစ်ခုခု စီစဉ်ပါဦးကွယ်''

''ဟာ...နေပါစေ အန်တီ၊ ဧည့်သည်တွေမှ မဟုတ်တာ၊ ထန် နေ နေ၊ ဘာမှမလုပ်နဲ့၊ ကျွန်တော်နဲ့မေမေ အိမ်ကစားလာခဲ့ ပြီးပြီ''

''ဟုတ်တယ်သမီး၊ ဘာမှမလုပ်နဲ့တော့၊ အန်တီတို့ စားခဲ့ ပြီးပြီ၊ မမကလည်းလေ ခင်တို့ကို ဧည့်သည်တွေလို ဆက်ဆံနေ ပြန်ပြီ၊ မမဘာသာ အေးအေးဆေးဆေး သက်သာသလိုနေစမ်းပါ''

ဒေါ်ခင်မျိုးမြတ်သည် အခန်းထဲမှထွက်ရန် ပြင်နေသည့် ထန့်လက်လေးကို ဆွဲယူထားရင်းက ဆိုလိုက်သည်။



''ကဲ...ဒါဆိုလည်း သမီးအစ်ကို့ကို ရောက်တုန်း ခြံထဲ အနှံ့ သမီးကပဲ လိုက်ပြပေးလိုက်ပါဦး၊ ဒီမှာ မေမေနဲ့ခင် အေးအေး ဆေးဆေး စကားပြောလိုက်ဦးမယ်''

''ဟုတ်ကဲ့ပါ မေမေ၊ လာ ကိုမောင်မောင်လတ် ထန်တို့ ခြံထဲသွားရအောင်''

လူကြီးများကို နှုတ်ဆက်ကာ ထန်နှင့် မောင်မောင်လတ် ခြံထဲသို့ ဆင်းလာခဲ့သည်။

နှစ်ယောက်သား အခန်းထဲမှ ထွက်သွားသည်။ လိုက်ဖက် ညီလွန်းလှသော ထန်နှင့်မောင်မောင်လတ်တို့ နှစ်ယောက်ကို ကျေနပ်စွာ အပြုံးနှင့် ကြည့်ကျန်ရစ်သူက ဒေါ်တင်မမနှင့် ဒေါ်ခင် မျိုးမြတ်တို့ဖြစ်သည်။

''ဘယ့်နှယ်လဲ မမ၊ သားနဲ့သမီးကတော့ အလွန်လိုက် ဖက်ညီတယ်နော်၊ ခင်ကတော့ ကလေးတွေကိစ္စကို အမြန်စီစဉ်လိုက် ချင်ပြီ''

''ဖြစ်ရမှာပေါ့ ခင်ရယ်၊ သမီးက မမစကားကို ဖယ်ရှား မယ့်သူ မဟုတ်ပါဘူး''

www.burmeseclassic.com

www.burmeseclassic.com



"ဒါကြောင့်မို့ ခင်ကလည်း ဒီလိုသမီးအလိမ္မာမျိုးကို ခင့်သမီးအရင်းလေးတစ်ယောက်လို ချစ်နေရတာပေါ့ရှင်"

"အဟင်း…ဟင်း"

လူကြီးနှစ်ယောက်မှာ နှစ်ဦးသား သဘောကျစွာ ရယ်လိုက်သည်။ ထိုအချိန် ခြံထဲက ထန်နှင့်မောင်မောင်လတ်တို့ နှစ်ဦးမှာလည်း…

"ထန်"

"ရှင်…ကိုလတ်"

ထန်မှာ မိခင်ဖြစ်သူက မောင်မောင်လတ်အား ခြံထဲလိုက်ပြပါဆို၍သာ လိုက်ပြရသည်။ စိတ်ကတော့ဖြင့် မပါလှပါ။

ရိုးသားအေးဆေးကာ လူကြီးဆန်လျက် ခင်မင်နှစ်လိုဖွယ်ကောင်းသော ကိုလတ်ကို ထန် အစ်ကိုရင်းတစ်ယောက်လို ခင်ပါသည်။

မေမေတို့လူကြီးတွေ ရည်ရွယ်ထားသည်က ဒီထက်မက ပိုမှန်းလည်း ထန် သိပါ၏။

စိတ်ကလည်း မကြာခဏ မိမိတို့နှင့် တစ်စက်လေးမှ



ကြည့်မရပါသော ဦးအောင်ဇေကို သတိရနေမိတာကြောင့် ကိုယ့်ဘာသာ ဒေါသဖြစ်၊ စိတ်ရှုပ်ရသည်မှာ မိမိဘေးတွင် ရှိနေသော ကိုလတ်ကိုပင် သတိမပြုမိအောင် ဖြစ်သွားသည်။

ရုတ်တရက် မောင်မောင်လတ်ခေါ်မှ သတိဝင်ကာ သူမဘေးတွင် မောင်မောင်လတ် ရှိနေပါလားဟူသော အတွေးဖြင့် အားနာသွားသည်။

"ထန့်ကြည့်ရတာ ပင်ပန်းနေသလိုပဲ၊ အိပ်ရေးပျက်ထားလို့လား"

"အင်း…မေမေ့ကိုစိတ်မချလို့ စောင့်ရင်းက စာထိုင်ဖတ်နေတာနဲ့ အိပ်ရေးနည်းနည်းပျက်သွားတာပါ"

"ဒါကြောင့် ထန့်မျက်နှာ မလန်းတာကိုး၊ ဒါဆိုလည်း ထန် အနားယူလိုက်ပါဦး၊ ကျွန်တော့်ကို ခြံထဲလိုက်ပြမနေပါနဲ့ဗျာ"

"အို…မဟုတ်တာရှင်၊ ထန် ဒီလောက်လည်း မပင်ပန်းပါဘူး၊ ပြီးတော့ မေမေက ကိုလတ်ကို ခြံထဲလိုက်ပြဖို့ ထန့်ကို ပြောလိုက်တာပဲ မဟုတ်လားရှင်"

"ဒါဆို ထန်က အန်တီခိုင်းလို့ တာဝန်အရ ကျွန်တော့်ကို

www.burmeseclassic.com

www.burmeseclassic.com



လိုက်ပြနေတာပေါ့ ဟုတ်လား"

"ရှင်"

ရုတ်တရက် မထင်မှတ်သော မောင်မောင်လတ်စကား ကြောင့် ထန် ကြောင်သွား၏။

"ဒီလိုလည်း မဟုတ်ပါဘူးရှင်၊ ကိုလတ်က ထန်တို့ရဲ့ မိတ်ဆွေပဲ၊ ဘာပဲပြောပြော ထန်တို့ဆီလာရင် ထန့်မှာ တာဝန်ရှိ တာပေါ့ မဟုတ်ဘူးလား"

အပြုံးလှလှလေးနှင့် ထန်ဆိုလိုက်တော့မှ မောင်မောင် လတ် မျက်နှာ ကြည်လင်သွားရကာ ထန့်ကို 'ကျွန်တော် အလ ကားစတာပါဗျာ'ဟု ပြော၏။

ထန်ကတော့ အရောင်စုံ အသွေးစုံသည့် ပန်းဥယျာဉ်ကြီး ကို ကြည့်ပြီး နောက်ထပ်စကားမဆိုဖြစ်ပါ။

ရောင်စုံသွေးစုံနှင့် ပန်းပေါင်းစုံသည့် ပန်းဥယျာဉ်ကြီးထဲ ဝယ် ပျားပိတုန်းတွေကလည်း ဟိုဒီပျံဝဲလျက် ဝတ်ရည်သောက်သုံး နေကြ၏။

ဒါပေမဲ့ ဘယ်ပန်းပေါ် နားမည်ဆိုတာတော့ သူတို့စဉ်းစား



နေဆဲပင်။ ဥယျာဉ်အတွင်း ပန်းလေးတွေဟာ အရောင်အသွေး စုံလှသလို ပျားပိတုန်းတွေကလည်း သူတို့ဝတ်ရည်သောက်သုံးရ မည့် ပန်းကို စိတ်ကြိုက်ရှာဖွေနေ၏။

ပန်းလေးတွေမှာ သူတို့ပေါ် ပျားပိတုန်းတွေ နားသည်ကို လက်ခံသဘောကျတာရှိသလို၊ သဘောမကျသည့် ပန်းလေးတွေ လည်း ရှိလိမ့်မည်။

သေချာသည်ကတော့ ပန်းမှန်လျှင် ပျားပိတုန်းတွေ ပျံဝဲ မှာကတော့ အသေအချာပင်ဖြစ်သည်။

ဒီသဘာဝတရားကို ဘယ်ပန်းလေးမှ လွန်ဆန်၍မရနိုင်။

◆ ◆ ◆

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂)

ထန်တစ်ယောက် မနက်အစောကြီးကတည်းက နိုးနေဖြစ်၏။ ညကလည်း တစ်ညလုံး ကောင်းကောင်းအိပ်လို့မရခဲ့။ တစ်ညလုံးလိုလို ထန်သည် ဦးအောင်ဇေနှင့် ပတ်သက်သည့် အကြောင်းများကိုသာ စိတ်မှာ တွေးဖြစ်နေသည်။

ထန်သည် မေမေ့ကျန်းမာရေးကြောင့် အလုပ်ရက်ပျက်ထားသည်က များနေပြီဖြစ်သည်။

သည့်အတွက်လည်း ထန် ကုမ္ပဏီမှ လူကြီးများကို အားနာရသည်။

ထန့်အတွက် မေမေ့ကျန်းမာရေးက ပို၍အရေးကြီးသည်မို့ ထန် အားနာရုံကလွဲပြီး ဘာမှမတတ်နိုင်ခဲ့ပါ။



သည်ကြားထဲ ဦးအောင်ဇေကြောင့် ထန် ပို၍စိတ်ညစ်ရသည်။

ဒီနေ့ စီးပွားရေးလောကတွင် အောင်မြင်နေသော ကုမ္ပဏီတစ်ခု၏ မန်နေဂျင်းဒါရိုက်တာတစ်ယောက်ဖြစ်သော ဦးအောင်ဇေ ထန့်ကို အရိပ်တကြည့်ကြည့်နှင့် ရှိနေတတ်သည်မို့ ထန် စိတ်ရှုပ်အနေခက်ပါသည်။

ဖြစ်နိုင်လျှင် ထန် သူနှင့် မတွေ့လို၊ မဆုံလိုပါ။

မတွေ့ဆုံလို့ကလည်း မဖြစ်။

ဦးအောင်ဇေဆိုတာက ထန် အလုပ်လုပ်နေသော ကုမ္ပဏီပိုင်ရှင် လူကြီးတစ်ယောက် ဖြစ်သောကြောင့်ပင် ဖြစ်သည်။

အလုပ်ကို ထန် လာသာလာခဲ့ရပါသည်။ စိတ်ကတော့ ဖြင့် မပါ။ ထန် အလုပ်ဆင်းသည်ကို မြင်ပါက ဦးအောင်ဇေသည် သူ့စကားကို နားထောင်သည်လို့ ထင်နိုင်သလို ဒီလိုအထင်မခံနိုင်၍ ထန် အလုပ်မလာဘဲ နေပြန်ရင်လည်း ဦးအောင်ဇေသည် သူ့မဆီကို လိုက်မလာဟု ဘယ်သူမှမပြောနိုင်။

ထန် မေမေ့ကို ဘယ်လိုမှ ရှင်းပြလို့ရတော့မည်မဟုတ်။

www.burmeseclassic.com

www.burmeseclassic.com



ထန် ရှင်းပြနိုင်သည်ထားဦးတော့ မေမေသည် ထန့်စကားကို ဘယ်လိုမှ လက်ခံယုံကြည်မည်မဟုတ်သလို ထန့်ကိုလည်း မေမေသည် အလုပ်လုပ်ခွင့် ပေးတော့မည်မဟုတ်ပါ။

ထိုသို့ဖြစ်ရလောက်အောင်လည်း ဦးအောင်ဇေဆိုတာက မေမေတို့နှင့် ဆွေစဉ်မျိုးဆက် မတည့်ခဲ့သော မိမိတို့ ဆွေစဉ်မျိုးဆက် ရန်သူတော်၏သား ဖြစ်သည်။

ထန်သာ ဦးအောင်ဇေကုမ္ပဏီတွင် အလုပ်လုပ်နေသည်ကို မေမေသိပါက ထန့်အတွက် မေမေသည် ဘယ်လောက် ရင်ပူရှာ စိုးရိမ်လိမ့်မည်မသိပါ။

ထို့ကြောင့်လည်း ဦးအောင်ဇေနှင့် မေမေ့ကို ထန်သည် ဘယ်နည်းနှင့်မှ အတွေ့ခံလို့မဖြစ်ပေ။

တွေ့ရအောင်ကလည်း သူနှင့်သူမဟာ ဘာမှမဟုတ်။ နောက်ဆုံး ထန် သူဘယ်လိုထင်ထင်၊ သူ့ထင်မြင်ချက်ကို ဂရုမစိုက်တော့ဘဲ အလုပ်ကိုလာရန် ဆုံးဖြတ်ခဲ့ခြင်းဖြစ်သည်။

ဒါကလည်း သူ့စကားကို နားထောင်၍မဟုတ်ပါ။ သူမအတွက် အလုပ်ပျက်ရက်တွေ များနေသောကြောင့် ဖြစ်သည်။





ခါတိုင်းထက် ထန် အလုပ်ကို စောရောက်နေ၍လား မသိပါ။ ကုမ္ပဏီတွင် ဝန်ထမ်းများ သိပ်မရောက်သေးပေ။ နောက်ဆုံး ချိုချိုပင် ကုမ္ပဏီကို မရောက်သေး။

ထန် သူမအလုပ်စားပွဲတွင် ထိုင်ရင်းက သူမလုပ်ရမည့် အလုပ်ကြွေးကျန်များကို လုပ်ရင်း ချိုချိုကို စောင့်နေလိုက်သည်။

"ထန်"

"အမေ့"

"ဟင်…ရှင်"

အနားကပ် ခေါ်လိုက်သံကြောင့် ထန် ရုတ်တရက် လန့်သွားရသလိုမျိုး မော့ကြည့်လိုက်တော့ သူမအနားတွင် ဘယ် အချိန်ကတည်းက ရောက်နေသည်မသိသော ဦးအောင်ဇေက ထန့်ကို ခပ်ပြုံးပြုံး စိုက်ကြည့်နေ၏။

ထန်မှာ သူ့ကိုတွေ့လိုက်ရသောကြောင့် မျက်နှာလေး ပျက်သွားရတဲ့အထိ စိတ်ညစ်သွားရကာ မျက်ဝန်းလေးလည်း အလိုလို လွှဲသွားသည်။

ကုမ္ပဏီပိုင်ရှင် မန်နေးဂျင်းဒါရိုက်တာတစ်ယောက်ဖြစ်



www.burmeseclassic.com

www.burmeseclassic.com



သော သူသည် အလုပ်ကို ဘာကြောင့်များ စောစီးစွာ ရောက်နေသည်မသိပါ။

အချိန်က စောသေးသည်မို့ ကုမ္ပဏီဝန်ထမ်းတွေက သိပ်မရောက်သေးပေ။ ထိုအထဲတွင် ချိုချိုလည်း အပါအဝင်ဖြစ်သည်။

ထန်မှာ သူနှင့်ယခုလို နှစ်ယောက်တည်း ရှိနေရခြင်းကို စိတ်မှာ မနှစ်သက်သည်မို့ သူမအကြည့်လေးများက ကုမ္ပဏီတံခါးဝကိုသာ မကြာခဏ ရောက်ရှိလျက် ချိုချိုအလာကို မျှော်နေမိသည်။

"ထန်…ဘယ်သူ့ကို မျှော်နေတာလဲ"

"အို…ရှင်ဘယ်လိုလူလဲ၊ သူများကိစ္စ စပ်စုလှချည်လား"

"အဟွန်း…စပ်စုတာမဟုတ်ပါဘူးဗျာ၊ ထန် ချိုချို့ကို မျှော်နေတာဆိုရင်တော့ မမျှော်နဲ့တော့လို့ ကိုယ်က ပြောမလို့ပါ"

"ဟင်…ရှင် ဘာပြောတာလဲ"

ထန်မှာ သူ့စကားကို နားမလည်သလို မေးလိုက်သည်။



ထိုအခါ ဦးအောင်ဖေထံမှ ခပ်လွန့်လွန့် ပြုံးသွားရပြီး…

"ချိုချို မနေ့ကတည်းက ခွင့်ယူထားတယ်၊ ဘာကြောင့်မှန်းတော့ ကိုယ်လည်းမသိဘူး၊ ဒါနဲ့ ထန် ဒီရက်တွေမှာ ဘာလို့ အလုပ်ကိုမလာတာလဲ"

"ဒါ…ထန့်ကိစ္စပါ"

ထန်၏ ဘုတောစကားကြောင့် အောင်ဖေ မေးတွဲလေး ချိုင့်ဝင်သွားအောင် ပြုံးလိုက်ပြီး…

"အဟွန်း…ဟွန်း ဟုတ်ပါပြီဗျာ၊ ထန့်ကိစ္စကို ကိုယ့်ကိစ္စလို့လည်း မပြောပါဘူး၊ ထန် အခုလို အလုပ်ဆင်းတာကို မြင်ရရင်ပဲ ကိုယ်ကျေနပ်ပါပြီ"

"အို"

ထန့်မျက်နှာလေးကို အကြည့်တစ်မျိုးနှင့်ကြည့်ကာ ပြောလိုက်သည့် သူ့စကားကြောင့် ထန့်မျက်နှာလေး ရဲသွားရပြီးနောက် သူ့အကြည့်များကို ရှောင်လွှဲလိုက်၏။

"ထန် လုပ်စရာအလုပ်တွေရှိသေးတယ်"

"ဘာလဲ…ဒါက ကိုယ့်ကို မင်းအနားမှာ မရှိစေချင်ဘူး

www.burmeseclassic.com

www.burmeseclassic.com



သဘောလား”

ထန် မဖြေ။

သူ့စကားက ပွင့်လင်းလွန်းတာမို့ ထန် ငြိမ်နေလိုက်သည်။

“ကဲ…ကဲ ထန် လုပ်စရာရှိတာကို လုပ်ပါ၊ ထန် အလုပ်လာတာကိုမြင်ရတော့ ကိုယ် စိတ်အေးရပါပြီ၊ ကိုယ်သွားမယ်”

ပြောပြောဆိုဆို ထန့်မျက်နှာလေးကို သူ တစ်ချက်စူးခနဲကြည့်ပြီးနောက် ထန့်အနားမှ ထွက်သွားသည်။

ထန်မှာသာ သူပြောသွားသည့် စကားများကြောင့် စိတ်ရှုပ်ထွေးစွာ ကျန်ခဲ့သည်။

ဘုရားရေ။ ဒီလူတော့ ထန့်ကို ဘယ်လိုပြောသွားတာပါလိမ့်။ ပြီးတော့ သူ့စကားကရော ဘာအဓိပ္ပာယ်တဲ့လဲ။

ထန် နားမလည်နိုင်တော့ပါ။

နားလည်းမလည်ချင်။

ရင်ထဲမှာတော့ ထန် သူ့အကြည့်၊ သူ့အပြောများကြောင့် စိတ်မှာ တစ်မျိုးကြီးဖြစ်သွား၏။

အရေးဟယ် အကြောင်းရယ်ဆို တိုင်ပင်ဖော်တိုင်ပင်ဖက်





ဖြစ်သည့် ချိုချိုကလည်း သူမအနားတွင်မရှိ။

ဒီနေ့မှ သိသိသာသာ ထူးခြားနေရသည့် ဦးအောင်ဇေ၏ အပြုအမူ၊ အပြောအဆိုများကြောင့် ထန် အံ့ဩတုန်လှုပ်လျက် သူ့အပြုအမူများကိုလည်း ထန် မနှစ်မြို့ပါ။

သူ့နဲ့ထန် မပတ်သက်ချင်။

အတွေးများနှင့် ချာချာလည်လျက် ထန် အလုပ်ကို လုပ်နေသည်။

“ထန်…သူဌေးက အလုပ်ကိစ္စရှိလို့ သူနဲ့အတူလိုက်ခဲ့ဖို့ အသင့်ပြင်ထားပါတဲ့၊ ခဏနေ သူဌေးဆင်းလာလိမ့်မယ်၊ ထန် အသင့်ပြင်ထားလိုက်ပါ”

“ရှင်”

ထန် ဘာစကားမှ မပြောရသေးခင် ထန့်အား လာပြောသည့် စာရင်းကိုင် မနွယ်နီသည် သူမပြောစရာရှိတာများကို ပြောပြီး အနားမှထွက်သွားပြီ ဖြစ်သည်။

မကြာလိုက်။ ဦးအောင်ဇေ သူ့ရုံးခန်းရှိရာ ကုမ္ပဏီအပေါ်ထပ်မှ ဆင်းလာကာ ထန့်အနားသို့ ရောက်လာသည်။



www.burmeseclassic.com

www.burmeseclassic.com



"အခင်သင့်ပဲလား ထန်၊ ပြီးရင် သွားမယ်"

"ဟုတ်ကဲ့"

ဦးအောင်ဇေနှင့်ထန်တို့ နှစ်ဦးအား မသိမသာ အကဲခတ်နေသော အကြည့်များအောက်တွင် ထန် သူ့အား ဘာစကားမှ မပြောတော့ဘဲ သူမအတွက် လိုအပ်သည်များယူကာ ဦးအောင်ဇေနောက်သို့ လိုက်လာခဲ့သည်။

ကုမ္ပဏီမှ ဦးအောင်ဇေမောင်းလာသည့် ကားလေး လမ်းပေါ်သို့ ရောက်သည်ဆိုရင်ပဲ ထန် သူမစိတ်ထဲ သိချင်နေရသည့်ကိစ္စကို မအောင့်နိုင်တော့ဘဲ...

"ရှင်...ထန့်ကို ဘာကိစ္စ အခုလိုခေါ်လာရတာလဲ ဦးအောင်ဇေ"

"ဗျာ"

သူမစကားကို နားမလည်သလို ပြောလိုက်သော ဦးအောင်ဇေစကားကြောင့် ထန် မျက်နှာလေး တင်းသွားသည်။

"ရှင်နော်...ဘာအကြောင်းကြောင်း လုပ်နေတာလဲ၊ စောစောက ကုမ္ပဏီမှာ လူတွေရှေ့မှာမို့ ထန် ဘာမှမပြောချင်လို့၊



ရှင် ဘာရည်ရွယ်ချက်နဲ့ ထန့်ကို အခုလိုခေါ်လာရတာလဲ"

မျက်နှက်ဝန်း စူးစူးတောက်တောက်လေးနှင့် သူ့အား စိတ်ဆိုးမာန်ဆိုး ကလေးဆိုးတစ်ယောက်နှယ် ကြည့်နေသော ထန့်ကို အောင်ဇေ ခပ်ပြုံးပြုံး ကြည့်လိုက်၏။

"ထန် ကိုယ့်ကို စိတ်ဆိုးလား၊ ထန် စိတ်ဆိုးအောင်လည်း ကိုယ်ဘာမှမလုပ်ရပါလား"

သူ့ကိုယ်သူ ဘာအပြစ်မှ မလုပ်ထားသလို တည်တည်ငြိမ်ငြိမ် အေးအေးဆေးဆေး ပြန်မေးနေသော ဦးအောင်ဇေပုံစံကို ကြည့်ပြီး ထန် မကျေနပ်။

"ရှင့်မှာ ရှင့်စက္ကူထရီရှိရက်နဲ့ ထန့်ကို ခုလိုခေါ်လာတာ ဘာသဘောလဲ"

"ထန်နဲ့ တွေ့ချင်တဲ့သဘောပေါ့"

"ဟင်"

ရုတ်တရက်တော့ဖြင့် ထန် သူ့စကားကို နားမလည်နိုင်အောင် ဖြစ်သွားသည်။

"ကိုယ် ထန်နဲ့ အေးအေးဆေးဆေး စကားပြောချင်တယ်"

www.burmeseclassic.com

www.burmeseclassic.com



ဦးအောင်ဇေစကားကြောင့် ထန့်မျက်နှာလေး ရဲသွားရကာ

"ရှင်နဲ့ ဘာစကားမှ မပြောချင်ဘူး၊ ပြောစရာလည်းမရှိဘူး၊ ထန့်ကို ကုမ္ပဏီကို အခုပြန်ပို့ပေးပါ"

"အခုမှ ကုမ္ပဏီက ထွက်လာတယ်၊ အခု မင်းကို ကုမ္ပဏီ ပြန်ပို့ပေးရမယ်ဆို ကိုယ်ဘာဖြစ်သွားမလဲ၊ ပြီးတော့ ဝန်ထမ်းတွေကကော ကိုယ်တို့နှစ်ယောက်ကို ဘယ်လိုထင်မလဲ"

သူ့စကားကြောင့် ထန် ငြိမ်သွားသည်။

ဦးအောင်ဇေပြောတာလည်း မမှား။ သူမတို့နှစ်ယောက် အခုချက်ချင်း ကုမ္ပဏီကို ပြန်သွားပါက ကုမ္ပဏီရှိ ဝန်ထမ်းအားလုံး၏ စူးစမ်းသည့်အကြည့်များက သူမတို့နှစ်ယောက်ထံ မလွဲမသွေ ရောက်ရှိလာကြမှာက အမှန်ဖြစ်သည်။

သည်အကြည့်မျိုးကိုတော့ဖြင့် ထန် အကြည့်မခံနိုင်ပါ။

"ဘာမှစဉ်းစားမနေပါနဲ့ ထန်၊ ကိုယ် မင်းကို စကားပြောချင်ရုံသက်သက်ပါ"

ထန့်ထံက မည်သည့်စကားသံမှ ထွက်မလာတော့ပါ။ မျက်ဝန်းတည်တည်စူးစူးလေးကို ရှေ့သို့သာပို့လျှက် လူက မလှုပ်



မယှက် သူခေါ်ရာနောက်ကို ပါလာခဲ့ရသည်။

"ထန်...ဆင်းပါဦး၊ ကိုယ်တို့ အေးအေးဆေးဆေး စကားပြောကြရအောင်"

ထန် ထိုင်သည့်ဘက်မှ ကားတံခါးကိုဖွင့်ပေးကာ ပြောလိုက်သည့် သူ့အသံကိုကြားမှ ထန် အသိနှင့်ကိုယ် ပြန်လည်ကပ်သွားရသလို ဖြစ်သွားရပြီး သူမအကြည့်လေးများက ယခုမှ ဘေးပတ်ဝန်းကျင်ကို သတိထားမိသွားရသည်။

"လာ...ထန်၊ ဒီနေရာလေးက အေးဆေးတယ်၊ စကားပြောလို့လည်း ကောင်းတယ်၊ ဆင်း"

ထန့်လက်လေးကို ဆွဲယူတော့မတတ် ပိုင်စိုးပိုင်နင်း ဆန်လွန်းလှသော ဦးအောင်ဇေစကားကြောင့် ထန်မျက်နှာလေး ရဲခနဲဖြစ်သွားသည်။

သူခေါ်လာသည့် ဆိုင်လေးက ပတ်ဝန်းကျင်က အေးချမ်းတိတ်ဆိတ်ပေမယ့် လူသူသိပ်မရှိပါ။ ရှိပြန်တော့လည်း အတွဲတွေသာ များ၏။

ထန့်ကို သူ ဘာလို့ ဒီနေရာကို ခေါ်လာရသည်မသိပါ။

www.burmeseclassic.com

www.burmeseclassic.com



ထန် ဘေးပတ်ဝန်းကျင်ကို အကြည့်များကိုလွှဲလျက် ကားပေါ်က ဆင်းခဲ့သည်။

ကားပေါ်က ဆင်းလာသည့် သူတို့နှစ်ဦးကို ကြည့်ပြီး ဆိုင်ထဲရှိ လူများက အားကျသည့်အကြည့်၊ လိုက်ဖက်ညီလွန်းသည့် အကြည့်များဖြင့် ကြည့်နေသည်ကိုတော့ ထန် မမြင်မတွေ့ပါပေ။

ထန် ယခုလိုမျိုး သူစိမ်းယောကျ်ားတစ်ယောက်နှင့် အတူ နှစ်ယောက်တည်း ဘယ်ကိုမှ မသွားဘူး၊ မလာဘူးသည်မို့ ယခုလို ဦးအောင်ဇေနှင့် နှစ်ယောက်တည်း လာရသောအခါ ထန် အနေရ ခက်စွာ အကြည့်လေးများက ပတ်ဝန်းကျင်ကို မရောက်တော့ဘဲ ခေါင်းငုံ့အကြည့်လွှဲလျက်။

"ထန် ဘာသောက်မလဲ"

"ဟင့်အင်း...ဘာမှမသောက်ဘူး"

"တစ်ခုခုတော့ သောက်ရမှာပေါ့"

ပြောပြီး သူ့ဘာသာသူပင် ဦးအောင်ဇေ မှာလိုက်သည်။

ထန် သူမှာသမျှကို ဘာမှမပြောဘဲ ဒီအတိုင်းကြည့်နေလေ၏။ တကယ်တော့ ထန် သူနှင့်အတူ အခုလိုရှိနေရခြင်းအပေါ်





သူမလိပ်ပြာကိုလည်း သူမ မလုံနိုင်ပါ။

ဦးအောင်ဇေဆိုတာက ထန်တို့မိသားစုနှင့် ဆွေစဉ်မျိုးဆက် ရန်ငြိုးရှိခဲ့သူဖြစ်သည်။ ဒါကို ထန် မသိမဟုတ်၊ သိပါသည်။ သိ၍လည်း ထန် ဒီလူတစ်ယောက်ကို သူမဘက်က တတ်နိုင်သလောက် ကြိုးစား၍ ရှောင်ခဲ့သည်။

ကျောင်းတော်က ရန်စရှိခဲ့သူများမို့ ကြိုးစား၍ ရှောင်နေသည့်ကြားက သူမအလုပ်လုပ်သည့်အချိန် အလုပ်ခွင်ဝင်သည့် အချိန်မှာမှ ကံကြံဖန်ဖန် တိုက်တိုက်ဆိုင်ဆိုင်လို့ ပြောရမလားမသိပါ။ သူရှိရာကုမ္ပဏီကိုမှ ထန် ဝင်ပြီးအလုပ်လုပ်ဖြစ်သည့်အဖြစ်။

အစကတော့ဖြင့် ထန်လည်း သူမ အလုပ်လုပ်နေသော ကုမ္ပဏီပိုင်ရှင်သည် ဦးအောင်ဇေ ဖြစ်လိမ့်မည်လို့ မထင်ခဲ့။

သူပိုင်ကုမ္ပဏီမှန်း ထန် သိပါကလည်း ထန် ဒီအလုပ်ကို စပြီး လုပ်ဖြစ်လိမ့်မည်မဟုတ်။

ခက်သည်က ဒီအလုပ်က ထန်ကိုယ်တိုင် သူမစိတ်ကြိုက် ရွေးချယ်ခဲ့သည့်အလုပ်မို့ သူမအလုပ်ရှင်သည် သူမှန်းသိပေမယ့်လည်း ထန် အလုပ်က မထွက်ဖြစ်ခဲ့ပါ။



www.burmeseclassic.com

www.burmeseclassic.com



ထန်၏အလုပ်ရှင်သည် ထန်တို့မိသားစုနှင့် ဆွေစဉ်မျိုးဆက် ရန်ငြိုးရှိခဲ့သည့် မိသားစုမှ ဦးအောင်ဇေဆိုတာကိုတော့ မေမေ့အား နည်းနည်းလေးမှ ထန် အသိမပေးရဲခဲ့ပါ။

သိ၍လည်း မဖြစ်ပါ။ မေမေသာ ဒီအကြောင်းသိလျှင် ထန့်ကို မိနစ်၊ စက္ကန့်မဆိုင်း ချက်ချင်းပင် အလုပ်က ထွက်ခိုင်းမည်ဖြစ်သည်။ ဒီအဖြစ်မျိုးကိုလည်း ထန် အဖြစ်မခံနိုင်သေးပါ။

သည်အလုပ်သည် ထန် စိတ်ကြိုက် ကိုယ်တိုင်ရွေးချယ်ခဲ့သော အလုပ်ဖြစ်နေသည်။

"ထန် ဒီရက်တွေခွင့်ယူတာ ထန့်မေမေ နေမကောင်းလို့ဆို ဟုတ်လား"

"ရှင်ဘယ်လိုသိလဲ"

"အဟွန်း…ကိုယ့်ကုမ္ပဏီဝန်ထမ်းအကြောင်းကို ကိုယ်သိတာ မဆန်းပါဘူးကွာ"

သူ့စကားကြောင့် ထန် နှုတ်ပိတ်နေလိုက်သည်။

"ရှင့်အတွက် မဆန်းပေမယ့် ကျွန်မအတွက်တော့ ဆန်းတယ် ဦးအောင်ဇေ၊ ကျွန်မ ရှင့်ကုမ္ပဏီမှာ အလုပ်လုပ်နေတာ





မေမေ မသိဘူး၊ အဲလိုပဲ ဖေဖေ မသိဘူး"

"လူကြီးတွေရဲ့ အငြိုးအတေး အမုန်းတွေဟာ ကိုယ်တို့လူငယ်တွေဆီထိ ပါလာခဲ့တာ ကိုယ်နည်းနည်းမှ မကျေနပ်ဘူး၊ လူကြီးတွေရဲ့ ဒီရန်စကြောင့်လည်း ကျောင်းတက်ခဲ့စဉ်တစ်လျှောက်လုံး ထန် ကိုယ့်ကို ရှောင်နေခဲ့တယ်၊ ကိုယ်နဲ့ပတ်သက်မှာကို ထန် ကြောက်နေခဲ့တယ်ဆိုတာ ကိုယ်သိတယ်၊ ဒါပေမဲ့ ကိုယ်ကတော့ မကြောက်ခဲ့ဘူး၊ ထန်နဲ့ဆုံနိုင်အောင် ဆုံနိုင်ခွင့်ရအောင် ကိုယ့်ဘက်က ကြိုးစားခဲ့တာလည်း ထန် သိပါတယ်"

သိပါသည်။ ထန် ကျောင်းတက်ခဲ့စဉ်တစ်လျှောက်လုံးမှာ အောင်ဇေဆိုသည့် ဒီယောကျ်ားသည် ထန့်ကို မဆုံဆုံနိုင်အောင် သူ့ဘက်က နည်းမျိုးစုံသုံး ကြိုးစားခဲ့သည်ကို ထန် သိပါ၏။

ထန်ဘက်ကတော့ သူနှင့်ပတ်သက်မှာကို နည်းနည်းမှ မလိုလားခဲ့ပါ။ ညအိပ်ရာဝင် ပုံပြင်တစ်ပုဒ်လို မေမေ အမြဲတမ်း ပြောပြခဲ့သည့် အောင်ဇေမိသားစုနှင့် ဆွေစဉ်မျိုးဆက် ဖြစ်ခဲ့ရသော ကျောင်းတော်ရန်စကြောင့် ထန် သည်တစ်ခုကို အလိုလိုရှောင်ဖယ်ခဲ့ကာ သူနှင့်ပတ်သက်မှာကိုပင် ထန် ရင်မှာ အလိုလို စိုးရိမ်ခဲ့ရ



www.burmeseclassic.com

www.burmeseclassic.com



သည့်အဖြစ်။

ဒါတွေကြောင့်လည်း ထန် ဒီလူတစ်ယောက်နှင့် လုံးဝ မပတ်သက်အောင် နေခဲ့သည်။

ထိုသို့ နေခဲ့သည့်ကြားကပင် ယခု ကျောင်းပြီး၍ အလုပ်ခွင်ဝင်ကာမှ သူနှင့် ကြုံကြုံဖန်ဖန် လာဆုံနေရသည့်အဖြစ်ကလည်း အံ့ဩစရာတော့ ကောင်းလွန်းသည်။

တကယ်ဆို ထန် သူနှင့် ယခုလိုမျိုး နှစ်ယောက်အတူတူ မျက်နှာချင်းဆိုင်စရာ ဘာအကြောင်းမှ မရှိခဲ့ပါ။ ဒါက သူမ သူနှင့် မပတ်သက်လျှင် ဖြစ်၏။

ယခု ထန်ဆိုတာက သူပိုင်ကုမ္ပဏီတွင် အလုပ်လုပ်နေသည့် သူ့ဝန်ထမ်းတစ်ယောက်။ ပြီးတော့ အောင်ဇေဆိုတာက လောလောဆယ် သူမ၏အလုပ်ရှင်။

ထန်နှင့်သူ့အကြား အလုပ်ရှင်နှင့် အလုပ်သမားဟူသော ဆက်သွယ်မှုဖြင့် တစ်ယောက်နှင့်တစ်ယောက် ဘယ်လိုမှ ရှောင်လွှဲလို့မရအောင် ရှိနေသည်။

သည်အဖြစ်ကို ထန် စိတ်ပျက်ရပေမယ့်လည်း ဒီအခြေ





အနေကို မလွန်ဆန်နိုင်ခဲ့။

"ထန့်မေမေ နေမကောင်းတာ ကိုယ်လုံးဝမသိခဲ့ဘူး"

"သိအောင်လည်း မကြိုးစားပါနဲ့ ဦးအောင်ဇေ၊ အထူးသဖြင့် မနေ့ကလို အပြုအမူမျိုး ရှင့်ဘက်က ရှောင်ပါ၊ ဒီလိုအဖြစ်နောက်မရှိပါစေနဲ့၊ ကျွန်မအလုပ်ရှင်ဟာ ရှင်မှန်း မေမေသိရင် ကျွန်မကို ဘယ်လိုမှ အလုပ်လာခွင့်ပေးမှာ မဟုတ်ဘူးဆိုတာတော့ ရှင်လည်း တွေးမိမှာပါနော်"

ထိုစကားကို ထန် အလေးအနက် ဆိုလိုက်ခြင်းဖြစ်သည်။

"ဆောရီးပဲ ထန်၊ ထန့်ဆီက ဖုန်းဆက်တော့လည်း ဖုန်းမကိုင်ဘူးဆိုတော့ စိတ်ပူသွားလို့ပါ၊ နောက် ထန်မကြိုက်တာ မလုပ်ဖြစ်အောင် ကိုယ်ကြိုးစားမယ်၊ ဟုတ်ပြီလား"

ထန့်မျက်နှာလေးကို စူးစူးစိုက်စိုက်ကြည့်ကာ တောင်းပန်စကားဆိုနေသူကို ထန် ဘာစကားမှ မပြောမိပါ။

သူနှင့်သူမကြားတွင် ဒီထက်ပို၍ ပြောရန်စကားလည်း မရှိခဲ့ပါ။

"ထန်"



www.burmeseclassic.com

www.burmeseclassic.com



"ဒီကိစ္စအတွက် ကျွန်မကို စကားပြောဖို့ ခေါ်လာတယ် ဆိုရင် ကျွန်မ ပြန်ပါရစေတော့"

"ဘာဖြစ်လို့လဲ ထန်၊ ကိုယ့်ကို ထန် စိတ်ဆိုးနေလို့လား"

"အဲဒီစကားက ရှင်နဲ့ကျွန်မကြားမှာ အသုံးမလိုပါဘူး ဦးအောင်ဇေ၊ ဘာကြောင့်လဲဆိုတော့ ကျွန်မတို့နှစ်ယောက်ဟာ အစ ကတည်းက စည်းတစ်ဖက်က လူတွေဆိုတာ ရှင်လည်းသိနေတာ ပဲ"

"ထန်"

"ကျေးဇူးပြုပြီး ကျွန်မကို ပြန်ပို့ပေးပါတော့ ဦးအောင်ဇေ၊ ကျွန်မ ကုမ္ပဏီအပေါ်မှာ တာဝန်ကျေပါရစေ"

ရှေ့ဆက်လာမည့် သူ့စကားကို ထန် နည်းနည်းမှ လက်မခံတော့။ အောင်ဇေမှာ နှင့်ဖြာသွားသည်။

ထန် သူ့အပေါ် စိမ်းကားလွန်းသည်မှာ အခုမှမဟုတ်။ ကျောင်းမှာကတည်းကပင် ဖြစ်သည်။

မေဂျာချင်း မတူပေမယ့်လည်း ကျောင်းအတူတူတက်ခဲ့ သည့် တစ်လျှောက်ဝယ် ထန် သူ့ကို သူမအနားရှိသည်လို့ အသိ





အမှတ်ပြုခဲ့သူမဟုတ်ပါ။

ပြည့်စုံခြင်းအတိနှင့် ယောကျာ်းပီသကာ တည်ကြည်ခန့် ညားလွန်းသော အောင်ဇေသည် သူ့အနားတွင် မရှုးခင်ကပင် ညွှတ်နေကြသည့် မိန်းမချော၊ မိန်းမလှပေါင်းများစွာ ရှိပေမယ့် လည်း သူမဆိုသည့် ထန်ကတော့ သူ့ကို နည်းနည်းလေးမှ အရေး မလုပ်ခဲ့။

ဆွေစဉ်မျိုးဆက် မိသားစုဖြစ်ခဲ့သည့် ပြဿနာကို ထန် ခေတ်လူငယ်ပီပီ အမြင်ရှင်းရှင်းနှင့် မကြည့်ဘဲ သူမလက်ထက် အထိ လက်ဆင့်ကမ်းချင်ပုံရ၏။

သူ့ကိုတွေ့သည်နှင့် ထန် မတူသလို၊ မတန်သလို အရေး မလုပ် အဖက်မတန်သလို အပြုအမူ အမူအရာနှင့် ခပ်စိမ်းစိမ်းကြည့် တတ်ပုံက ဆွေစဉ်မျိုးဆက်က ဖြစ်လာသည့် ပြဿနာကို သူမရင်ထဲ ထည့်ထားသည့်ပုံပင်။

သည်လိုဆိုရင်ဖြင့် သူမသည် ခေတ်လူငယ်မပီသစွာ ရှေးဆန်လွန်းသော အတွေးအခေါ်နှင့် အမြင်ကျဉ်းသည်လို့ပင် ပြောရ တော့မည်။



www.burmeseclassic.com

www.burmeseclassic.com



မိသားစုနှစ်စု ဆွေစဉ်မျိုးဆက် ပြဿနာဖြစ်လာသည်ဆို ပေမယ့် ယခု သူတို့မိသားစုလက်ထက်မှာတော့ တစ်မိသားစုနှင့် တစ်မိသားစု ဘာပြဿနာမှ မရှိဘဲ အေးအေးချမ်းချမ်း ရှိခဲ့သည်ကို လည်း သူမ မသိမဟုတ်။ သိပါသည်။

ဒါနဲ့တောင် သူ့ကိုတွေ့ရင် ရန်သူကြီးတစ်ယောက်လို အကြည့်စိမ်းစိမ်း ရန်သူကြီးလို ကြည့်တတ်ပုံကတော့ ထန့်အလွန် ဟု ဆိုချင်သည်။

သို့ပေမယ့်လည်း အောင်ဖေ သူမကို လွန်သည်လို့ သွား မပြောရဲပါ။

အောင်ဖေ ထန့်အမုန်းကိုလည်း မလိုလား။

"ထန် ဘာဖြစ်လို့ ကိုယ့်အပေါ် ဒီလောက်စိမ်းနေရတာ လဲ၊ ထန် ခေတ်လူငယ်ပဲ၊ ဆွေစဉ်မျိုးဆက် ဖြစ်ခဲ့ရတဲ့ အမုန်းအငြိုး တွေကို ကိုယ်တို့လက်ထက်အထိ ထန် ဘာလို့ယူလာခဲ့ချင်ရတာလဲ၊ ဒီအဖြစ်က ထန့်အတွက်ရော ကိုယ့်အတွက်ပါ ဘယ်လောက် ပင်ပန်းစေရတယ်ဆိုတာ ထန် စဉ်းစားမိရဲ့လား"

"ဒါပေမဲ့ ဒီအဖြစ်တွေကို ကျွန်မတို့နှစ်ယောက်လုံး





မေ့ထားလို့မှ မရဘဲ"

"မေ့လို့မရပေမယ့် မေ့ပစ်ရမယ် ထန်၊ ဘာဖြစ်လို့လဲဆို တော့ ဒီပြဿနာက ကိုယ်တို့ကြောင့် ဖြစ်ခဲ့တဲ့ ပြဿနာမဟုတ်ဘူး၊ ပြီးတော့ ဒါတွေအားလုံးဟာလည်း အတိတ်မှာပြီးခဲ့ပြီ၊ ဒါကို ထန် လက်ခံစမ်းပါ"

"ကျွန်မ လက်ခံဖို့ထက် ကျွန်မမိဘတွေ လက်ခံဖို့က ပိုအရေးကြီးပါတယ် ဦးအောင်ဖေ"

"ဒီကိစ္စကြောင့် ကိုယ်ကတော့ ထန့်ကို မပင်ပန်းစေချင် ဘူး"

"ဘယ်သူကရော ပင်ပန်းချင်မှာလဲ ဦးအောင်ဖေ၊ ဒါတွေ အားလုံးဟာ ရှင်တို့ဘက်က စခဲ့တဲ့ ပြဿနာတွေမဟုတ်လား"

ပြောရင်းက ထန့်အသံလေးသည် ခက်ထန်လာရ၏။ ထို့အတူ မျက်ဝန်းလှလှလေးကလည်း ခံပြင်းမှုအရိပ်အယောင်များ ဖြင့် စိမ်းလဲ့လာရသည်ကို အောင်ဖေသည် စိတ်မကောင်းစွာ သတိ ထားမိလိုက်သည်။

"ထန် ကိုယ့်ကို ဘယ်လိုပြောရတော့မလဲဗျာ"



www.burmeseclassic.com

www.burmeseclassic.com



အောင်ဖေ မချင့်မရဲဟန်နှင့် ခပ်ညည်းညည်းဆိုလိုက်မိသည်။

"တစ်ချိန်က ထန် ဒီအဖြစ်တွေကြောင့် ကိုယ့်ကို ရှောင်နေခဲ့တယ်ဆိုတာ ကိုယ်သိပါတယ် ထန်၊ ပြီးတော့ ထန့်ရင်ထဲက ခံစားချက်တွေကိုလည်း ချိုချိုက ကိုယ့်ကို အားလုံးပြောပြတယ်"

"ဟင်"

သူ့စကားကြောင့် ထန် အံ့သြသွားရ၏။ ကြည့်စမ်းပါဦး ထန် အလုပ်ကိုမလာသည့် ဒီရက်အတွင်းမှာ ဘာတွေဖြစ်ကုန်ပြီလဲ။ သူ့ကို ထန့်နည်းတူ ကျောင်းမှာကတည်းက ကြည့်မရခဲ့ပါဆိုသော ချိုချိုပင် ထန်မလာသည့် ဒီရက်အတွင်းမှာ သူ့လူလုံးလုံးဖြစ်သွားပြီတဲ့လား။

ထန်နှင့်ပတ်သက်ကာ ထန့်လိုပင် သူ့အား ကြည့်မရဖြစ်ခဲ့သော ထန်၏ အချစ်ဆုံးသူငယ်ချင်း ချိုချိုကို ထန်မရှိသည့် အချိန်ခဏလေးအတွင်းမှာ သူ့လူဖြစ်သွားအောင် စည်းရုံးနိုင်သောဦးအောင်ဖေကို ထန် စိတ်ထဲ မချီးကျူးဘဲမနေနိုင်တော့ပါ။

ထန်မှာ သူ့မအား တစ်ခါမှ မမြင်ဖူးသူတစ်ယောက်လို





အကြည့်စူးစူးများဖြင့် ကြည့်နေသော အောင်ဖေ၏ အကြည့်များကြောင့် အကြည့်လွှဲပစ်လိုက်သည်။

"ဟင်...ကိုလတ်"

ဆိုင်ထဲသို့ သူငယ်ချင်းတစ်ယောက်နှင့်အတူ ဝင်လာသော မောင်မောင်လတ်မှာလည်း အောင်ဖေနှင့်အတူ ထိုင်နေသည့် ထန့်ကို မြင်သွားသည်။

မရမ်းနှင့် အနက်ရောထားသည့် ချည်ချောပုဆိုး အကွက်နုတ်နှင့် စတစ်ကော်လံရှပ်အင်္ကျီအဖြူလက်ရှည် တွဲဝတ်ထားသော မောင်မောင်လတ်ပုံစံက မြန်မာဆန်လျက် ခန့်ထည်ချောမောနေရသည်က အမှန်။

"ထန်...အန်တီ နေကောင်းပြီလား"

အနားသို့ရောက်လာသော မောင်မောင်လတ်က ထန့်ဘေးတွင် ရှိနေသော အောင်ဖေကို တစ်ချက်ကြည့်ကာ မေးလိုက်သည်။

အောင်ဖေက မောင်မောင်လတ်ကို ခပ်တည်တည်ပင် စူးရှသော မျက်ဝန်းညိုအစုံနှင့် ပြန်ကြည့်လိုက်သည်။

ပြောရလျှင် အောင်ဖေသည် မောင်မောင်လတ်ကို ကျော်



www.burmeseclassic.com

www.burmeseclassic.com



မှာကတည်းက သိပါသည်။ ထို့အတူ မောင်မောင်လတ်သည်လည်း သူ့ကို သိလိမ့်မည် ထင်ပါ၏။

အောင်ဇေဆိုတာက ကျောင်းမှာကတည်းက နာမည် တစ်လုံးနှင့် နေလာခဲ့သူဖြစ်သည်။ အထူးသဖြင့် မိန်းကလေးများ၏ ပါးစပ်ဖျားတွင် အောင်ဇေ့နာမည်က သူတို့နှုတ်ဖျားက မချ တော့။

အောင်ဇေက ဘယ်မိန်းကလေးကိုမှ စိတ်မဝင်စားသည်ကို လည်း တစ်ကျောင်းလုံး သိပါ၏။ မိန်းကလေးများနှင့် ပတ်သက် လျှင် အနေတည်ကာ ဘယ်မိန်းကလေးနှင့်မှ အရောတဝင်မနေဘဲ ချစ်သူရည်းစား ကင်းခဲ့သောကြောင့်လည်း အောင်ဇေ့နာမည်က ပို၍ သတင်းကြီးခဲ့ခြင်းဖြစ်သည်။

အောင်ဇေနှင့် မောင်မောင်လတ်တို့နှစ်ဦးသည် တူညီတာ တစ်ခုကတော့ နှစ်ယောက်စလုံး ငွေကြေးပြည့်စုံချမ်းသာသည့် မိဘများက မွေးဖွားလာသော တစ်ဦးတည်းသောသားများ ဖြစ်တာ ခြင်းပင်။

သူတို့နှစ်ဦး၏ စရိုက်ချင်းကတော့ ကွာခြားလှပါ၏။



မောင်မောင်လတ်သည် လူကြီးလူကောင်းတစ်ယောက်လို ရိုးရိုးအအ နေထိုင်ပြုမူတတ်ပေမယ့် အောင်ဇေကတော့ မောင်မောင်လတ်နှင့် ကွာခြားစွာ အပြုအမူ အပြောအဆို အနေအထိုင်များကအစ ခေတ်မီ ရဲတင်းပွင့်လင်းကာ သွက်သွက်လက်လက်နှင့် ဘာကိုမှ သိပ်ပြီး ဂရုမစိုက်တတ်။ ဒီ့အပြင် သူမှန်တယ်ထင်လျှင် ဘာမဆိုလုပ်ရဲ သည့် သတ္တိကလည်း သူ့စရိုက်ကို ဖော်ပြနေသည်ပဲ။

ယခုလည်း ထန့်အား လာနှုတ်ဆက်နေသော မောင်မောင် လတ်ကိုကြည့်ပြီး အောင်ဇေမျက်နှာသည် သိပ်မကြည်လင်တော့ ပေ။

ဒါကိုရိပ်မိသည့် ထန်မှာ သူတို့နှစ်ဦးကြားတွင် အနေခက် ခက် ရှိလာရပြီး...

"မေမေ နေကောင်းပါပြီ ကိုလတ်၊ အန်တီ့ကိုပြောလိုက် ပါဦး၊ အိမ်ကိုလည်းလာခဲ့ဖို့ ထန်က ဖိတ်တယ်ဆိုတာ"

"ကောင်းပါပြီဗျာ၊ မေမေ့ကို ကျွန်တော်ပြောလိုက်ပါ့မယ်၊ ဒါနဲ့ ထန် အလုပ်ဆင်းနေပြီလား"

ကုမ္ပဏီဝတ်စုံနှင့် ထန့်ကိုကြည့်ရင်းက မောင်မောင်လတ်

www.burmeseclassic.com

www.burmeseclassic.com



မေးလိုက်တော့ ထန့်အကြည့်များ အောင်ဇေထံ ဖျတ်ခနဲရောက်သွားသည်။

"ဟုတ်တယ် ကိုလတ်၊ ထန် ဒီနေ့ပဲ အလုပ်စဆင်းတယ်"

"ဪ"

အလုပ်ဆင်းပါသည်ဆိုသော ထန်က သူမအလုပ်ဆင်းဆင်းချင်းနေ့မှာပင် သူစိမ်းယောကျ်ားတစ်ယောက်နှင့် အပြင်မှာရှိနေခြင်းကို အကဲခတ်နေသလိုရှိသော မောင်မောင်လတ်အကြည့်များကို ထန် သိသည်။

ထန့်စိတ်ထဲတွင်လည်း သူမ အောင်ဇေနှင့်အတူ ရှိနေရခြင်းကို လိပ်ပြာမလုံနိုင်တော့ဘဲ စိုးရိမ်စိတ်များဖြစ်လာ၏။

ကိုလတ်က ဦးအောင်ဇေကို သိပုံရပါ၏။ မတော် မေဇေ့ရှေ့တွင် ကိုလတ်သာ ဒီအကြောင်းကို ဖွင့်ပြောလိုက်ပါက ထန့်ကို မေမေသည် ကောင်းကောင်းအထင်လွဲတော့မည်။

မဖြစ်။ ကိုလတ်ကို ထန်-ဒီအကြောင်း နှုတ်ပိတ်ထားမှ ဖြစ်မည်။ မဟုတ်ပါက ထန် သူမအတွက် အခက်တွေ့ရမည့်ကိစ္စ



ဖြစ်၏။

အတွေးနှင့် ထန် ကိုလတ်ကို ကြည့်လိုက်ပြီး…

"ကိုလတ်…ဒီကပြန်ရင် ဘယ်သွားစရာရှိသေးလဲ"

ထန့်စကားကြောင့် မောင်မောင်လတ်မှာ နားမလည်သလို မျက်ခုံးကြီး ပင့်တက်သွားရပြီး…

"ဘာဖြစ်လို့လဲ ထန်၊ ကျွန်တော့်သူငယ်ချင်းနဲ့ စကားပြောပြီးရင် အိမ်ပြန်ရုံပါပဲ"

ကိုယ်ပိုင်လုပ်ငန်းသမားတစ်ယောက်ဖြစ်သော မောင်မောင်လတ်အတွက် အချိန်ပို များစွာရှိသူဖြစ်သည်။

"ကိုလတ်ပြန်ရင် ထန် လမ်းကြုံလိုက်ချင်လို့ပါ"

ထန့်စကားအဆုံး မောင်မောင်လတ်အကြည့်များက အောင်ဇေထံ ရောက်ရှိသွား၏။

"ရတယ်လေ ထန်၊ ကျွန်တော့်သူငယ်ချင်းနဲ့ စကားခဏပြောပြီး ပြန်မှာ၊ ထန် လိုက်ခဲ့ပေါ့"

မောင်မောင်လတ်စကားကြောင့် အောင်ဇေ့မျက်ခုံးထူထူများ တွန့်ကြုတ်သွားရတဲ့အထိ ဒေါသဖြစ်သွားသည်။

www.burmeseclassic.com

www.burmeseclassic.com



"ထန် ဘယ်သွားမလို့လဲ၊ ကိုယ်ရှိနေတာပဲ၊ ကိုယ်လိုက်ပို့ပေးမယ်"

ရှုတည်တည် မျက်နှာထားနှင့် ထန့်ကို စူးစူးရဲရဲစိုက်ကြည့်ရင်း အောင်ဇေ ပြောလိုက်သည်။

"ဟင့်အင်း…ရတယ် ဦးအောင်ဇေ၊ ထန် ကိုလတ်ကားနဲ့ပဲ လိုက်သွားလိုက်တော့မယ်"

"တော်စမ်း…မင်း သူနဲ့မလိုက်ရဘူး"

"အို"

ဒေါသတကြီး ပြောလိုက်သည့် အောင်ဇေကြောင့် ထန့်အကြည့်တွေ သူ့ထံရောက်သွားသည်။

ကိုလတ်ရှေ့တွင် ထန့်ကို ပိုင်စိုးပိုင်နင်း ဆန်လွန်းစွာ ဖြောလိုက်ပုံက ထန်မပြောနှင့် ကိုလတ်ပင် အံ့ဩနေရသည်မဟုတ်ပါလား။

ထန့်ကို ဒီလိုမျိုး မောင်မောင်လတ်ရှေ့တွင် ပိုင်စိုးပိုင်နင်း ပြောရပ့ါမလားဆိုကာ စိတ်ဝယ်မခံချင်စိတ်နှင့် ရင်ဝယ် ရှက်ဒေါသတွေ တဖွားဖွား ဖြစ်လာရပြီး…





"ရှင်နဲ့ဘာဆိုင်လို့ တားနေရတာလဲ ဦးအောင်ဇေ၊ ထန့်ဘာသာ ဘယ်သူ့နောက်လိုက်လိုက် ထန့်စိတ်နဲ့ထန့်သဘောပါ"

ထန့်စကားကြောင့် အောင်ဇေ့မျက်နှာ ရဲခနဲဖြစ်သွားကာ ဒေါသတွေဖြစ်နေပေမယ့် .ဘာလုပ်ရမှန်းမသိ။ ထန်ပြောသလိုတကယ်လည်း သူနဲ့ထန်က ဘာမှဆိုင်တာမဟုတ်။ တစ်ဖက်သတ်အချစ်တွေဖြင့် မြတ်နိုးစွာ စွဲလမ်းနေရတာက သူတစ်ယောက်တည်း။

မောင်မောင်လတ်မှာ ထန်နှင့်အောင်ဇေ့ အခြေအနေကိုခဏအတွင်းမှာပင် နားလည်သဘောပေါက်သွားသည်။

အောင်ဇေ့ကို မောင်မောင်လတ် သိပါသည်။ ကျောင်းမှာကတည်းက အောင်ဇေသည် နာမည်တစ်လုံးနှင့်နေကာ မိန်းကလေးများပါးစပ်ဖျားတွင် အင်မတန် စန်းပွင့်တဲ့သူတစ်ယောက်ပင်ဖြစ်သည်။

မောင်မောင်လတ် အောင်ဇေ့ကို တစ်ခုအထင်ကြီးသည်ကအောင်ဇေ သူ့ကို မိန်းကလေးများ ဘယ်လောက်ပင် စိတ်ဝင်စားနေပါစေ သူသည် အနေတည်ကာ မိန်းကလေးများနှင့်ပတ်သက်ပြီး



www.burmeseclassic.com

www.burmeseclassic.com



အင်မတန် ကင်းရှင်းစွာနေတတ်၍ဖြစ်သည်။

ပွင့်လင်းသောစရိုက်၊ ခေတ်မီသော အနေအထိုင်များနှင့် နေထိုင်တတ်ပေမယ့် သူသည် ဘယ်မိန်းကလေးတစ်ယောက်ကိုမှ တွဲခဲ့ခြင်း၊ ချစ်သူရည်းစားဖြစ်ခဲ့ခြင်း မရှိခဲ့ပေ။

ထိုသို့ ကျောင်းတွင် ဘယ်မိန်းကလေးတစ်ယောက်ကိုမှ စိတ်ဝင်စားခြင်းမရှိသော အောင်ဇေ ယခု ဘာကြောင့် ထန်မှထန် ဖြစ်နေရသနည်း။

တကယ်တော့ ထန့်စရိုက်နှင့် အောင်ဇေ့စရိုက်တို့က အရှေ့နှင့်အနောက်ပမာ ကွာခြားလွန်းသည်။

အောင်ဇေဆိုတာက ခေတ်မီသော မိသားစုမှ ဆင်းသက်လာသူ၊ ထန်က အနေအထိုင် ရိုးအေးသော မိသားစုက မိန်းကလေးမို့ ဒီလိုဆန့်ကျင်ဘက် မတူပါရက်နှင့် အောင်ဇေသည် ထန့်အနားမှာ ဘာကြောင့်ရှိနေရတာလဲ။

မှန်တာပြောရလျှင် ထန့်ကို အောင်ဇေနှင့် တွဲမြင်လိုက်ရတော့ မောင်မောင်လတ်ရင်မှာ စိုးရိမ်ပူပန်စိတ်များ ဖြစ်ရသည်က အမှန်ဖြစ်သည်။

ဝိုး:မိုး၊ ၁၁၃ပ



ဒါပေမဲ့ သူ့အခြေအနေကလည်း ထန့်ကို ပွင့်လင်းစွာ တားခွင့်မရှိသည့်အဖြစ်။

"ထန် ပြန်မယ်ဆိုလာလေ၊ ကျွန်တော့်ကား ဟိုနားမှာ ရပ်ထားတယ်"

သူငယ်ချင်းနှင့် စကားခဏပြောပြီး မောင်မောင်လတ် ထန့်ဆီသို့ ပြန်လျှောက်လာကာ သူ့ကားရပ်ထားသည့် နေရာကို ထန့်အားပြပြီး ကားဆီသို့ ထွက်သွား၏။

မောင်မောင်လတ်မှာ ထန့်ကို မျက်နှာလွှဲပြီး ထားရစ်ခဲ့တာမဟုတ်ပေမယ့် အောင်ဇေနှင့်ထန့်ကြားမှာတော့ဖြင့် သူ မပါချင်။ သူလည်း လွတ်လပ်သော ယောကျ်ားတစ်ယောက်မို့ လွတ်လပ်သော မိန်းကလေးကို သူ့ဘက်က ကြိုးစားခွင့်ရှိသည်။

ထန်မှာ သူမကိုမစောင့်ဘဲ ကျောခိုင်းထွက်သွားသည့် မောင်မောင်လတ်ကိုကြည့်ပြီး ဒေါသလေးများ ဖြစ်နေမိသည်။

မောင်မောင်လတ် ဒီလူ။ သူ့ကို အားကိုးရမလား အောက်မေ့ပါသည်။ သူက ထန့်ကို ထားသွားရက်သည်။

ဟင့်အင်း…မဟုတ်သေးပါ။ မောင်မောင်လတ်သည်

ဝိုး:မိုး: ၁၁၆ပ

www.burmeseclassic.com

www.burmeseclassic.com



ဒီလိုလူစားမျိုးမဟုတ်ပါ။ ဒါဖြင့် သူ မောင်မောင်လတ်သည် ထန့်ကို ဦးအောင်ဖေနှင့် သူ့စိတ်ထဲ တစ်မျိုးများ ထင်သွားလို့လား။ ဒီအတွေး က ဝင်လာတော့ ထန် နေရာက ထရပ်လိုက်သည်။

"မင်း သူနဲ့မလိုက်ရဘူး ထန်"

"ဟင်"

ရုတ်ခြည်း မထင်မှတ်ဘဲ အောင်ဖေက ထန့်လက်လေးကို တင်းတင်းလေး ဖမ်းဆုပ်ဆွဲလိုက်တော့ ထန့်မျက်နှာလှလှလေး ဖြန်းခနဲ နီရဲသွားကာ သူမလက်လေးကို ရုန်းလိုက်၏။ သူက မလွှတ်။ ထန်သည် သူ၏ ပိုင်စိုးပိုင်နင်း နိုင်လှသော အပြုအမူ ကြောင့် ရင်မှာ အခံရခက်စွာဖြင့်…

"ရှင်ဘာလုပ်တာလဲ၊ လွှတ်ပါ"

"မလွှတ်ဘူး"

"ဟင်"

"ထန်ပြန်ချင်ရင် ကိုယ်လိုက်ပို့ပေးမယ်၊ ဒါပေမဲ့ မင်း သူနဲ့တော့ မလိုက်ရဘူး"

"ရှင့်အပြုအမူကော စကားတွေပါ သိပ်ကို ပိုင်စိုးပိုင်နင်း



ဆန့်လွန်းနေပြီ ဦးအောင်ဖေ"

"ထန်"

"ရှင်…ကျွန်မလက်ကို လွှတ်မလား၊ မလွှတ်ဘူးလား ဒါပဲပြော"

ရှုးရှုလင်းလက်သော အကြည့်နှစ်ခု အင်အားပြင်းစွာ ဆုံသွား၏။

"ဆောရီး…ထန်"

ထန် ဘာမှမပြော။

အောင်ဖေ့လက်က လွှတ်သည်နှင့် မောင်မောင်လတ် ကားရှိရာသို့ ချာခနဲ လှည့်ထွက်ခဲ့သည်။

ကားလေးက တရိပ်ရိပ်ပြေးနေပေမယ့် ထန် မောင်မောင် လတ်ကို ဘာစကားမှ မဆိုမိပါ။

သူမမျက်ဝန်းထဲတွင် ကိုမောင်မောင်လတ်ကားနှင့် ပါသွား သည့် ထန့်အား မျက်ဝန်းတည်တည်ရူးရူးများနှင့် ကြည့်နေသော အောင်ဖေ၏ပုံရိပ်က ထန့်မျက်စိထဲ မြင်ယောင်နေမိသည်။

ယခုချိန်ထိ ဘာစကားတစ်လုံးမှ မဆိုသော ထန့်ကို

www.burmeseclassic.com

မောင်မောင်လတ်ကလည်း ဘာမှမမေးပါ။ အလိုက်သိစွာနှင့်ပင် နှုတ်ဆိတ်လျက် ကားကိုမောင်းနေ၏။

သူ့စိတ်ထဲတွင်တော့ အောင်ဇေနှင့်ပတ်သက်ကာ တစ်စုံတစ်ရာ သိချင်နေသည်။

တကယ်တော့ ထန် မောင်မောင်လတ်ကို တမင်စကားမပြောလို၍ နှုတ်ဆိတ်နေခြင်းဖြစ်သည်။

ပြောရလျှင် ထန် မောင်မောင်လတ်ကို သူမစိတ်ဆိုးနေသည်ဆိုလျှင် ပို၍မှန်ပေလိမ့်မည်။

ထန် မောင်မောင်လတ်အား သူမအကျပ်အတည်းနှင့်တွေ့နေတုန်းမှာ ပစ်ထားခဲ့ရက်သူအဖြစ် မြင်နေခြင်းကိုလည်း မောင်မောင်လတ် သိနေ၏။

ဒါကိုတော့ဖြင့် သူ ထန့်ကို နားလည်အောင် ရှင်းပြရမည်။ ထန် အထင်လွဲမှုကိုတော့ မောင်မောင်လတ် နည်းနည်းမှ မခံနိုင်ပါ။ မောင်မောင်လတ်မှာ အတွေးနှင့် ကားကို ကန်တော်ကြီးစောင်း တစ်နေရာတွင် အသာထိုးရပ်လိုက်ပြီး...

"ထန်"



မောင်မောင်လတ် ခေါ်ပေမယ့် ထန် မထူး။ မောင်မောင်လတ်သည် သက်ပြင်း ခပ်ဖွဖွချလိုက်သည်။

"ထန်...ကျွန်တော့်ကို စိတ်ဆိုးနေတယ်မဟုတ်လား၊ ကျွန်တော်သိပါတယ်ဗျာ၊ ထန်သာ တကယ်ဒုက္ခရောက်နေရင် ကျွန်တော် အသက်နဲ့လဲရင်လဲရပါစေ ထန့်အတွက် ကာကွယ်သွားမှာပါ၊ ဒါပေမဲ့ ထန်ရယ် ခုဟာက ကျွန်တော့်အနေနဲ့ ဘာမှဝင်စွက်လို့မရတဲ့ အဖြစ်မျိုးလား၊ ထန်ကလည်း လွတ်လပ်တဲ့ မိန်းမပျိုတစ်ယောက်၊ နောက် အောင်ဇေဆိုတာကလည်း လွတ်လပ်တဲ့ အမျိုးသားတစ်ယောက်ပါပဲ၊ ဒီလို လွတ်လပ်တဲ့ မိန်းကလေးကို အောင်ဇေလို လွတ်လပ်တဲ့ ယောကျ်ားတစ်ယောက်က စကားပြောဆိုခွင့်ဆိုတာ အစကတည်းက ရှိခဲ့တာပဲ"

"အောင်ဇေရဲ့ အပြုအမူတွေ သိပ်လွန်နေတယ်ဆိုရင်တော့ တစ်မျိုးပေါ့ဗျာ၊ ခုဟာက ထန့်ကို သူက စကားပြောရုံပဲ၊ ပြီးတော့ ထန်ကိုယ်တိုင်က သူနဲ့ပါလာခဲ့တာ၊ နောက်ပြီး အောင်ဇေက ထန့်အလုပ်ရှင်တစ်ယောက်၊ ဒီနေရာမှာ ကျွန်တော်က ဝင်လိုက်မယ်ဆိုရင် ကျွန်တော်တို့သုံးယောက်ရဲ့ ဂုဏ်သိက္ခာတွေက ဘာဖြစ်ကုန်

www.burmeseclassic.com



မလဲ''

''ယောကျ်ားလေးတွေ အကြောင်းမဟုတ်ပေမယ့် မိန်းကလေးဖြစ်တဲ့ ထန်ကိုတော့ ထည့်စဉ်းစားရတော့မယ်၊ အထူးသဖြင့် ထန့်မေမေ၊ ဒီကိစ္စတွေကို ထန့်မေမေ သိလို့မဖြစ်ဘူးဆိုတာ ထန်လည်းသိနေတာပဲဗျာ၊ ဒါတွေကြောင့် ကျွန်တော် ရှောင်ထွက်ခဲ့တာပါ''

ပြောရင်းက ထန့်ကို ကြည့်လိုက်သည်။ သူ့အကြည့်ထဲတွင် ဆွတ်ကျင်မှုများ ပါဝင်နေ၏။ ရင်နှင့်အမျှ ချစ်ရသူလေးသည် သူ့အား အထင်မလွဲစေလိုပါ။

''ကျွန်တော်ပြောတာ ထန် သဘောပေါက်တယ် မဟုတ်လားဟင်၊ ထန် ကျွန်တော့်ကို ခွင့်လွှတ်တယ်မဟုတ်လား''

ထန့်အကြည့်လေးတစ်ချက်က သူ့ထံရောက်ရှိသွား၏။ ရုတ်တရက်မို့ ဘာကိုမှ မစဉ်းစားနိုင်ဘဲ သူ့အပေါ် ဒေါသဖြစ်သွားရတာကိုပဲ စဉ်းစားမိ၏။

အခုလိုကြပြန်တော့ မောင်မောင်လတ်ပြောတာအားလုံးက အမှန်ဖြစ်သည်။ စောစောကကိစ္စတွင် မောင်မောင်လတ်သာ





အောင်ဇေ့လို တစ္ဆတ်ထိုးစိတ်နှင့် ထန့်ဘက်မှ ဝင်ရောက်ခဲ့လျှင် ခုလောက်ဆို ထန် အရှက်ကွဲတော့မှာ သေချာ၏။

လူကြီးဆန်စွာ သူ့အတွက်မဟုတ်ဘဲ သူမအတွက်ပါ ဆင်ခြင်ပေးသည့် ကိုလတ်ကို ထန် ကျေးဇူးတင်ရမည်။

''ထန် မှားသွားတယ် ကိုလတ်၊ ရုတ်တရက်ဆိုတော့ ထန် အမှန်ကို မစဉ်းစားမိလိုက်ဘူး၊ ထန် ကိုလတ်ကို ပြန်တောင်းပန်ရတော့မှာပဲ၊ ထန့်ကို ခွင့်လွှတ်ပါ''

ထန့်စကားကြောင့် မျက်နှာကြည်လင်သွားရသူက မောင်မောင်လတ်။

''မဟုတ်တာ ထန်ရယ်၊ ထန် ကျွန်တော့်ကို တောင်းပန်စရာ မလိုပါဘူး၊ ကျွန်တော့်အပေါ် ထန် ခုလိုနားလည်ပေးတာပဲ ကျွန်တော် ကျေးဇူးတင်လှပါပြီ''

''သြော်…ရှင်ရယ်၊ ထန်က ဒီလောက် မိုက်မဲတဲ့ မိန်းကလေးမဟုတ်ပါဘူးရှင်''

''ကျွန်တော်သိပါတယ် ထန်ရယ်၊ ထန်ဟာ နေရာတကာမှာ ဆင်ခြင်ဝေဖန်မှုရှိတယ်ဆိုတာ သိပါတယ်ဗျာ၊ ကဲ…ထန့်ကို



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော် ကုမ္ပဏီကိုပဲ ပြန်ပို့ပေးမယ်နော်''

သူ့စကားကို ထန် အပြုံးလေးနှင့် ခေါင်းညိတ်ပြလိုက်၏။ မျက်ဝန်းထဲမှာတော့ အောင်ဖေ့ပုံရိပ်က ဖျောက်ဖျက်၍မရ ဘာကြောင့်များပါလိမ့်။

သူ့အား မုန်းစကားဆိုကာ ခပ်စိမ်းစိမ်းလေး ကြည့်သွားသည့် ထန့်ကို မယုံနိုင်သည့် အကြည့်များဖြင့် ကြည့်နေသော ဦးအောင်ဖေ၏ အကြည့်များကို ထန် မမေ့နိုင်ပါ။

ထန်နှင့်သူ့ကြားမှာ ဒီလိုပြဿနာမျိုး ခဏခဏမဖြစ်ချင်။

သူ့ဘက်က ထန့်အပေါ်မှာ ပိုင်စိုးပိုင်နင်း ပြုမူပြောဆိုတာကိုလည်း ထန် မကြိုက်။

တကယ်ဆို ထန်သည် အစကတည်းက ဦးအောင်ဖေနှင့် လိုက်လာခဲ့သည်မို့ နောက်မှရောက်လာသည့် ကိုမောင်မောင်လတ်နှင့် မလိုက်သင့်ဆိုတာ ထန် သိပါသည်။

ထန်ကို ဦးအောင်ဖေနှင့် ကိုမောင်မောင်လတ် မြင်တွေ့သွားပြီမို့ သူမ ဦးအောင်ဖေကုမ္ပဏီတွင် အလုပ်လုပ်နေသည့်အကြောင်း မေမေ့ကိုမပြောရန် မောင်မောင်လတ်ကို တားရဦးမည်။

ဦးမိုး ၁၁၆ပ



သည်အတွေးနှင့် ထန် မောင်မောင်လတ်နှင့် လိုက်ခဲ့ခြင်းဖြစ်သည်ကိုတော့ အောင်ဖေ သိမည်မဟုတ်။

သူ့ကိုထားရစ်ကာ မောင်မောင်လတ်နောက် လိုက်သွားရပါမလားဆိုပြီး ဒေါသတကြီးနှင့် ပိုင်စိုးပိုင်နင်းဆန်စွာ ပြုမူပြောဆိုခဲ့သော သူ့အပြုအမူစကားများကြောင့် ထန် မောင်မောင်လတ်ရှေ့တွင် မခံချင်စိတ်နှင့် ရှက်ဒေါသများ ဖြစ်ခဲ့ရသည်။

သူနဲ့မပတ်သက်အောင် ထန် အလုပ်က ထွက်လိုက်ရမလား။

အစကတည်းက မုန်းစရှည်နေသူများမို့ ခုလိုဖြစ်သောအခါ ပို၍ပင် ဆိုးပေတော့မည်။

တစ်ဆက်တည်း သူမစိတ်ထဲတွင်လည်း သူ့မိသားစုနှင့် သူမမိသားစုကြား ရှိခဲ့သည့် အမုန်းအငြိုးရန်စများကို ပြန်တွေးလိုက်တော့ ရင်မောစွာ သက်ပြင်းရှိုက်လိုက်၏။

◆ ◆ ◆

ဦးမိုး ၁၁၆ပ

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃)

"ထန်နဲ့ငါ့အခြေအနေကတော့ မင်းကြားတဲ့အတိုင်းပဲကွာ၊ ထန် ကြည့်ရတာ ငါ့ကို ခွေစဉ်မျိုးဆက် အငြိုးတွေနဲ့ သိပ်မုန်းပြီး ကြောက်နေပုံရတယ်"

အေးစက်နေရပြီဖြစ်သော ရှေ့မှ လက်ဖက်ရည်ကို ငေးစိုက်ကြည့်ရင်း အောင်ဇေ ပြောစကားများကို ငြိမ်သက်စွာ နားထောင်နေသူက မြတ်ကျော်နှင့် ချိုချို။

ကုမ္ပဏီပိတ်ရက်ဖြစ်သော ဒီနေ့မှာ အောင်ဇေသည် မြတ်ကျော်နှင့် ချိုချိုကို ဖုန်းနှင့်ခေါ်ကာ ယခုလို သုံးယောက်ဆုံတွေ့ခြင်းဖြစ်သည်။

ချိုချိုနှင့်မြတ်ကျော် ရောက်လာသည့်အချိန်မှာတော့



ချိန်းထားသည့်ဆိုင်တွင် ငေးငေးငူငူထိုင်နေသော အောင်ဇေကို တွေ့ရတော့ သူတို့နှစ်ဦးမှာ စိတ်မကောင်းဖြစ်သွားသည်။

အောင်ဇေတစ်ယောက် ထန်နှင့်ပတ်သက်ကာ သိပ်ခံစားနေရပြီကိုလည်း သူတို့နှစ်ဦးသည် မပြောပါဘဲ အလိုလို နားလည်သဘောပေါက်မိ၏။

ထင်သည့်အတိုင်းပင် ချိုချိုနှင့်မြတ်ကျော် ထိုင်လိုက်သည်နှင့် အောင်ဇေ ထန်နှင့်ပတ်သက်ကာ သူ့ရင်ထဲ ခံစားရသမျှတို့ကို ချိုချိုနှင့်မြတ်ကျော်အား ရင်ဖွင့်နေခြင်းဖြစ်သည်။

"သိပ်လည်း စိတ်ဓာတ်မကျပါနဲ့ရှင်၊ ထန်က ကိုအောင်ဇေကို မုန်းတာထက် ကြောက်တာက ပိုတယ်ဆိုရင် ပိုမှန်လိမ့်မယ်၊ ဘာဖြစ်လို့လဲဆိုတော့ သူ့ဦးလေး ဦးကျော်စွာက ကိုအောင်ဇေရဲ့အဒေါ် ဒေါ်နန်းချယ်ရီကို ရက်ရက်စက်စက် ပြစ်ထားရစ်ခဲ့သလိုဖြစ်ခဲ့ရတယ်မဟုတ်လား၊ ဒါတွေကိုတွေးပြီး ထန်က ကိုအောင်ဇေသူတို့အပေါ် အငြိုးမပြေဘဲ ပြန်ပြီးလက်စားချေလိမ့်မယ်လို့ ထင်နေခဲ့တယ်၊ ထန် အဲလိုထင်နေတာလည်း အပြစ်တော့မဟုတ်ပါဘူး၊ ကိုအောင်ဇေတို့မိသားစုနဲ့ ထန်တို့မိသားစုကြားမှာ ဒီလိုမျိုး အ[illegible]

www.burmeseclassic.com

www.burmeseclassic.com



အလာ အဖြစ်အပျက်တွေက ရှိခဲ့တာပဲမဟုတ်လား၊ ဒါကြောင့် ထန့်အပေါ်မှာ ကိုအောင်ဇေ မေတ္တာစစ်နဲ့ ချစ်နေတယ်ဆိုတာတောင်မှ ထန် ယုံပါ့မလားမသိဘူး၊ .ထန့်စိတ်ထဲမှာ ကိုအောင်ဇေက သူတို့အပေါ် ပြန်လက်စားချေမယ်လို့ပဲ ထင်နေမှာ''

''ဟာဗျာ…ကျွန်တော့်စိတ်ထဲမှာ အဲဒီလို စိတ်အတွေးမျိုး နည်းနည်းမှ မရှိခဲ့ဘူးဆိုတာလည်း ချိုချို သိနေတာပဲ''

''ဟုတ်ပါတယ်၊ ကျွန်မတို့သိပေမယ့် အဓိက သိရမယ့်လူက ထန်ပဲဆိုတာကိုတော့ ကိုအောင်ဇေ မမေ့နဲ့လေ''

''ဟုတ်တယ် အောင်ဇေ၊ ချိုချိုပြောတာ အမှန်ပဲကွ၊ မင်းရဲ့မေတ္တာကို ထန် တဖြည်းဖြည်း အယုံအကြည်ရှိလာဖို့လိုတယ်''

အောင်ဇေ ဘာစကားမှ ပြောချင်စိတ်မရှိတော့။ ချိုချိုနှင့် မြတ်ကျော် ပြောတာတွေကလည်း အမှန်ဆိုတာ သူသိပေမယ့် ထန် သူ့အပေါ် ယုံကြည်လာအောင် ဘယ်လိုလုပ်ရမည်လဲ။ ထန်နှင့် သူ့အခြေအနေသည် နီးစပ်မလိုနှင့် တဖြည်းဖြည်း ပို၍ပင် ဝေးနေသည်။





ဩော်…ချစ်မိတဲ့အသည်းမှာ ဒဏ်ရာရတော့မှာပါလား ထန်ရယ်။ မင်း ဘာကြောင့် မောင့်ကို ဒီလောက်ထိ နှိပ်စက်နေရတာလဲဗျာ။

အောင်ဇေမှာ ရင်ဝယ် နာကျင်ခံခက်ရသော အတွေးများနှင့် မချင့်မရဲ ညည်းညူရင်းက ရင်မှာခံစားရသမျှ သက်မမောတွေကိုသာ ရင်မှာ အခါခါချနေမိသည်။

တစ်ခါတစ်ရံတော့လည်း အချစ်သည် လူကို များစွာ နှိပ်စက်တတ်သည်။

ခုတလော ထန် မောင်မောင်လတ်နှင့် အတွဲများနေသလို သူမ အလုပ်သွား အလုပ်ပြန်ကိုလည်း မောင်မောင်လတ်က အကြို အပို့လုပ်၍နေ၏။

နဂိုကတည်းက လူကြီးချင်း ခင်မင်သိကျွမ်းပြီးသားမို့ မောင်မောင်လတ်နှင့်ထန် ခင်မင်ကြတာ မဆန်းပါ။

အဲ…ဆန်းနေသည်က ထန်။ သူနှင့် ပြဿနာဖြစ်ပြီးကတည်းက မောင်မောင်လတ်နှင့် ပို၍တွဲကာ မောင်မောင်လတ်အပေါ် ယခင်ကထက် ပိုကာ ခင်ခင်မင်မင် ဆက်ဆံနေ၏။



www.burmeseclassic.com

www.burmeseclassic.com



ဒါတွေကို နေ့စဥ်ရက်ဆက် မြင်တွေ့နေရသော အောင်ဓေ ရင်ထဲတွင် အချစ်ဝေဒနာများ မချိမဆန့်နှင့် လူက တစ်ယောက် တည်း ခံစားနေရသည်။

ထန် လုပ်နေပုံက သူ့ရင်ကို ဘယ်လောက်များ အခံရခက် စေရသည်ဆိုတာ။

မြွေမြွေချင်းမို့ ခြေမြင်ပါသည်။ မောင်မောင်လတ် ထန့် အပေါ် ဘယ်လိုသဘောထားနေသည်ကို သိပါသည်ဆိုကာမှ ထန် မောင်မောင်လတ်အပေါ် လိုတာထက်ပို၍ လိုက်လိုက်လျောလျော ဆက်ဆံနေသည်က သူ့အတွက် အခံရခက် မချင့်မရဲဖြစ်စရာ။

ထန် သူ့ကို တွေ့ရင်ဖြင့် ကြောက်စရာသတ္တဝါတစ်ကောင် ကို တွေ့သလိုမျိုး မမြင်လိုက်နှင့် မြင်လိုက်တာနှင့် လစ်ခနဲ အောင် ရှောင်ပုန်းတတ်သလောက် မောင်မောင်လတ်ကိုတော့ဖြင့် အပြုံးမျက်နှာလှလှလေးနှင့် ဆီးကြိုကာ ဖော်ရွေစွာ ဆက်ဆံတတ် သည်။

သည်အဖြစ်က တစ်ရက်လည်းမဟုတ်၊ နှစ်ရက်လည်း မဟုတ် တစ်လမှ နှစ်လ လများသို့ပင် ကူးပြောင်းလာသောအခါ

ဦး၊မိုး၊၁၁၆၀



အောင်ဓေ ထိုအဖြစ်ကို ရင်မှာ ဘယ်လိုမှ သည်းမခံနိုင်တော့အောင် ဖြစ်လာလေ၏။

အောင်ဓေ သည်းမခံနိုင်ရုံကလွဲလို့ဖြင့် သူ ဒီထက်ပိုကာ ဘာမှ မတတ်နိုင်ခဲ့ပါ။

ထန် သူနှင့် မျက်နှာချင်းမဆိုင်မိနိုင်အောင် သူမဘက်က သူ့အား တတ်နိုင်သလောက် ရှောင်နေသည်။

နေမြင့်လေ အရူးရင့်လေဆိုတာ အောင်ဓေ့အဖြစ်ကိုများ ပြောသည်လားမသိပါ။

ချစ်ရသူကို မြင်ရတွေ့ရပါလျက်နှင့် ဆုံနိုင်အောင် ကြိုးစား ခွင့်မရသည့် အဖြစ်ကလည်း သူ့ရင်ကို များစွာ ခံစားစေ၏။

ချိုချိုပြောသလိုပင် ထန် သူ့အပေါ် လက်စားချေတုံ့ပြန် မည့်သူ့အဖြစ် မြင်ယောင်ကာ ကြောက်ရွံ့နေသည်က အမှန်ဆိုတာ ထန့်လှုပ်ရှားမှုများကို ကြည့်တာနှင့် သိသည်။

သူ မသိလို့လည်းမရပါ။

ထန် သူ့အား တတ်နိုင်သလောက် ရှောင်နေရုံမက သူနှင့် မျက်နှာချင်းဆိုင် တွေ့ပြန်လျှင်လည်း သူ့အနားမှ အမြန်ရှောင်ပြေး

ဦး၊မိုး၊၁၁၆၀

www.burmeseclassic.com

www.burmeseclassic.com



သွားတတ်သောကြောင့်ဖြစ်သည်။

ထန်၏ အပြုအမူများကြောင့် အောင်ဖေ ရင်နာရသည်။ ရင်နာနာနှင့် အောင်ဖေ သူ့ဘက်က ထန့်ကို ဖွင့်အတင်း ရင်ဆိုင်ရန် ဖြစ်ပေမယ့် ထန် သူ့အပေါ် ပို၍ကြောက်ရွံ့ထိတ်လန့်သွားခြည့် အဖြစ်ကိုလည်း သူ့နှလုံးသားက လက်မခံနိုင်ပြန်။

သူ့အဖြစ်က ဆုပ်လည်းစူး၊ စားလည်းရူးရတော့မည့် အခြေအနေ။ သူမကိုမချစ်ဘဲ မနေနိုင်သလို၊ ချစ်တဲ့စိတ်နှင့် နှလုံးသားအလိုကို လိုက်ပြီး ရှေ့ဆက် ဖွင့်တိုးပြန်လျှင်လည်း ထန် သူ့မျက်စိရှေ့အောက်ကပင် ပျောက်ကွယ်သွားနိုင်သည်။

မတွေ့ရတာနှင့်စာလျှင် သူ့အနေနှင့် ဘာပဲပြောပြော ချစ်သူ၏ မျက်နှာလေးကို မြင်ခွင့်ရနေရသည့်အဖြစ်ကိုပင် အောင်ဖေ သူ့ကိုယ်သူ ကျေနပ်နေရမည်မို့ ရင်မှာ ခံစားရသမျှ ဝေဒနာတွေကို မျိုသိပ်ရင်း အောင်ဖေ သူ့ရင်ထဲက အချစ်များကို ရင်မှာ သိုဝှက်ထားရတော့သည်။

အောင်ဖေကိုကြည့်ပြီး ကြားထဲက စိတ်မချမ်းမြေ့ဖြစ်ရသူတွေက ချိုချိုနှင့် မြတ်ကျော်ပင်။





နှစ်ဖက်မိသားစု၏ ရန်ငြိုးရန်စ အမုန်းများကို ပြောပြထား၍ အောင်ဖေနှင့်ထန်အကြောင်း အစမှအဆုံး သိထားသော ချိုချိုက အစကတော့ဖြင့် အောင်ဖေကို သူ့မိသားစုနှင့်ပတ်သက်ကာ ထန့်နည်းတူ ကြည့်မရဖြစ်ခဲ့ရပေမယ့် ထန်နှင့်ပတ်သက်ကာ အောင်ဖေ ယခုလို ခံစားနေရတာမြင်တော့ ချိုချိုပင် အောင်ဖေ့ကို ကြည့်ပြီး သနားလာရသည်မို့ ကြာတော့ အောင်ဖေ့အဖြစ်ကို မကြည့်ရက်တော့။ ချိုချိုမှာ ထန်နှင့် မောင်မောင်လတ် အခြေအနေကို မေးသည်။

"ထန်…နင်နဲ့မောင်မောင်လတ် အခြေအနေက ဘယ်လိုလဲ"

"နင့်စကားကလည်းဟယ် ဘာကိုမေးတာလဲ"

"သြော်…နင်ကလည်း ဝေးလိုက်တာ၊ ကဲ ရှင်းရှင်းပဲ မေးတော့မယ်၊ ကိုမောင်မောင်လတ်နဲ့ နင် ကြိုက်နေကြပြီလားလို့ မေးတာဟဲ့"

ချိုချိုစကားကြောင့် ထန် မျက်နှာလေး နီရဲသွားပြီးနောက် ပြုံး၍သာ နေလေသည်။ တကယ်တော့ မောင်မောင်လတ်သည်



www.burmeseclassic.com

www.burmeseclassic.com



ထန့်ထံက မေတ္တာကို တောင်းခံထားသည်မှာ ကြာပြီဖြစ်ပါသည်။ ထန့်ဘက်က စဉ်းစားပါရစေဦးဟု အချိန်ဆွဲထားခြင်းဖြစ်သည်။

မေမေတို့ လူကြီးတွေကလည်း ထန့်အား မောင်မောင်လတ်နှင့် သဘောတူလေသည်။ ထန်ကတော့ မောင်မောင်လတ်ကို အစ်ကိုတစ်ယောက်လိုကလွဲပြီး သူ့မစိတ်သည် သူ့အပေါ် ဒီထက် မပိုနိုင်ပါ။

နှစ်ဖက်လူကြီးမိဘတွေက ထန့်နှင့် မောင်မောင်လတ်ကို သဘောတူနေကြသည်မို့ ထန်က သူ့မဘက်က ငြင်းဖို့ရခက်နေသည်။

"မေးတာမဖြေဘဲ ဘာပြုံးနေတာလဲ ထန်၊ ချိုချိုမေးတာ ဖြေဦးလေ"

ထန့်ကိုကြည့်ကာ ချိုချိုမှာ အားမလိုအားမရ မေးလိုက်သည်။

"ပြောပါဦး၊ ချိုချိုကကော ထန်နဲ့ ကိုလတ်ကို ဘယ်လို ထင်လဲဆိုတာ"

အပြုံးလှလှလေးနှင့် သူ့မအား ပြန်မေးခွန်းထုတ်နေသည့်





ထန့်ကို ချိုချိုသည် စဉ်းစားသလို ငေးငေးစိုက်ကြည့်ပြီး…

"ချိုချိုအထင်လား၊ ချိုချိုအထင်ကတော့ ကိုမောင်မောင်လတ်က ထန့်ကို ပရိုပို့စ်လုပ်မှာ အမှန်ပဲ၊ ဒါပေမဲ့ ထန်က ကိုမောင်မောင်လတ်ကို စိတ်မဝင်စားဘူးမဟုတ်လား"

"ကဲ…တော်ပါတော့ ချိုချိုရယ်၊ ချိုချို ထင်ချင်သလိုသာ ထင်ပါတော့လေ၊ ထန်တော့ ဘာမှမပြောတတ်တော့ဘူး၊ တစ်ခုပဲ ထန် ပြောချင်တယ်၊ အဲဒါက ဘာလဲဆိုတော့ ကိုလတ်ဟာ မေမေတို့ သဘောကျတဲ့လူဖြစ်နေတာ အမှန်ပဲ ချိုချို"

ချိုချို အံ့သြသွားရသည်။ စိတ်ထဲ၌လည်း ကိုမောင်မောင်လတ် ဒီလူ ခြေလှမ်းသွက်လှချည်လားဟု ချိုချို တွေးမိလိုက်လေသည်။ ကိုအောင်ဇေ အတွက်ကတော့ ချိုချိုသည် စိတ်မကောင်းရုံကလွဲပြီး ဘာမှမတတ်နိုင်တော့။

"ဒါဆို အောင်ဇေ့အတွက် မျှော်လင့်ချက် မရှိတော့ဘူးပေါ့ ဟုတ်လား ချို"

"အဲလိုပဲပြောရတော့မှာပေါ့ ကိုမြတ်ရယ်၊ ဒါပေမဲ့ တစ်ခုရှိတာက ထန်က ကိုမောင်မောင်လတ်ကို ခင်ရုံသာခင်တာပါ၊



www.burmeseclassic.com

www.burmeseclassic.com



သူ့အပေါ် ထန် ဒီ့ထက်တော့မပိုဘူးဆိုတာ ချိုသိတယ်၊ ဘာပဲပြော ပြော အဲဒါကိုက ကိုအောင်ဖေ့အတွက် မျှော်လင့်ချက်ရှိသေးတာပဲ၊ အဓိကက ထန် ကိုအောင်ဖေ့အပေါ် အမြင်ရှင်းသွားဖို့လိုတယ် ကိုမြတ်"

"အေးကွာ...ကိုမြတ်ကတော့ အောင်ဖေနဲ့ထန့်ကို အဆင် ပြေစေချင်တာပါပဲ၊ လူငယ်တွေမှာ ဘာပြဿနာမှမရှိဘဲ တစ်ချိန်က လူကြီးတွေရဲ့ ရန်ငြိုးရန်စ အမုန်းတွေကြောင့် သူတို့နှစ်ဦး အဆင် မပြေတာကို ကိုမြတ်တော့ မမြင်ချင်ဘူး"

"ချိုလည်း ဒီအတိုင်းပါပဲ ကိုမြတ်ရယ်၊ ဒါပေမဲ့ ချိုတို့ ဘာတတ်နိုင်မှာလဲ၊ ဘုရားမှာ သူတို့နှစ်ဦး အဆင်ပြေဖို့ ဆုတောင်း ပေးရုံပဲ ရှိတော့တာပေါ့"

"အင်း...ချိုပြောသလိုပဲ လုပ်ရတော့မှာပေါ့"

မြတ်ကျော်နှင့် ချိုချိုတို့ ချစ်သူနှစ်ဦးမှာ အောင်ဖေနှင့် ထန်တို့နှစ်ဦး အဆင်ပြေစေရန် ဆုတောင်းပေးရုံမှတစ်ပါး မတတ် နိုင်ပါ။

"ထန်"



ထန်မှာ ဒီနေ့အလုပ်နားရက်မို့ တစ်ယောက်တည်း ခြံထဲ ဆင်း လမ်းလျှောက်နေစဉ် မောင်မောင်လတ် ရောက်လာခြင်းဖြစ် သည်။

"သြော်...ကိုလတ်ပါလား"

"ထန် တစ်ယောက်တည်းလား၊ အန့်တီကော"

"ဖေဖေနဲ့မေမေ မိတ်ဆွေတစ်ယောက်အိမ်ကို သွားကြ တယ်လေ"

"ဟုတ်လား၊ ဒါကြောင့် အန်ကယ်နဲ့အန့်တီကို မမြင်တာ ကိုး"

"အဟင်း...ဒါနဲ့ ကိုလတ် ဘယ်က လှည့်လာတာလဲ"

"ဘယ်ကမှ လှည့်မလာပါဘူးဗျာ၊ ထန့်ကို သတိရလို့ ထန့်ဆီ တမင်သက်သက် လာတာ"

"သြော်"

ထန် ဒါပဲပြောလိုက်သည်။

မောင်မောင်လတ်ကတော့ သိပ်လှသည့် ထန့်မျက်နှာ လေးကို ငေးကြည့်၏။

www.burmeseclassic.com

www.burmeseclassic.com



ထန်ကို သူချစ်သည်။

ပိုင်ဆိုင်ယူချင်သည်။

ထန့်ထံမှ အချစ်ကို မျှော်လင့်ပေမယ့် ထန့်ပုံစံလေးက သူနှင့်ပတ်သက်ပြီး အေးစက်လွန်းသည်။

"ထန့်"

"ပြောလေ ကိုလတ်"

"ကိုယ့်ကို ဘယ်တော့မှ ချစ်တယ်လို့ပြောမှာလဲဟင်"

"ထန်…စဉ်းစားဦးမယ်လို့ ပြောပြီးပြီလေ"

"အကြာကြီးစောင့်ရမှာ ထန့်ကို စိတ်မချဘူး"

"ခဏနော် ကိုလတ်၊ ထန် စားစရာတစ်ခုခု သွားလုပ်လိုက်ဦးမယ်"

"ဘာမှမလုပ်နဲ့ ထန်၊ ကျွန်တော် ဘာမှမစားချင်ဘူး၊ ထန်နဲ့ စကားပြောချင်လို့ တမင်လာတာပါ"

ထန်မှာ မောင်မောင်လတ်အေးတွင် ဘာစကားမှ မဆိုတော့ဘဲ မောင်မောင်လတ် ပြောလာမည့်စကားကိုသာ နားစွင့်နေလိုက်၏။



"ထန်"

တိတ်ဆိတ်နေမှုကို စတင်ဖြိုခွင်းလိုက်သူက မောင်မောင်လတ်။ ထန်သည် ပြောလာမည့်စကားကိုသာ နားစွင့်နေလိုက်၏။

"ထန်…ကျွန်တော်တောင်းထားတဲ့အဖြေကို စဉ်းစားပြီးပြီလားဟင်"

"ထန်…ဘာဖြေရမှာလဲ ကိုလတ်၊ အမှန်ပြောရရင် ထန် ဒါတွေကို မစဉ်းစားချင်သေးဘူး"

ထန့်စကားကြောင့် မောင်မောင်လတ် မျက်နှာတစ်ချက် ပျက်သွားရပြီး…

"ထန့်ကို ကျွန်တော် ဖွတ်အတင်း တောင်းဆိုနေတာ မဟုတ်ပါဘူး ထန်၊ ထန့်အနေနဲ့ ကျွန်တော့်ကို စဉ်းစားချင်သေးတယ်ဆိုရင် စဉ်းစားပါဦး၊ ကျွန်တော် စောင့်ပါ့မယ်နော်"

စောင့်ပါလို့ ဘယ်သူမှမပြောဘဲ သူ့အလိုလို စောင့်ပါမည် ကတိပေးလာသူကို ထန် ဘာပြန်ပြောရမှန်း မသိတော့ပါ။

ထန် သိသည်က ထန့်နှလုံးသားလေးသည် အခုထက်ထိ တိုင် သူနှင့်ပတ်သက်လို့ ငြိမ်သက်နေဆဲဆိုတာပင်ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



မောင်မောင်လတ်မှာ စကားသံ တိတ်သွားရသည့် ထန်ကို ငေးခနဲ စိုက်ကြည့်လိုက်သည်။ ရှည်လျားနက်မှောင်သော မဟူရာ ပိုးသားနှယ် ဆံနွယ်ရှည်ကြီးများ ဖြာဝေဝဲကျလျက် ကြည်စင်သော မျက်နှာလေးနှင့် ထန်သည် အကြည့်မလွှဲနိုင်စရာ ကောင်းအောင် သိပ်ကိုလှလွန်းသည်။

ဒါကြောင့်မို့လည်း မောင်မောင်လတ်သည် ဒီမိန်းကလေး ကို သူ့ရင်မှာ မေ့ပျောက်၍မရအောင် မြတ်မြတ်နိုးနိုး စွဲလမ်းစွာ ချစ်နေမိခြင်းဖြစ်သည်။

"ကျွန်တော့်ကြောင့် ထန် စိတ်အနှောင့်အယှက်ဖြစ်သွား လားဟင်"

"အဲဒီလိုလည်း မဟုတ်ပါဘူးကိုလတ်၊ ထန် ပွင့်ပွင့် လင်းလင်းပြောရရင် အချစ်ရေးကို အခုချိန် မစဉ်းစားချင်သေးတာ ပါ"

"ကောင်းပါပြီ ထန်၊ ထန့်သဘောထားကို ကျွန်တော် နားလည်ပါပြီ၊ ဒါပေမဲ့ ထန် စဉ်းစားတဲ့အချိန်မှာတော့ ကျွန်တော် ကံကောင်းပါရစေဗျာ"





"ထန် သေချာစဉ်းစားပါ့မယ်၊ ကိုလတ်ဟာ မေမေ သဘောကျတဲ့သူမို့ ကံကောင်းမှာပါ"

မျှော်လင့်ချက်မဲ့သလို ဖြစ်သွားရသော မောင်မောင်လတ် မှာ ထန့်စကားကြောင့် မျက်နှာကြီး ဝင်းပသွားရပြီး···

"ထန့်ဆီက ဒီစကားကြားရတာနဲ့တင် ကျွန်တော် ကျေနပ်ပါပြီဗျာ၊ တကယ်ပါ၊ ဒါဆို ကျွန်တော်ပြန်တော့မယ်၊ ထန် အလုပ်နားရက် အားတဲ့အချိန်လေးမှာ ကျွန်တော်လာပြီး နှောင့်ယှက်သလိုဖြစ်ပြီ"

"ရပါတယ်ရှင်၊ ထန် နားလည်ပါတယ်"

လူကြီးတစ်ယောက်လို အရာရာ စာနာတွေးတောတတ် သော မောင်မောင်လတ်ကို ထန် ပြန်၍ နားလည်ရပါ၏။

အမှန်တော့လည်း မောင်မောင်လတ်သည် သူ့ရုပ်ရည်၊ ပညာ၊ ဂုဏ်အဆင့်အတန်း၊ ဖခွည်းဥစ္စာနှင့် မျိုးရိုးဆိုတာက ဘာတစ်ခုမှ ပြောစရာမလို။ ထန့်အနေနှင့် လက်ခံသင့်သူဖြစ်သည်။

ခက်တာက ထန့်နှလုံးသားပင်ဖြစ်၏။ ထန့်နှလုံးသားက မောင်မောင်လတ်ကို လက်မခံနိုင်ခြင်းက ထန့်ကို အခက်တွေ့စေရ



www.burmeseclassic.com

www.burmeseclassic.com



သည်။ ထန့်အပေါ် အရာရာစိတ်ရှည်ကာ နားလည်သိတတ်လွန်းသော မောင်မောင်လတ်နှင့် ပတ်သက်လာလျှင် ထန့်နှလုံးသားလေးသည် အမြဲလိုအေးစက်နေရမြဲ မဟုတ်လား။

မောင်မောင်လတ်နှင့် ပတ်သက်လာလျှင် ထန် ဘာကြောင့် ဒီလိုမျိုး ဖြစ်ရသည်ကိုလည်း ထန့်ကိုယ်ထန် မသိ။

သေချာသည်ကတော့ ထန် မောင်မောင်လတ်ကို နှလုံးသားက လက်မခံနိုင်ခြင်းပင်ဖြစ်သည်။

♦ ♦ ♦

## အခန်း (၄)

"ရော့…ထန် ဖိတ်စာ"

ချိုချိုက ထန့်လက်ထဲသို့ အဖြူရောင်ဖိတ်စာအိတ်လေး တစ်အိတ်ကို လှမ်းပေးသည်။

"ဘာလဲ…ဒါက ချိုချိုနဲ့ ကိုမြတ်ကျော်တို့ရဲ့ မင်္ဂလာဖိတ်စာပေါ့လေ ဟုတ်လား"

"အို…ထန်ကလည်း ကြံကြံဖန်ဖန်၊ ချိုချိုနဲ့ ကိုမြတ်ကျော်ရဲ့ မင်္ဂလာဖိတ်စာက လိုပါသေးတယ်၊ ခုဟာက ချိုချိုမွေးနေ့ဖိတ်စာ"

"ဩော်…ဒီလိုလား၊ မသိလို့ပါရှင်၊ ဆောရီးနော် ချိုချို အဟင်း…ဟင်း…ဟင်း"

www.burmeseclassic.com

www.burmeseclassic.com



ထန် ရယ်ရင်းက ချိုချို၏ မွေးနေ့ဖိတ်စာလေးကို ယူကြည့်လိုက်သည်။ ကြည့်ရင်းက ထန် မျက်မှောင်ကြုတ်လာရပြီး…

"ချိုချိုရဲ့မွေးနေ့က သန်ဘက်ခါပဲ"

"ဟုတ်တယ်လေ၊ ထန် လာဖြစ်အောင်လာရမယ်နော်၊ မလာရင်တော့ ချိုက စိတ်ဆိုးမှာ"

"ဒါ ပြောစရာလား ချိုချိုရဲ့၊ လာရမှာပေါ့၊ ကိုယ့်သူငယ်ချင်းအရင်းကြီးရဲ့ မွေးနေ့ကိုမှ မလာရင် ထန် ဘယ်သူ့ပွဲကို သွားရဦးမှာလဲ"

ချိုချိုမှာ ထန့်စကားကြောင့် ကျေနပ်သွားရသလိုမျိုး မျက်နှာလေးပြုံးလာရကာ…

"ဒါကြောင့် ထန့်ကို ချိုချိုက ချစ်တာ"

"သွားပါ"

"အဟင်း…ဟင်း…ဟင်း"

ထန်မှာ ချစ်စနိုးဟန်နှင့် သူမပါးလေးကို ဆွဲလိမ်လာသည့် ချိုချိုလက်ကို မျက်စောင်းလေးဝင့်ကာ ပုတ်ချရင်းက နှစ်ယောက်သား သဘောတကျနှင့် ရယ်မောလိုက်၏။



တကယ်လည်း ချိုချို့မွေးနေ့ပွဲကို ထန် လာဖြစ်အောင် ရောက်လာပါ၏။ ချိုချို၏ မွေးနေ့ပွဲက ညဘက်မှာလုပ်တာမို့ သူမတစ်ခြံလုံး မီးရောင်စုံများ ထိန်ထိန်လင်းလျက် တေးသံသာများဖြင့် စည်ကားနေရသည်။

သားအမိနှစ်ယောက်တည်းဆိုပေမယ့် ချိုချိုနှင့် သူ့အမေသည် အပေါင်းအသင်းများသူမို့ ချိုချို့မွေးနေ့ပွဲက ထင်တာထက်ပင်ပို၍စည်ကားသည်။ ထိုအထဲတွင် အနေခက်ရသူက ထန်ဖြစ်၏။

ထန် အနေအေးသူမို့ လူများများကြားတွင် နေရခြင်းကို စိတ်မှာ ကျဉ်းကြပ်လှပါ၏။

"လာ…ထန်၊ ထန့်ကို ချိုချိုမျှော်နေတာ"

အနက်ရောင် ပိုးချည်ဖြောင်သားပေါ်တွင် ငွေချည်လေးများ စေ့စေ့စပ်စပ် ဖောက်ထားသော ထက်အောက်ဆင်တူ ကိုယ်ကပ်လက်ပြတ် ဝတ်စုံလေးနှင့် ဆံနွယ်ရှည်ကြီးများကို ဘေးတစ်ချက်တစ်ဖက်ဆီမှနေ အလယ်သို့ ခပ်မြင့်မြင့်စုသိမ်းလျက် လည်အနည်းငယ်ဟိုက်ကာ ချုပ်ထား၏။ အကြောစိမ်းလေးများပင် မြင်နေရသော ဝင်းဝါသော လည်တိုင်ရှင်းရှင်းလေးထက်တွင် စိန်နှင့် ပလက်တီနမ်

www.burmeseclassic.com

www.burmeseclassic.com



ရောကာ ဒီဇိုင်းဆန်းဆန်းပုံဖော်ကာ စိတ်ကြိုက်အပ်ခဲ့သည့် စိန်နှင့် ပလက်တီနမ် နှစ်ဆင့်ကြိုးလေးက ဝင့်ထည်စွာ နေရာယူထား၏။

ရှည်လျားနက်မှောင်သော ဆံနွယ်ရှည်ကြီးများကို အလယ်သို့ စုသိမ်းလိုက်သည်မို့ မျက်နှာလှလှလေးက ပို၍ပေါ်လွင်သွားရသလို ထိုမျက်နှာရှင်းရှင်းလေးနှင့် လိုက်ဖက်စွာ နားတွင်လည်း စိန်ဖြူသန့်ရှယ်တစ်လုံးတည်းကို ဘေးမှနေ စိန်ပွင့်သေးသေးလေးများ ဝန်းရံလျက် ပလက်တီနမ်နှင့် ရောလုပ်ထားသည့် နားကပ်က စိန်ရောင်ကြောင့် တဖျပ်ဖျပ်လက်ကာ ထန့်အလှကို ပို၍ဝင့်ကြွားနေသည်။

မြင့်သောအရပ်နှင့်အတူ သူ့နေရာနှင့်သူ အချိုးအစားပြေပြစ်လွန်းလှသော ထန်၏ ကောက်ကြောင်းပြေပြစ်လှပလွန်းသော ခန္ဓာကိုယ်လေးကလည်း ထင်းနေ၏။ သူမဝတ်လာသော ငွေချည်လေးများ ဝေဆာစွာဖောက်ထားသော အနက်ရောင် ပိုးချည်ဖြောင်ဝတ်စုံလေးက ထန်၏ ဝင်းဝါစိုပြေသော အသားအရေနှင့် လွန်စွာလိုက်ဖက်ညီလှသည်။

ခြုံ၍ပြောရသော် ထန့်အလှသည် မျက်ခုံးမျက်လုံး၊ နှုတ်ခမ်းနှင့် မေးရိုးအကျကအစ သူမတူအောင် ထူးကဲသည့် အလှပိုင်ရှင်လေးဖြစ်သည်မို့ ယခုမွေးနေ့ပွဲကိုလာသော ထန့်အလှသည် မြင်ရသူကို အကြည့်မလွှဲချင်စရာ၊ မိန်းကလေးချင်းပင် ငေးယူရသည်။



ထိုအလှကြောင့်လည်း ထန် ရောက်လာပါပြီဆိုကတည်းက မွေးနေ့ပွဲလာ ဧည့်ပရိသတ်များက ထန့်အလှကို အားကျငေးမောသည့် အကြည့်များဖြင့် ကြည့်နေကြသည်မှာ ထန် မနေတတ်အောင် ရှိလာရသည်။

''ထန်…ကြည့်စမ်းပါဦးကွယ်၊ လှလိုက်တာ၊ သိပ်လှတာပဲ''

ကော်ရုပ်လေးတစ်ရုပ်လို လှနေသည့် မွေးနေ့ရှင်ဖြစ်သူ ချိုချိုကပင် ထန့်အလှကို ပြန်၍ ချီးကျူးရသည့်အဖြစ်။

ချိုချို့စကားကြောင့် ထန် မနေတတ်စွာ ရှက်ပြုံးလေးပြုံးမိသွားရပြီး…

''ချိုချိုလည်း လှတာပါပဲ''

''ဒါပေမဲ့ ထန့်အလှကိုတော့ ချိုက မမီပါဘူးနော်''

www.burmeseclassic.com

www.burmeseclassic.com



"သိပ်လည်း မြှောက်မနေနဲ့နော်၊ ကျေးရမှာ ထန် မဟုတ်ဘူး၊ ချိုချိုဆိုတာလည်း သတိထားဦး၊ အဟင်း…ဟင်း"

"ချိုက မြှောက်ပြောတာ မဟုတ်ပါဘူး ထန်ရဲ့၊ တကယ်လှလို့ ထန့်ကို လှတယ်ပြောတာ"

"အို…တော်ပြီကွယ်၊ ချိုချိုပြောတာနဲ့ ထန် မနေတတ်တော့ဘူး၊ တော်ကြာ ထန် ပြန်သွားမိလိမ့်မယ်"

တကယ်ပင် အနေခက်သလိုဆိုလာတော့ ချိုချိုက ရယ်သည်။

"ထန်နော်…ချိုချိုရဲ့ အရင်းနှီးဆုံးနဲ့ အချစ်ဆုံးသူငယ်ချင်းဆိုလို့ ထန်ပဲရှိတာ၊ ချိုချို မွေးနေ့မှာ ထန် မပြီးမချင်း နေပေးရမယ်"

"အလိုလေးလေး ဒါတော့ မလွန်ဘူးလား ချိုရယ်၊ ချိုချို့ကိုတော့ ခင်ပါတယ်၊ ဒါပေမဲ့ ချိုချိုပြောသလို အဲလောက်အကြာကြီးတော့ နေပေးလို့ဖြစ်မယ်မထင်ဘူး"

"မဖြစ်လည်း ဖြစ်အောင် နေပေးရမှာပဲ"

ကလေးဆိုးကြီးတစ်ယောက်လို ပြောနေသော ချိုချို့ကို ထန် ဘာမှမပြောဘဲ ပြုံး၍သာ ကြည့်နေလိုက်ပါသည်။

ဒိုး:မိုး:၀၁၆၀



မွေးနေ့ရှင် ချိုချိုကို ထန်သည် သူ့မကြောင့် စိတ်အနှောင့်အယှက် မဖြစ်စေလိုသောကြောင့် ဖြစ်သည်။

အချိန်ရလာလေလေ မွေးနေ့ပွဲလေးမှာ ပို၍စည်ကားလျက် ဆူသံသာဖြင့် မြူးကြွနေ၏။ လူတွေ ရှုပ်ထွေးလာတာမို့ ထန် အများကြားတွင် မနေလိုတော့ဘဲ မှောင်ရိပ်ခပ်ကျကျ ပန်းခြံထဲသို့ လျှောက်လာခဲ့လိုက်သည်။ ချိုချိုကတော့ လာသမျှဧည့်သည်များကို ဧည့်ခံနေရသည်မို့ ထန့်အနားမလာနိုင်။

တိမ်တချို့ ဖုံးကွယ်ထားသောကြောင့် တစ်ဝက်သာပေါ်နိုင်သော လရောင်က ထန့်ကိုယ်ကို လွှမ်းခြုံထားသည်။ ပန်းရနံ့များ သယ်ဆောင်လာသော မြောက်ပြန်လေနုအေးက ထန့်မျက်နှာလှလှလေးထက် အလုအယက် တိုးဝှေ့ကျီစယ်သွားကြသည်။

ထန် ကြည်လင်အေးမြသော လေနုအေးများကို အားရပါးရ ရှူရှိုက်လိုက်တော့မှ စောစောက မွန်းကြပ်ပိတ်လှောင်နေရသော သူ့မစိတ်များ လန်းဆန်းသလို ဖြစ်သွားသည်။

"ဟင်း…ခုမှပဲ စိတ်ထဲ လန်းသွားတော့တယ်"

လူများကြားတွင် မနေတတ်သူမို့ ထန် ယခုမှ အေးမြ

ဒိုး:မိုး:၀၁၆၀

www.burmeseclassic.com

www.burmeseclassic.com



သော ဂရောင်ကို ထန် ငေးကြည့်မိလိုက်သည်။

''ထန်''

''ရှင်''

''ဟင်''

နောက်ပါးဆီမှ နီးကပ်စွာခေါ်လိုက်သံကြောင့် ထန် အကြည့်လေးများ နောက်သို့ ဖျတ်ခနဲ ရောက်ရှိသွားရတော့ မျက်လုံးလေး ပိုင်းသည်အထိ ထန် အံ့ဩသွားရသည်။

ထန် တွေ့လိုက်ရသူက သူမ မတွေ့ချင်၍ ရှောင်ပြေးနေသူ ဦးအောင်ဖေပင်ဖြစ်သည်။

ဦးအောင်ဖေပုံစံက ထန် သူ့ကို တွေ့မြင်နေကျနှင့် တခြား စီ ယောလုံချည် ရှားညိုရောင်နှင့် ရှပ်အင်္ကျီအဖြူဆွတ်ဆွတ်ကို လက်ခေါက်ဝတ်ထားသည့် သူ့ပုံစံက သူမခါတိုင်း သူ့ကို ဘောင်းဘီရှည်နှင့် တွေ့နေတာနှင့် တခြားစီမို့ ထန့်မျက်စိထဲ အမြင် ဆန်းနေရတာတော့ အမှန်ဖြစ်သည်။

အမြင်ဆန်းသည်ဆိုတာထက် ထန့်မျက်ဝန်းထဲမှာ ကြည့် ကောင်းနေသည်ဆိုလျှင် မမှားပါ။





''ထန် ရောက်နေကတည်းက ကိုယ်မြင်တယ်၊ ဒီဘက် ထန် ထွက်လာတာမြင်လို့ ကိုယ်လိုက်လာတာ၊ ပြီးတော့ ထန့်ကို လည်း ကိုယ် တောင်းပန်ချင်လို့''

''ဟင်''

ထန့်ကိုလည်း မကြည့်ဘဲ အကြည့်များကို တခြားသို့ လွှဲထားရင်းက ပြောလိုက်သည့် ဦးအောင်ဖေ့စကားကြောင့် ထန် အံ့ဩသွားသည်။

''ထန့်ကို အရင်ကကိစ္စတွေနဲ့ ပတ်သက်ပြီး ကိုယ်တောင်း ပန်ပါတယ်၊ ပြီးတော့ ကိုယ့်အပေါ်မှာလည်း ထန် အမြင်ရှင်းစေချင် တယ်''

ထန် ဘာမှမပြော။

သူ့နားက ထွက်သွားချင်နေသည်။ ချိုချိုပြောတော့ ဒီပွဲကို ဦးအောင်ဖေ မလာဟု ပြောထားပြီးမှ။

ထန့်နားကို သူရောက်လာသည်။ ထန် သူနှင့် ကြာရှည် ရင်မဆိုင်ချင်။

''ရှင်နဲ့ကျွန်မကြားမှာ ဒါတွေပြောနေတော့ကော ဘာထူး



www.burmeseclassic.com

www.burmeseclassic.com



လာမှာမို့လို့လဲ ဦးအောင်ဇေ''

''ဘာတွေထူးလို့လဲဆိုတော့ ထန် ကိုယ့်ကို အမြင်ရှင်းစေချင်တာပါပဲ၊ ဘာဖြစ်လို့ ကိုယ် ဒါတွေပြောရလဲဆိုရင် ထန့်ကို ကိုယ်ချစ်မိနေလို့ပဲ''

''ဟင်''

''ကိုယ် ရှင်းရှင်းပဲပြောတော့မယ်၊ ထန့်ကို ကိုယ်ချစ်တယ်၊ လက်ထပ်ချင်တယ်၊ ထန့်အချစ်ကို ပိုင်ဆိုင်ချင်တယ်''

''အို''

မပြောမပြောနှင့် ပြောမယ့်ပြောတော့လည်း ဟောဟောဒိုင်းဒိုင်းနှင့် ပြောချလိုက်သော ဦးအောင်ဇေ စကားအဆုံးတွင် ထန့်မျက်နှာလေး ရဲခနဲဖြစ်သွားသည်။ သူ့စကားများကိုလည်း မယုံကြည်နိုင်။

ယုံကြည်နိုင်စရာလည်း သူမတွင် အကြောင်းမရှိ။ သူ့မိသားစု ကိုယ့်မိသားစု ဆွေစဉ်မျိုးဆက် ဖြစ်လာရသော ပြဿနာကို သူ့အလှည့်တွင် ထန့်ကို လက်စားချေတုံ့ပြန်လို၍ ထန့်ကို သူ ဒီလိုနည်းနှင့် လှချဉ်းကပ်နေမှန်းလည်း ထန် နားကျင်စွာ



သိလိုက်ရတော့ ထန့်မျက်နှာလေး တင်းသွား၏။

မပီပြင်သည့် လရောင်အောက်တွင် ကြည်စင်ရှင်းသန့်သော မျက်နှာလှလှလေးနှင့် ရက်ရက်စက်စက် လှလွန်းနေရသည့် ထန့်မျက်နှာနုနုထွေးထွေးလေးကို အောင်ဇေ မျက်ဝန်းညိုအစုံနှင့် စူးစူးစိုက်စိုက်လေး ကြည့်နိုင်၏။

''ကိုယ် ထန့်ကိုသိပ်ချစ်တယ်၊ ကိုယ့်အပြုအမူတွေကို ထန် ပြန်မှတ်မိရင် ကိုယ် ထန့်ကို သိပ်ချစ်တယ်ဆိုတာ ထန် သိလာမှာပါ''

''ထန်''

''အို''

ပြောရင်းက ဦးအောင်ဇေ၏ လက်တစ်ဖက်က ထန့်လက်လေးကို ခပ်တင်းတင်း လာရောက်ဆုပ်ကိုင်လိုက်တော့ ထန့်ကိုယ်လေး တွန့်သွားရကာ သူ့လက်ထဲက သူမလက်လေးကိုလည်း ရုန်းယူလိုက်သည်။

အောင်ဇေက မလွှတ်။ မလွှတ်သည့်အပြင် သူ့လက်အစုံက ထန့်ကိုယ်လေးကို သူနှင့် ရင်ချင်းဆွဲကပ်လျက် သိမ်းကျုံးဆွဲ

www.burmeseclassic.com

www.burmeseclassic.com



ဖက်လာသောအခါ ထန် မျက်လုံးလေး ဝိုင်းဝိုင်းလည်သွားသည်။

"ချစ်တယ် ထန်ရယ်"

"ဦးအောင်ဇေ"

သူ့မျက်နှာချောချောက ထန့်မျက်နှာလှလှလေးနှင့် တသား ကျမတတ် ပူးကပ်သွား၏။ လိုက်ဖြာထက်သန်သော အနမ်းနွေးနွေးများက ထန့်မျက်နှာလေးအနှံ့ကို မွတ်မွတ်သိပ်သိပ်နှင့် ပြင်းပြင်း ရှရှ ကျရောက်လာသဖြင့် ထန့် အသက်ရှူလေးများ မွန်းကြပ်သွား သည်။

"ချစ်တယ် ထန်ရယ်၊ သိပ်ချစ်တယ်ဗျာ"

ဗလုံးဗထွေး စကားတွေဆိုရင်းက အောင်ဇေသည် ထန့် ကိုယ်လေးကို ခါးကျဉ်ကျဉ်လေးမှနေ ဖျစ်ညှစ်ဆွဲဖက်လိုက်ပြီး ထန့်မျက်နှာလှလှလေးထက်ကို အနမ်းပန်းများ နေရာလပ်မကျန် အောင် ပွင့်ဖူးစေလိုက်ပြန်သည်။

ထန့်မှာ အတွေ့အကြုံမရှိသူပီပီ အောင်ဇေ၏ အတွေ့အထိ အချစ်များကြားတွင် အငိုက်မိလျက် မှင်သက်သူတစ်ယောက်လို ရှိနေရကာ သူ့ရင်ခွင်ထဲတွင် လူက မလူးသာမလွန့်သာနှင့် မွန်းကြပ်



လျက် ရင်ခုန်သံတွေ မြန်သွားသည်။

အသိလေး ဝင်လာရသည်နှင့် ထန် သူမကိုယ်လေးကို အောင်ဇေ့ရင်ခွင်ထဲမှ ခပ်ကြမ်းကြမ်းပင် ရုန်းထွက်လိုက်၏။

"ရှင်...လွှတ်...လွှတ်ဆိုနော်"

"ဟင့်အင်း"

"ထန့်ကိုချစ်တယ်"

ထန် စကားမှ မဆုံးလိုက်ရ။ ပွင့်ဖတ်လေးများအလား ရှိနေရသည့် အိထွေးနူးညံ့သော ထန့်ပေါ် အောင်ဇေ အနမ်းပန်းများ ရောက်ရှိလာရသောအခါ ထန် အသက်ရှူ မွန်းကြပ်သွားသည်။

ထန် ဒီတစ်ကြိမ်တော့ဖြင့် သူမကိုယ်လေးကို အားရှိ သလောက် ဖွန့်ရုန်းထွက်လိုက်ပြီး...

"ကဲဟယ်...စော်ကားဦး"

"ဖြန်း"

"ဖြန်း"

"အဟင့်...ဟင့်...ဟင့်"

မျက်နှာလှလှလေးပေါ် လက်လေးနှစ်ဖက် အုပ်မိုး

www.burmeseclassic.com

www.burmeseclassic.com



ငိုရှိုက်ကာ ထန် အနားက ပြေးထွက်သွားတော့ နေရာမှာပင် ငေးငေး ငူငူ ကျန်ရစ်သည်က အောင်ဖေဖြစ်သည်။

"ဟား...ထန်ရယ်၊ သိပ်ချစ်တယ်ဗျာ၊ ထန် မောင့်ကို ဘယ်လိုပဲမုန်းမုန်း၊ မောင်ကတော့ မမုန်းနိုင်ပါဘူးဗျာ၊ မမုန်းနိုင်ပါဘူး"ဟု အောင်ဖေ တစ်ကိုယ်တည်း ညည်းတွားမိလိုက်ပါတော့သည်။

♦ ♦ ♦

"ချိုချို့မွေးနေ့တုန်းက ထန် ဘယ်အချိန်က ပြန်သွားမှန်းတောင် ချိုချို မသိလိုက်ရဘူး၊ ဧည့်သည်တွေ အရမ်းများနေတာနဲ့ ထန့်ကို ချိုချို့ဘက်က လျစ်လျူရှုသလို ဖြစ်သွားရင် ခွင့်လွှတ်ပါကွာ"

ထန် အလုပ်ကို ရောက်ရောက်ချင်းမှာပင် ချိုချိုက ထန့်ဘေးတွင် လာထိုင်ကာ ပြောလိုက်ခြင်းဖြစ်သည်။

"ရပါတယ် ချိုချိုရယ်၊ ထန် နားလည်ပါတယ်"

ထန် ချိုချိုမေးသမျှ စကားများကို တစ်လုံးချင်း ပြန်ဖြေရင်းက လူက ငေးငိုင်တွေဝေနေ၏။

ချို့မွေးနေ့က အဖြစ်သည် ထန်အား ယနေ့ထက်တိုင် ချောက်ချားနေရဆဲဖြစ်သည်။ ထိုအဖြစ်တွေကို တွေးမိလေတိုင်း



www.burmeseclassic.com

www.burmeseclassic.com



ထန် ရင်ခုန်သံတွေ မမှန်နိုင်သလို နှုတ်ခမ်းလေးများလည်း နာကျင်နေတုန်းဖြစ်သည်။

"ထန် ဘာဖြစ်နေတာလဲဟင်၊ ထန့်ကိုကြည့်ရတာ တစ်ခုခု ဖြစ်နေသလိုပဲ၊ ဘာလဲ ချိုချို့ကို စိတ်ဆိုးနေတာလား"

ငေးတိငေးငိုင်နှင့် အမူအရာ အေးစက်စက်ဖြစ်နေသော ထန့်ကို ချိုချိုသည် အကဲခတ်သလို မေးတော့ ထန်မှာ သူမကိုယ် သူမ ဣန္ဒြေပြန်ဆည်ကာ...

"မဟုတ်တာ ချိုရယ်၊ ထန်က ဘာဖြစ်လို့ ချို့ကို စိတ်ဆိုးရမှာလဲ၊ ထန် ခေါင်းနည်းနည်းကိုက်နေလို့ ခွင့်ယူပြီး အိမ်ပြန်နားမလား စဉ်းစားနေတာပါ"

အမှန်တော့ ထန် ကုမ္ပဏီတစ်ခုထဲတွင် အတူရှိနေသည့် ဦးအောင်ဇေကို ရင်မဆိုင်မတွေ့ချင်သောကြောင့် ဖြစ်သည်။

ထန်မှာ ဦးအောင်ဇေနှင့် မျက်နှာချင်းဆိုင် တွေ့ရမည့်အရေးတွေးကာ စိုးရိမ်ကြောက်လန့် ရက်ရွံ့ကြီးစွာ ရှိနေပါသည်။

အလုပ်တွင် ရှိနေပါက ဦးအောင်ဇေကို ထန် တစ်နည်းမဟုတ် တစ်နည်းနှင့် ရင်ဆိုင်တွေ့ရမည်ဖြစ်သည်။ သူ့ကို မတွေ့ချင်၍ အလုပ်က ခွင့်ယူပြန်ရင်လည်း ထန်သည် မေမေ နေမကောင်းတုန်းက ခွင့်ယူရက်တွေ များနေသည်မို့ ကုမ္ပဏီကို အားနာရပြန်၏။



ခက်သည်ကလည်း ထန် သူ့ကို ရင်မဆိုင်ရဲခြင်းပင်ဖြစ်သည်။ အဖြစ်အပျက်များသည် သူနှင့်ထန် နှစ်ယောက်တည်းသိထားသည်ဆိုပေမယ့်လည်း ထန် ကိုယ့်လိပ်ပြာကို ကိုယ်မလုံပါ။

ချိုချိုသည် မျက်နှာလေးနွမ်းနေသည့် ထန့်ကို တစ်ချက်ကြည့်လိုက်ပြီး...

"နေမကောင်းရင်လည်း ထန် ခွင့်ယူပြီး အိမ်ပြန်နားရင်နားလိုက်လေ၊ ထန့်အလုပ်တွေ ချိုချို လုပ်ထားလိုက်ပါ့မယ်"

သည်လိုဆိုပြန်တော့လည်း ထန် ချိုချို့ကို အားနာသည်။

"နေပါစေ ချိုရယ်၊ ကျေးဇူးပါပဲ၊ ထန် ခွင့်မယူတော့ပါဘူး"

ထိုနေ့ကတော့ ထန် သူမစိတ်အာရုံများကို အလုပ်ထဲတွင်သာ နှစ်လျက် အလုပ်ကိုသာ ကြိုးစားလုပ်ရသည်။ ဦးအောင်ဇေနှင့်ပတ်သက်သမျှ အကြောင်းတွေက ထန့်အတွေးထဲကို ခကြာခဏ

www.burmeseclassic.com

www.burmeseclassic.com

ရောက်ရောက်လာ၏။

ထန့်အတွက် တစ်ခုကံကောင်းသည်က ထန် ထိုနေ့တစ်နေ့လုံး သူမ မမြင်ချင်၊ မတွေ့ချင်သည့် ဦးအောင်ဇေကို အရိပ်အယောင်ပင် မမြင်ရခြင်းပင် ဖြစ်သည်။

အလုပ်ဆင်းတော့ မောင်မောင်လတ်မှာ ထန့်ကို လာကြို၏။ ထန် မောင်မောင်လတ်ကားလေးနှင့်ပင် အလုပ်မှ အိမ်သို့ ပြန်လာခဲ့သည်။

မေမေ့ဆန္ဒဖြင့် ထိုအချိန်မှစ၍ မောင်မောင်လတ်သည် ထန့်အတွက် သီးသန့်ဒရိုင်ဘာလို ဖြစ်ခဲ့ရကာ ထန် အလုပ်သွားအလုပ်ပြန်ကို သူကသာ ထန့်အတွက် ကြိုပို့လုပ်ပေး၏။

ထို့ကြောင့် ထန်နှင့်သူ့မှာ နှစ်ဦးသား တစ်တွဲတွဲရှိနေရသည်။

ဒါကိုကြည့်ပြီး အသည်းနာ ရင်နာရကာ အချစ်ဝေဒနာ အသည်းအသန် ခံစားရသူက အောင်ဇေဖြစ်သည်။

သူ့မှာတော့ဖြင့် သူ့ကိုမြင်ရင် ထန် အနေခက်မည်စိုးသောကြောင့် ထန်ကို နောက်ကွယ်ကနေ အရိပ်တကြည့်ကြည့် ရှိနေရ





လောက် ထန်ကတော့ဖြင့် သူ့ခံစားမှုတွေကို နားမလည်ပါ။ မောင်မောင်လတ်နှင့် နှစ်ယောက်သား တတွဲတွဲရှိနေ၍ အောင်ဇေ့ကို နာကျင်စေသည်။

သည်ကြားထဲ ထန် သူ့ကိုတွေ့တိုင်း မျက်နှာလုလုလေး လွှဲသွားတတ်သည်မို့ ရင်မှာ ပို၍အခံရခက်ခက် မချင့်မရဲဖြစ်ရ၏။

သို့သော် အောင်ဇေသည် ဒီအဖြစ်ကိုလည်း သူ မတားဆီးနိုင်ခဲ့ပါ။

ဩော်…ချစ်ရသည်က ပင်ပန်းလွန်းပါသည်လား။

◆ ◆ ◆



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၅)

"ထန်…မင်းနဲ့ မောင်မောင်လတ် စေ့စပ်တော့မယ်ဆို ဟုတ်လား"

ချိုချို့အမေးကို ထန် ခေါင်းလေးညိတ်ပြလိုက်သည်။ ဟင်ခနဲနေအောင် ဖြစ်သွားရသူက ချိုချို။

ထန့်သဘော ထန့်ဆန္ဒနှင့်ဆို ကိုမောင်မောင်လတ်နှင့် စေ့စပ်တာကို လက်မခံချင်ပေမယ့်လည်း နှစ်ဖက်လူကြီးမိဘများ၏ ဆန္ဒက ရှိနေသည်မို့ ထန် စေ့စပ်ခြင်းကို ခေါင်းညိတ်လိုက်ရခြင်း ဖြစ်သည်။

ထန်နှင့် ကိုလတ် စေ့စပ်တော့မည်ဆိုပေမယ့် ထန့်မျက်နှာ လှလှလေးမှာ ကြည်ကြည်လင်လင်နှင့် ရွှင်ရွှင်ပျပျ မရှိတာကို



ချိုချို သတိထားမိလိုက်သည်။

မချစ်ပါဘဲနှင့် ချစ်ဟန်ဆောင်ကာ ကိုယ့်ကိုယ်ကို ညာနေသော ထန့်ကို ချိုချို အမှန်မြင်စေချင်သည်။

"ထန်ရယ်…မင်း ကိုအောင်ဇေကို နည်းနည်းမှ စိတ်မဝင်စားဘူးလားဟင်"

ရုတ်တရက် ချိုချို့အမေးကြောင့် ထန့်ကိုယ်လေး ဆတ်ခနဲ တုန်သွားသည်။ ဦးအောင်ဇေကို စိတ်မဝင်စားဘူးလားဆိုသော မေးခွန်းကို ထန် ဖြေရန်စကားမရှိ။

ရှိသည်ထားဦး ထန်သည် ဖြေလိမ့်မည်မဟုတ်။

"သူ့အကြောင်းမပြောပါနဲ့ ချိုရယ်"

ဦးအောင်ဇေဆိုတာက ထန်နှင့် ဘယ်လိုမှ မနီးစပ်နိုင်သည့် လူတစ်ယောက်။ ပြီးတော့ ထန်တို့နှစ်ယောက်က တစ်ယောက်ဘဝထဲကို တစ်ယောက် ဝင်ရောက်လို့ မဖြစ်သည့်သူတွေ။

ဒါတွေအားလုံးကို နားလည်အောင် ထန် ချိုချို့အား ဘယ်လိုရှင်းပြရမည် မသိတော့ပါ။

သူမစိတ်ထဲ လောလောဆယ် သိသည်က ထန့်ရင်အုံ

www.burmeseclassic.com

www.burmeseclassic.com



သည် နာကျင်ကြေကွဲနေရခြင်းပင်ဖြစ်သည်။

ဘာကြောင့်ဖြစ်ရသည်ကို ထန့်ကိုယ်ထန်လည်း မသိ၊ နားမလည်ပါတော့။

ထန် ကုမ္ပဏီကနေ ခွင့်ရက်ရှည်ယူထားသည်။ ဒီရက်အတွင်းမှာ မေမေတို့ လူကြီးချင်းမိဘများသည် ထန်နှင့် မောင်မောင်လက်ကိစ္စကို ယခုလို စီစဉ်နေကြခြင်းဖြစ်သည်။

ချိုချိုမှာ ထန် အလုပ်တွင် ခွင့်ရက်ရှည်ယူထားသည်ကို သိသော်လည်း ယခုလို ထန်တစ်ယောက် မောင်မောင်လက်နှင့် စေ့စပ်တော့မည်ဆိုသော သတင်းကိုတော့ သူမ မသိခဲ့ပါ။

ဒီရက်တွေမှာ အလုပ်များသောကြောင့် ထန်နှင့်လည်း ချိုချိုသည် အဆက်အသွယ်မလုပ်ဖြစ်ခဲ့။

သည်လိုကြားကနေ ချိုချို ထန့်အကြောင်းကို သိရသည်က အောင်ဇေကြောင့်ပင် ဖြစ်သည်။

ကိုအောင်ဇေက ထန်နှင့် မောင်မောင်လတ် စေ့စပ်မည့်ကိစ္စမှ လက်ထပ်မည့်အခြေအနေသို့ ပြောင်းသွားသည်။ ထိုသတင်းဟုတ်မဟုတ် ထန့်ထံသွား၍ စုံစမ်းခိုင်းသည်မို့ ယခုလို ထန့်ထံ





ချိုချိုရောက်လာခဲ့ခြင်းဖြစ်သည်။

သည်ရောက်တော့လည်း ထန့်ထံက သိရသည့်ကိစ္စနှင့် ကိုအောင်ဇေ စုံစမ်းခိုင်းသောကိစ္စက ထပ်တူဖြစ်နေရတော့ ချိုချိုသည် ကိုအောင်ဇေအတွက် စိတ်မကောင်းဖြစ်သွားသည်။

ထန်နှင့်ပတ်သက်ကာ ကိုအောင်ဇေ နှလုံးသားဝေဒနာအပြင်းအထန် ခံစားနေရသည်ကို ချိုချို မသိမဟုတ် သိပါသည်။ သို့သော်လည်း ချိုချိုသည် ကိုအောင်ဇေကို သူမဘက်က ဘာမှ မကူညီနိုင်။

"ဟင်း"

ချိုချိုမှာ သက်မတစ်ချက်ကို ခပ်လေးလေး ချလိုက်မိသည်။ ထန့်ကို ကြည့်လိုက်ပြန်တော့လည်း ထန်သည် မကြာမီ လက်ထပ်တော့မည့်သူနှင့် မတူဘဲ မျက်နှာလေးနွမ်းနေသည်။

မဖြစ်တော့။ အချစ်ဆုံးသူငယ်ချင်း ထန် ဒီလိုမပွင့်လင်းသည့် ခံစားမှုနှင့် ခံစားနေရတဲ့အဖြစ်ကို ချိုချို ဒီအတိုင်း လက်ပိုက်ကြည့်နေ၍ မဖြစ်တော့ပါ။

ကိုယ့်ကိုယ်ကို ဘာလိုချင်မှန်းမသိ၊ ကိုယ့်ရဲ့ စိတ်ရင်းမှန်



www.burmeseclassic.com

www.burmeseclassic.com



ကို ဟန်ဆောင်ဖုံးကွယ်နေသော ထန့်ကို ချိုချိုသည် ပွင့်လင်းစေချင်ပါသည်။ ဒါမှသာ ထန့်အတွက် တစ်ချိန်တွင် နောင်တဆိုတာ သူမအတွက် မရှိမှာဖြစ်သည်။

ချိုချိုမှာ စဉ်းစားရင်းက သူမခေါင်းထဲသို့ အတွေးတစ်ခုက ဖျတ်ခနဲ ဝင်လာသည်။ ချိုချိုမှာ သူမအတွေးကို သူမ ကျေနပ်သလိုပြုံးသွားရပြီး…

“ထန့်ကို ချိုချို တစ်ခုမေးမယ်နော်၊ အဲဒါကို ထန့်ရင်ထဲမှာရှိတဲ့အတိုင်း မညာဘဲ ချိုချို့ကို အမှန်အတိုင်းပြောပြပေးဟုတ်လား”

ဘာများလဲဆိုသည့်အတွေးနှင့် ချိုချို့ကို ထန် မျက်လုံးလေး ဝင့်ကြည့်သည်။

“ချို့စကားကလည်း အဆန်းပါလား၊ ဘာများမေးမှာမို့လို့လဲ”

“သြော်…တခြားမဟုတ်ပါဘူးကွာ၊ ထန်လည်း ကိုမောင်မောင်လတ်နဲ့ လက်ထပ်တော့မှာပဲ၊ ချိုသိချင်တာက သူ့ကို ထန်ချစ်သလားပေါ့”



ချိုချို့စကားအဆုံးတွင် ထန့်မျက်နှာလေး ပျက်သွားသည်။ ထိုကို ချိုချိုသည် သတိထားမိလိုက်တော့ မျက်နှာလေးမှာ ကျေနပ်သလို ပြုံးသွား၏။

“ဖြေလေ…ထန်၊ မင်း ကိုမောင်မောင်လတ်ကို ချစ်လားဆိုတာ”

“ထန်…ဘယ်လိုဖြေရမလဲ ချိုချို၊ ကိုလတ်ဟာ ခင်ဖို့ကောင်းတယ်၊ ပြီးတော့ သူဟာ အစစအရာရာ တော်တဲ့လူတစ်ယောက်ပါ”

“ချိုချိုသိချင်တာ အဲဒါမဟုတ်ဘူး ထန်၊ ကိုမောင်မောင်လတ်ကို တကယ်ချစ်မချစ် သိချင်တာ”

“ထန် မညာချင်ပါဘူး ချိုချို၊ ကိုမောင်မောင်လတ်ကို ထန် အစ်ကိုရင်းတစ်ယောက်လို ခင်ရုံကလွဲပြီး ဒီထက်ပိုတဲ့ အချစ်နဲ့တော့ ထန် သူ့ကိုချစ်နိုင်မှာမဟုတ်ဘူးဆိုတာ ထန်ကိုယ်တိုင်ပဲ သိပါတယ်”

စကားအဆုံး နာကျင်ထိခိုက်သလို မျက်နှာလေးလွဲသွားသည့် ထန့်စိတ်ကို ချိုချိုသည် ကောင်းကောင်း အကဲခတ်ခွင့်ရ

www.burmeseclassic.com

www.burmeseclassic.com



လိုက်ပြီဖြစ်သည်။

ထန် သူ့စိတ်ကို သူ မမြင်နိုင်ပေမယ့် ချိုချိုကတော့ ဘေးကနေ ထန့်စိတ်ကို မြင်တွေ့နေသည်။

ချိုချိုမှာ သူမစမ်းသပ်ချက် အောင်မြင်တော့မည်မို့ ကျေ သလို မျက်နှာလေး ပြုံးလာရပြီးနောက် သူမခြေတစ်လှမ်း ရှေ့ဆ တိုးရန် ပြင်လိုက်သည်။

သည်စမ်းသပ်ချက်သည် ထန့်အတွက် ချိုချို၏ နောက်ဆ စမ်းသပ်ချက်ပင်ဖြစ်သည်။ ဒီစမ်းသပ်ချက်သာ အောင်မြင်ပ ချိုချိုနှင့် ကိုမြတ် မျှော်လင့်သလိုမျိုး ထန်နှင့် ကိုအောင်မေ အချစ်ရေးသည် အဆင်ပြေမှာ အမှန်ဖြစ်သည်။

ဘာပဲဖြစ်ဖြစ် သူငယ်ချင်းများ၏ နှလုံးသားအ အဆင်ပြေ စေရန်အတွက် ချိုချိုသည် ကြားကနေ သူ လူမိုက်လုပ်သင့်ရင် လုပ်ရတော့မည်ဆိုသောအတွေးဖြ ကိုယ့်ကိုယ်ကို နှစ်သိမ့်ဖြေလိုက် ရင်း…

"ထန်…မနက်ဖြန် ချိုချို အလုပ်နားရက်၊ မင်း ချိုချို အိမ်ကို လာခဲ့ပါလား၊ တို့တွေ အေးအေးဆေးဆေးတွေ့ပြီး စကား





ပြောကြတာပေါ့"

ချိုချိုစကားကို ထန် စဉ်းစားသလို တစ်ချက်တွေဝေသွား ရသည်။

"လာခဲ့ပါကွာ၊ တို့တွေ အေးအေးဆေးဆေးတွေ့ပြီး စကားမပြောဖြစ်ခဲ့ကြတာ ဘယ်လောက်ကြာပြီလဲ၊ နောက်ဆို မင်းနောက်မှာ ကိုမောင်မောင်လတ်က အမြဲမခွာ တတွဲတွဲပါလာ တော့မှာ၊ အဲဒီအခါကျရင် တို့တွေ အခုလို လွတ်လွတ်လပ်လပ် စကားပြောလို့ရတော့မှာ မဟုတ်ဘူး"

ဟုတ်တော့လည်း ဟုတ်ပါသည်။ ထန်သာ ကိုလတ်နှင့် လက်ထပ်ပြီးလျှင် ထန် သွားလေရာနောက်ကို တကောက်ကောက် ပါနေမှာ အမှန်ဖြစ်သည်။

ပြီးတော့ ချိုချိုပြောသလို ထန်တို့တစ်တွေ အေးအေးဆေး ဆေး စကားမပြောဖြစ်ခဲ့ကြတာလည်း ကြာပြီဖြစ်သည်။

နောက်ဆို ထန် စိတ်လွတ်ကိုယ်လွတ် သွားဖို့ရာ အခွင့် အရေး သိပ်ရှိတော့မည်မဟုတ်။

ရှိသည်ထားဦး ကိုလတ်ကတော့ ထန့်နားမှာ ထန်နှင့်အတူ



www.burmeseclassic.com

www.burmeseclassic.com



ရှိနေမှာဖြစ်သည်။

"ဘယ်လိုလဲ ထန်၊ စဉ်းစားလှချည်လား၊ မနက်ဖြန် ထန်လာမယ်မဟုတ်လား"

"အင်း…လာခဲ့မယ်လေ ချိုချို"

"အိုကေ…ဒါဆို ချိုချိုပြန်တော့မယ်၊ အခု ထန့်ကို သတိရလို့ အလုပ်ကနေ ထန့်ဆီကို ချိုချို လှည့်ဝင်လာတာ၊ ဒါနဲ့ ထန့်မိဘတွေ မမြင်ပါလား"

"အဟင်း…ဖေဖေနဲ့မေမေ ဘုရားလေးသီလရှင်ကျောင်းကို သွားတယ်လေ"

"သြော်…ဒါကြောင့် မမြင်တာကိုး၊ ကဲ ချိုချိုသွားပြီနော် ထန်"

"ကောင်းပြီ ချိုချို"

"ထန် မနက်ဖြန် ချိုချို မျှော်နေမယ်နော်၊ လာဖြစ်အောင် ဆက်ဆက်လာခဲ့ရမယ်သိလား"

"အင်းပါ…ထန် လာခဲ့ပါ့မယ်"

ထန့်အား နှုတ်ဆက်ကာ ထွက်သွားသည့် ချိုချိုကားလေး





ကို ထန် မျက်စိတစ်ဆုံး ငေးကြည့်ရင်းက ကျန်ခဲ့သည်။

ထန့်စိတ်ထဲတွင် မနက်ဖြန် ချိုချို့ဆီသွားမည်ဟု။

♦ ♦ ♦



www.burmeseclassic.com

www.burmeseclassic.com

ချိုချို့အိမ်ကိုရောက်တော့ ချိုချိုသည် ထန် တကယ်

သည်ဆိုကာ ဝမ်းသာနေရှာသည်။

"လာ…ထန်၊ ချိုချိုက မင်းကို လာမှလာပါ့မလား

ထန့်လက်လေးကို ဆွဲကိုင်ကာ ချိုချိုသည် ထန့်

ဧည့်ခန်းထဲသို့ ခေါ်လာခဲ့သည်။

"ထန် လာမယ်လို့ ချိုချို့ကို ပြောပြီးသားပဲ"

"ပြောတော့ ပြောတာပေါ့ကွာ၊ ဒါပေမဲ့ ထန် တက

လာပါ့မလားဆိုတာတော့ ရင်မှာ တဒိတ်ဒိတ်နဲ့ မျှော်နေမိတာ

"ဒါကတော့ ချို့ ပိုတာပါ"

"အဟင်း…ဟင်း"

နှစ်ယောက်သား ဧည့်ခန်းထဲရှိ ဆိုဖာနီနီလေးပေါ်



င်ထိုင်ရင်းက တစ်ယောက်မျက်နှာကို တစ်ယောက်ကြည့်ကာ ဘောကျသလို ရယ်မိကြသည်။

"ချိုချို့မေမေကော မမြင်ပါလား၊ ဘယ်သွားနေလဲ၊ နေတောင် ချိုချို့မေမေနဲ့ မတွေ့တာကြာပြီ"

ထန့်အကြည့်လေးများက အိမ်ထဲသို့ ဝေ့ဝဲကြည့်ရင်း ချိုချို း မေးလိုက်၏။

"မေမေက ရိပ်သာကိုသွားပြီလေ ထန်ရဲ့၊ အခုရက်တွေ မေမေက မနက်ဆို ရိပ်သာသွားတယ်၊ ညနေခင်း ပြန်လာတယ်၊ မေလည်း ဟိုမှာ အဖော်ကောင်းတွေနဲ့ တွေ့ပြီး ပျော်နေတယ် ာ"

သားအမိနှစ်ယောက်တည်းသာ ရှိသည့် ချိုချိုတို့အိမ်လေး အေးအေးချမ်းချမ်းနှင့် တိတ်ဆိတ်လျက် နေချင့်စဖွယ်လေးဖြစ် သည်။

"ထန် အလုပ်ကိုမလာဘဲ အိမ်တွင်းအောင်းနေလို့လား ဘူး၊ အသားတွေ ပိုဖြူလာပြီး ပိုလည်းလှလာတယ်"

"ကြည့်…ချိုချိုကတော့ ထန့်ကို ရောက်ဖြင့်မရောက်

www.burmeseclassic.com

www.burmeseclassic.com



သေးဘူး၊ မြှောက်နေပြီ၊ ရှောပါနော် ထန့်ကိုမမြှောက်လည်း ထန်က ချိုချိုအတွက် စားစရာဝယ်လာပါတယ်"

ပြောရင်းက ထန် သူမဝယ်လာသည့် စားစရာများကို ချိုချိုအား ပေးလိုက်သည်။

"ဒါတွေ ဘာလို့ဝယ်လာရတာလဲ ထန်၊ ချိုချိုက မင်း လာတာနဲ့တင် ဝမ်းသာနေတာပါနော်"

"ဟုတ်ပါပြီ၊ ဝမ်းသာတာလည်း ဝမ်းသာတာပေါ့၊ ချို ထန့်ကို အေးအေးဆေးဆေး စကားပြောမယ်ဆို"

"အဲဒါနဲ့ ဒီမုန့်တွေနဲ့ ဘာဆိုင်လဲ"

"ဒီနေရာမှာတော့ ချို ညှံ့သွားပြီ၊ ဒီမုန့်တွေ တို့စားရင်း စကားတွေ အေးအေးဆေးဆေး ပြောကြမယ်လေ"

"အင်း...ဒီလိုတော့လည်း ထန်က ချို့ထက် သာသွား ပြီပဲ၊ ပေး...ပေး ချို မုန့်တွေသွားထည့်လိုက်မယ်၊ ထန် အေးအေး ဆေးဆေး နေရမယ်နော်၊ ချိုကိုယ်တိုင် ထန်လာမယ်ဆိုလို့ မနေ့ ကတည်းက ထန့်အကြိုက်တွေ ချက်ထားတာ သိလား"

ပြောလည်းပြော ချိုချိုသည် မီးဖိုထဲသို့ ဝင်သွားတော့



ထန်လည်း ချိုချိုနောက်က ပါလာခဲ့ရသည်။

"ဘာတွေချက်ထားတာလဲ ချို"

"ထန့်အကြိုက်တွေပဲ ချို ချက်ထားတာပေါ့၊ ငါးခူစဉ်း ကောကို ပြုပ်သီးစပ်စပ်လေးနဲ့ ရှမ်းနံ့နံ့အုပ်ပြီး ချက်တယ်၊ ပြီးတော့ ကိုက်လန်ကို ကြက်အသည်းအမြစ်လေးနဲ့ ခပ်စပ်စပ်လေး ကြော်ထား တယ်၊ ကြက်သားကို အုန်းနို့နည်းနည်းနဲ့ ဆီပြန်ချက်တယ်၊ အရည် သောက်က ဆယ့်နှစ်မျိုးဟင်းချို၊ နောက် ငါးကို မီးဖုတ်ပြီး ပုစွန် ခြောက်နိုင်နိုင်နဲ့ ဖျော်ထားတဲ့ ငါးပိတစ်ခွက်ကို တို့စရာအစုံပေါ့၊ အချိုကတော့ သခွားသီးအချဉ်လုပ်ထားတယ်၊ ထန် ဘာစားချင် သေးလဲ၊ ချို လုပ်ပေးမယ်လေ"

"အမလေး...တော်ပါပြီ ချိုရယ်၊ ချို ပြောနေတာတွေနဲ့ တင် ထန် ဗိုက်ပြည့်နေပါပြီ၊ ဟင်းတွေကလည်း စုံနေတာပဲ၊ ထန် တစ်ယောက်တည်းကို ဘာလို့ ဟင်းတွေဒီလောက် ချက်ထား တာလဲ၊ နောက်ပြီး ထန် ကုန့်မှာလည်းမဟုတ်ဘူး"

ဟင်းအမယ်တွေ များလွန်းနေရသည်မို့ ထန်မှာ ချိုချိုကို အားနာသလို ဆိုလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"မကုန်မှာတော့ မပူနဲ့ ထန်ရေ၊ စားမယ့်သူတွေက ရောက်လာဦးမှာ"

"ဟင်··ဘယ်သူတွေ လာမှာမို့လို့လဲ"

"ဘယ်သူရှိရဦးမှာလဲ ထန်ရဲ့၊ ချိုချို့လက်ရာကို အားပေးမယ့် ကျွန်တော်တို့ပေါ့"

"ဟင်"

"အို"

ထန်မှာ မထင်မှတ်သူကို မြင်လိုက်ရသောကြောင့် သူမသည် ဟန်မဆောင်နိုင်အောင် မျက်နှာလေး ပျက်သွား၏။

ကြည့်လေ သူမ မြင်တွေ့လိုက်ရသူက ဦးအောင်ဇေနှင့် ကိုမြတ်ကျော်၊ ဦးအောင်ဇေအကြည့်တွေက ထန့်ဆီ စူးစူးစိုက်စိုက်ရောက်ရှိနေတာတွေ့ရတော့ ထန့်မျက်နှာလေး လွှဲလိုက်လေသည်။

ကိုမြတ်ကျော်ကတော့ ထန့်ကို အပြုံးနှင့်နှုတ်ဆက်ကာ ရယ်ရယ်မောမော ပြုံးပြုံးရွှင်ရွှင်နှင့်ပင် အိမ်ထဲသို့ဝင်လာသည်။

"ထန်···မတွေ့တာကြာပြီနော်၊ ရောက်နေတာ ကြာပြီလား"





"ထန်လည်း စောစောကတင်ရောက်တာ ကိုမြတ်ရဲ့"

ထန့်အစား ချိုချိုက ဝင်ဖြေလိုက်တာမို့ ထန် အပြုံးလေးနှင့် …နှုတ်ဆိတ်နေလိုက်သည်။

"ကိုအောင်ဇေ လာထိုင်ပါ"

"ဟုတ်ကဲ့"

ဦးအောင်ဇေနှင့် ကိုမြတ်ကျော်ကို ချိုချိုသည် နေရာပေး…ခိုင်းလိုက်သည့်တိုင် ထန်ကတော့ ဒီအတိုင်း ရပ်နေဆဲဖြစ်သည်။

ဦးအောင်ဇေထံမှ နူးညံ့ရွှန်းလက်သော အကြည့်တစ်ချက်…ထန့်ထံ စူးခနဲ ရောက်ရှိသွားသည်။

"ထန်···လာ ထိုင်လေ"

ထန်မှာ သူ့စကားကို မကြားသလို နေရာမှာပင် ပေရပ်နေ…တော့ အောင်ဇေမှာ ထန်၏ ကလေးဆန်မှုအတွက် ချစ်မြတ်နိုးစွာ…ပြုံးလိုက်သည်။

"အပွန်း···ထန် ကြည့်ရတာ ကျွန်တော်ရောက်လာလို့ …တ်ရှုပ်သွားပြီနဲ့တူတယ်"

"အို"



www.burmeseclassic.com

www.burmeseclassic.com



သူမနှင့် ဦးအောင်ဇေကို မသိမသာ အကဲခတ်သ
ကြည့်နေသော ချိုချိုနှင့် ကိုမြတ်ကျော်ရှေ့တွင် ထန် သူ့စကား
ဘာပြန်ပြောရမှန်းမသိအောင် ဖြစ်သွားရသည်။

တကယ်တော့ ထန် သူပြောသလို သူရောက်လာခြင်း
သူမစိတ်မှာ ရှုပ်ထွေးသွားရသည်က အမှန်ဖြစ်သည်။

ချိုချိုနှင့် ကိုမြတ်ကျော်ရှေ့တွင် သူမရင်ထဲက ခံစား
အမှန်ကို ဘယ်လိုလုပ် ဖွင့်ပြော၍ ဖြစ်မည်တဲ့လဲ။

"အောင်ဇေပြောသလို ကျွန်တော်တို့လာလို့မ
ထန့်စိတ်"

"အို...မဟုတ်ပါဘူး၊ ရုတ်တရက်ဆိုတော့ ထန် အံ့
သွားလို့ပါ"

"အဟွန်း...ဟွန်း ဟုတ်တယ်နော် ထန်၊ ကျွန်တော်
တတွေလည်း ချိုချို့မွေးနေ့ပွဲ ပြီးကတည်းက မတွေ့ရတော့
ခုမှပဲ ပြန်ဆုံရတော့တယ်"

"ကဲ...ထန်တို့ စကားပြောကြဦးနော်၊ ချို ထမင်းပွဲသ
ပြင်လိုက်ဦးမယ်"



"ထန်လည်း လိုက်မယ်လေ"

"နေပါ ထန်၊ ကိုမြတ်ကျော်တို့နဲ့ စကားပြောနှင့်၊ ချို့ဘာသာချို သွားပြင်လိုက်ပါ့မယ်"

"မဟုတ်တာ၊ ထန်ပါ ကူပြင်ပေးမှာပေါ့"

ထန်သည် သူမဘာသာ သူမပြောပြီး ချိုချို့လက်လေးကို ဆွဲခေါ်ကာ ထမင်းစားခန်းဆီသို့ ကူးလာခဲ့လိုက်သည်။

ထမင်းစားခန်းသို့ ရောက်သည်နှင့်...

"ထန်ကလည်းဟယ် ကိုအောင်ဇေကို အားနာစရာ၊ စကားလေးဘာလေး ထန်က ပြောလိုက်ပါဦး"

"အို...ထန်က သူ့ကို ဘာပြောရမှာလဲ"

"ဩော်...ထန်တလည်းကွယ်၊ ဒီလိုပဲပေါ့၊ စကားတွေ ပြောစရာအများကြီးရှိပါတယ်"

"ဟင်...ထန် သူ့ကို ဘာမှမပြောချင်ပါဘူးနော်"

"ဒါနဲ့ နေပါဦး၊ ချိုက သူတို့ကို ဖိတ်ထားတာလား"

နှစ်ဦးသား ထမင်းစားခန်းတွင် ထမင်းပွဲပြင်ရင်းက ထန် သူမစိတ်ထဲ မတင်မကျ ဖြစ်ရသည့်ကိစ္စကို ချိုချိုအား မေးလိုက်

www.burmeseclassic.com

www.burmeseclassic.com



လေသည်။

“တကူးတကကြီး ဖိတ်တယ်လို့တော့ မဟုတ်ပါဘူး ထန်ရယ်၊ ကိုမြတ်ကျော်နဲ့ ဖုန်းပြောရင်းက ထန့်ကို ချိုက အိမ်လာဖို့ ခေါ်ထားတဲ့အကြောင်းပြောတော့ ကိုမြတ်ကလည်း သူတို့ပါ လာမယ်ဆိုတာနဲ့ ချိုလည်း မလာနဲ့လို့ တားလို့မကောင်းတော့လို့ လာလို့ပဲ ပြောလိုက်ရတော့တာပေါ့”

“သူလာမယ်သိရင် ထန် မလာပါဘူး”

“ဘာဖြစ်လို့လဲ ထန်ရဲ့”

“ထန်မှ သူ့ကို မတွေ့ချင်တာ”

ထန့်စကားကြောင့် ချိုချို သက်မချလိုက်ပြီး....

“ထန့်ကို ချို ဆရာလုပ်တာတော့ မဟုတ်ပါဘူး၊ ဒါပေမဲ့ ထန်လည်း စဉ်းစားကြည့်ပါဦးကွယ်၊ ထန်နဲ့ ကိုအောင်ဇေကြားမှာ တကယ်တမ်း ဘာပြဿနာမှ ရှိခဲ့တာမှ မဟုတ်ဘဲ၊ တစ်ချိန်က လူကြီးတွေရဲ့ အဖြစ်ကြောင့်သာ ထန် သူ့အပေါ် တစ်ဖက်သတ် မုန်းနေတာမဟုတ်လား”

ချိုချို့စကားကြောင့် ထန် တွေဝေသလို တစ်ချက်ငြိမ်သွား





ရ၏။

“ထန်”

“တော်ပါပြီ ချိုရယ်၊ ထန့်ကို ဒီအကြောင်းတွေ မပြောပါနဲ့တော့၊ ဘာပဲပြောပြော ထန် သူ့နဲ့ မျက်နှာချင်းမဆိုင်ချင်တာတော့ အမှန်ပဲ”

ကိုအောင်ဇေကို မြင်တာနှင့် မျက်နှာလေး မလန်းတော့သည့် ထန့်မျက်နှာလေးကိုကြည့်ပြီး ချိုချိုပင် စိတ်မှာ မပျော်နိုင်အောင် ဖြစ်သွားရသည်။

“သူတို့ရှိနေလို့ ထန် စိတ်ကျဉ်းကျပ်နေလားဟင်၊ ဒါဆို သူတို့ကို ပြန်လွှတ်လိုက်မယ်လေ”

“နေပါစေ ချိုရယ်၊ အဲလိုဆိုတော့လည်း ဘယ်ကောင်းပါ့မလဲ၊ ပြီးတော့ ထန် ကိုမြတ်ကို အားနာတယ်”

သည်လိုဆိုပြန်တော့လည်း ထန်သည် အားနာသည်။

“ချိုက ထန့်ကို ဘာပဲပြောပြော စိတ်ပျော်စေချင်လို့ အေးအေးဆေးဆေး တွေ့ရအောင် ဖိတ်ထားတာ၊ ထန်က ခုလို စိတ်မပျော်မှတော့ ချို ကိုမြတ်တို့ကိုလည်း အားနာမနေနိုင်တော့ပါ



www.burmeseclassic.com

www.burmeseclassic.com



ဘူး၊ ထန့်စိတ်မှာ လွတ်လွတ်လပ်လပ်ရှိဖို့ပဲ အရေးကြီးတယ်''

သည့်စကားကိုတော့ ချိုချိုသည် ထန့်အား သူမစိတ်ရင်းရှိသည့်အတိုင်း ပြောလိုက်ခြင်းဖြစ်သည်။

ပြောရလျှင် ထန် ညှိုးနွမ်းနေသည့် မျက်နှာလေးကို ချိုချို မမြင်တွေ့ချင်ပါ။

ထန်ဆိုတာက ချိုချိုနှင့် အထက်တန်းမှာကတည်းက ပေါင်းလာသည့် သူငယ်ချင်း။ ဆယ်တန်းအောင်တော့လည်း မေဂျာတူ၊ အတန်းတူနှင့် နှစ်ယောက်သား ညီမရင်းသဖွယ် မခွဲဘဲ တတွဲတွဲရှိလာခဲ့သူဖြစ်သည်။

ထို့ကြောင့် ထန့်အပေါ်တွင် သူမ သံယောဇဉ်ကလည်း မနည်းပါ။ ထန် အခုလို စိတ်ရှုပ်စိတ်ညစ်နေတာ တွေ့ရပြန်တော့ ချိုချိုပင် ထန့်ကိုယ်စား စိတ်မကောင်းဖြစ်ရပါသည်။

ဒါကြောင့်မို့လည်း ချိုချိုသည် ကိုမြတ်တို့ကို အားနာမနေနိုင်တော့ဘဲ ပြန်ခိုင်းရန် ပြင်လိုက်ခြင်းဖြစ်သည်။

''နေပါစေ ချိုချို၊ ရောက်ပြီးမှတော့ ခုလိုပြန်ခိုင်းလို့ ဘယ်ကောင်းပါ့မလဲ၊ ကဲ ထမင်းပွဲ ပြင်ပြီးသွားပြီ၊ ချိုချို သူတို့ကို



သွားခေါ်လိုက်''

''ထန်ကကော''

''ဟင့်အင်း...ထန် မစားသေးဘူး၊ နောက်မှ၊ ကိုမြတ်တို့ကို ချိုချို အရင်ကျွေးလိုက်ပါ''

''မဟုတ်တာ ထန်ကလဲ၊ ထန့်ကို စားစေချင်လို့ ထန့်အကြိုက်တွေ ချိုချိုကိုယ်တိုင် ချက်ထားပါတယ်ဆိုမှ၊ မရဘူး ကိုမြတ်တို့နဲ့ ထန် တစ်ခါတည်းစားရမယ်''

ထမင်းပွဲ ပြင်ပြီးကာမှ ထန် မစားသေးဘူးဆိုသောအခါ ချိုချို မျက်နှာပျက်သွားရသည်။ ထန် ဘာကြောင့် ကိုမြတ်တို့နှင့် အတူမစားချင်သည်ကို ချိုချို သိပါသည်။

ထန်တစ်ယောက် ကိုအောင်ဖေနှင့် ရင်မဆိုင်ချင်၍ဆိုတာ။

''ချိုရယ်...ထန့်အကြောင်းလည်း မင်းသိသားနဲ့၊ ထန်ပြောသလိုသာ ကိုမြတ်တို့ကို အရင်ကျွေးလိုက်ပါ၊ ထန် ဗိုက်လည်း သိပ်မဆာသေးလို့ပါ၊ ကဲ ကဲ သွားခေါ်လိုက်၊ ထန် လုပ်စရာကျန်တာတွေ ဆက်လုပ်ထားလိုက်မယ်''

ပြောပြောဆိုဆို ထန် ချိုချို့ကိုယ်လေးကို ရှေ့သို့ တွန်းပို့

www.burmeseclassic.com

www.burmeseclassic.com



လိုက်တာမို့ ချိုချိုမှာ ထန်းကို ဘာမှမပြောနိုင်တော့ဘဲ နှစ်ယော
သား စကားကောင်းနေသည့် ကိုမြတ်တို့ထံ ရောက်လာခဲ့ရသည်

ချိုချိုကိုမြင်တော့ ကိုမြတ်သည် အပြုံးနှင့်ကြည့်ကာ

"ထန်းကော...ချို"

"ထန်း မီးဖိုထဲမှာ၊ ကဲ ကိုအောင်ဇေနဲ့ ကိုမြတ် ထမင်း
တော့ အသင့်ပြင်ပြီးသွားပြီ၊ သုံးဆောင်ဖို့ ထမင်းစားခန်းကိုကြွ
ပါရှင်၊ အဟင်း...ဟင်း"

အပြုံးလေးစွက်ကာ ပြောလိုက်သည့် ချိုချိုစကားကြော
အောင်ဇေနှင့် မြတ်ကျော်မှာ အပြုံးကိုယ်စီနှင့် ထမင်းစားခန်းထဲ
ရောက်လာသည်။

ထမင်းစားခန်းမှာတော့ ထန်းသည် ထမင်းပွဲအတွ
လိုအပ်တာများ ပြင်ဆင်ပေးနေ၏။

"ထန်း...လာလေ၊ ကျွန်တော်တို့နဲ့ စားရအောင်၊ ချို
ကော လာ၊ ဒီလိုသူငယ်ချင်းလေးယောက် ဆုံဖို့ဆိုတာ ဆုံခဲ
အဖြစ်၊ အခုလိုဆုံတုန်းမှာ ဟောဒီက ဒေါ်ချိုချိုလက်ရာကို ကျွန်တော်
တို့တစ်တွေ ပျော်ပျော်ပါးပါး ဗိုင်းအားပေးမှ ဖြစ်မှာပေါ့"





"ကိုမြတ်တို့ စားနှင့်ပါ၊ ထန် မဆာသေးဘူး၊ နောက်မှပဲ
စားတော့မယ်"

"ဟာ...မဟုတ်တာ၊ ဒီအိမ်ရှင်က ထန်းကို အမိကထား
ပြီး ဖိတ်တာပဲ၊ ကျွန်တော်တို့က ဧည့်မြှောင်တွေပါဗျာ၊ လာပါ
ထန် အဲလို ကျွန်တော်တို့နဲ့ မစားဘဲနေရင် ကျွန်တော်တို့ကြောင့်လို့
ထင်လိုက်မှာ"

"မဟုတ်ပါဘူးရှင်"

"ဒါဆို အတူတူစားဗျာ"

ထန်းကို သူတို့နှင့် အတူစားစေချင်တာနှင့် စကားကို
ဒီလောက် အောက်ကျို့ပြောနေသော ကိုမြတ်ကျော်စကားကြောင့်
ထန် အနေရခက် အားနာသွားသည်။

သူမအကြောင်း သူမသာ သိတာမို့ ဦးအောင်ဇေနှင့်
မျက်နှာချင်း မဆိုင်ချင်ပေမယ့် သူမဘက်က လိုတာထက်ပိုပြီး
သိပ်ရှောင်ဖယ်နေလျှင် မိမိအား တစ်မျိုးအထင်လွဲသွားမှာစိုးသဖြင့်
ဖြစ်လာသည့် အခြေအနေမှာ အားလုံးနှင့် အလိုက်သင့်နေရန်
ကြိုးစားလိုက်ရသည်။



www.burmeseclassic.com

www.burmeseclassic.com



ထန် ထမင်းပွဲဝင်ထိုင်တာမြင်တော့ အောင်ဇေ ကျေနပ်သွားတာကို ထန် မကြည့်ပါဘဲ မြင်တွေ့လိုက်ရသည်။

"အား…ထမင်းပွဲက မြင်တာနဲ့ပဲ စားချင်စရာကောင်းနေပြီ၊ ဒါတွေက ဒေါ်ချိုချို လက်ရာတွေပေါ့လေ"

"ဒါပေါ့ ကိုမြတ်ရဲ့၊ ချိုချိုသူငယ်ချင်းတွေကို ချိုချိုလက်ရာ ဘယ်လောက်ကောင်းကြောင်း ကြွားရသေးတယ်လေ"

"သိပါတယ်ဗျာ၊ ခင်ဗျား သိပ်အကြွားသန်မှန်း"

"ကိုမြတ်နော်"

"အဟွန်း…ဟွန်း… ဟွန်း…ဟင်း…ဟင်း…ဟင်း"

ထမင်းပွဲထိုင်မည်မှ မကြာသေး တစ်ယောက်နှင့်တစ်ယောက် အချစ်ကျီစယ်ကာ ဘုနှင့်ဘောက် ဖြစ်နေရသော ကိုမြတ်နှင့် ချိုချိုကိုကြည့်ကာ အောင်ဇေနှင့်ထန် ကိုယ်စီပြုံးမိကြသည်။

"ကိုအောင်ဇေနဲ့ထန် ချိုချိုလက်ရာကို များများအားပေးရမယ်နော်"

"အဟွန်း…စိတ်ချပါဗျာ၊ ချိုချိုလက်ရာက မြင်တာနဲ့



စားချင့်စဖွယ်ပါ"

အောင်ဇေသည် ပြောရင်းက သူနှင့်မျက်နှာချင်းဆိုင်တွင်ရှိနေသည့် ထန့်ပန်းကန်ထဲသို့ ဟင်းခပ်ထည့်ပေးရင်း…

"စားလေ ထန်"

ထမင်းပန်းကန်ကို ယခုထက်တိုင် မတို့မထိသေးသော ထန့်ကိုကြည့်ကာ အောင်ဇေ ပြောလိုက်သည်။

သည်တော့မှ ထန် သက်ပြင်းလေးချကာ ထမင်းကို စစားသည်။

ကိုမြတ်နှင့် ချိုချိုကတော့ ထန်နှင့် အောင်ဇေကို တမင်သိဟန်ပြုထားသည်လား၊ သိလျက်နှင့် မသိဟန်ဆောင်နေသည်လား မသိတော့ပါ။

သူတို့အနားတွင် ထန်နှင့် အောင်ဇေ မရှိတော့သလို တစ်ယောက်မျက်နှာကို တစ်ယောက်ကြည့်လျက်က အပြုံးတွေနှင့် တစ်ယောက်ကိုတစ်ယောက် ယုယကြင်နာရင်း ထမင်းစားနေသည်။

ထန်နှင့်အောင်ဇေသာ စကားမဆိုဘဲ နှုတ်ဆိတ်နေ၏။

ထိုတိတ်ဆိတ်မှုကို အောင်ဇေကပင် မခံနိုင်တော့သလိုမျိုး ထန့်ကို

www.burmeseclassic.com

www.burmeseclassic.com



ကြည့်ကာ...

"ထန်"

"ရှင်"

"ဟင်းတွေထည့်စားလေ"

ပြောရင်းက အောင်ဇေ ထန့်ပန်းကန်ထဲ ဟင်းထည့်ပေး

သောအခါ ထန် သူ့အား ဖျတ်ခနဲကြည့်လာပြီး...

"တော်ပြီ...ဦးအောင်ဇေ"

"စားမကောင်းလို့လား"

"မဟုတ်ဘူး၊ ရင်ထဲခံနေလို့ပါ"

ထန် ဘာဖြစ်နေသည်ကို အောင်ဇေသိတော့ ရင်

နင့်သွားရသည်။ ထန့်အား သူ စကားပြောချင်ပေမယ့် ထန် ထ

စားသည်ကိုလည်း အနှောင့်အယှက်ဖြစ်မည်စိုးသောကြော

အောင်ဇေ ငြိမ်နေလိုက်သည်။

ချိုချိုနှင့် မြတ်ကျော်ကတော့ သူတို့နှစ်ဦး၏ အဖြစ်

တမင်သိသိကြီးနှင့် လွှတ်ထား၏။

ထန်မှာ အောင်ဇေ့ရှေ့တွင် ထမင်းစားနေရပေမယ့် သ





ါးစပ်ထဲ ဘာအရသာမှ မတွေ့။ ရှိန်းတောက်သော အောင်ဇေ့

အကြည့်များအောက်မှာ ထန် စိတ်ကျဉ်းကျပ်စွာ မလွတ်လပ်သလို

ဖြစ်နေသည်။

ဖြစ်နိုင်လျှင် အောင်ဇေရှေ့က ထွက်ပြေးချင်မိသည်။

ဒါကို အောင်ဇေ သိပါသည်။ သိ၍လည်း သူသည်

ထန့်အား မျက်ဝန်းညိုအစုံနှင့်ကြည့်ကာ အကြည့်နှင့်ပင် ထန့်အား

သူတောင်းပန်နေမိသည်။

ထန်မှာ သူ့အကြည့်များကို ရင်မဆိုင်ချင်။ အကြည့်ကို

လွှဲထားသည်။

ဦးအောင်ဇေနှင့် ပတ်သက်ပြီး ထန် ဘာကိုမှ မခံစားချင်။

မေ့ပစ်ချင်သည်။

အောင်ဇေနှင့်ထန်ဆိုတာ မည်သို့မှ မပတ်သက်။

ဒါကို ထန် သိသလို သူလည်းသိသည်။

မွန်းကြပ်ရှုပ်ထွေးမှုများဖြင့် ထမင်းစားခြင်းကို လက်စ

သတ်လိုက်သည်။

"တော်ပြီလား ထန်"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့"

"အစားနည်းလိုက်တာ"

ထန် ဘာမှထပ်မပြောတော့ဘဲ ငြိမ်နေလိုက်သည်။

ထန့်ရင်ထဲမှာတော့ နင့်သည်းကြေကွဲ ထိနိုက်နေရသည်။ ဒီတွေ့ဆုံမှုသည် သူနှင့်ထန့်အတွက် နောက်ဆုံးဖြစ်ပါစေဟု ဆုတောင်းသည်။ နောက်ထပ် သူနှင့် မဆုံချင်။

သူနှင့်ထန်ဆိုတာ မဆုံသင့်တဲ့လူတွေ မဟုတ်ပါလား။ မဆုံသင့်သောသူများအဖြစ် ဘယ်လိုပင် ကြိုးစားပါသော်လည်း ကံကြမ္မာက ဘယ်လိုမှ ဆုံခွင့်ပေးမည်မဟုတ်။

ထန် သူ့အပေါ် ဥပေက္ခာပြုထားရမည်။ သူ ဘာအတွက်မှ သူ့ကို သတိရစရာ အကြောင်းလည်းမရှိ။

ထန် ဖွန်း ခက်ရင်းကို ချလိုက်သည်။

"ထန့်ကို ခွင့်ပြုပါ"

အောင်ဖေ ထန့်ကို လှမ်းခေါ်လိုက်သည်။

"ထန်"

ထန်က လှည့်မကြည့်။ ထမင်းစားခန်းက ထွက်ခဲ့သည်။





ကိုမြတ်နှင့် ချို့ချို့အကြည့်တွေကပါ ထန့်ထံ ရောက်လာသည်။ ထိုအခါမှ ထန် စိတ်လွှတ်ကိုယ်လွှတ် ဖြစ်သွားရသည့် သူမအဖြစ်ကို ပြန်သတိထားမိသွားသည်။

"ထန်"

"ဆောရီး...ချို့"

ထန် အကြည့်များကို ရှောင်လွှဲလျက် မျက်လွှာလေး ချကာ ပြောလိုက်သည်။

"ထန့်ကို ချို့က တောင်းပန်ရမှာပါကွယ်၊ ချို့ကြောင့်"

"မဟုတ်တာ ချို့ရယ်၊ ထန် ဘာမှမဖြစ်ပါဘူး"

ထန့်ထံမှ ပုံမှန်အသံလေးကို ကြားပါမှ အောင်ဖေသည် စိတ်အေးသွားရသလိုမျိုး ရှိသွားရပြီး...

"မသိပါဘူးဗျာ၊ ထန် ကိုယ့်ကို စိတ်ဆိုးသွားတာလားလို့"

"အို...ဘာဆိုင်လဲ"

"တကယ်မဆိုင်ဘူးလား ထန်"

"အို"



www.burmeseclassic.com

www.burmeseclassic.com



သူမနားသို့ ကိုယ်ကိုင့်ကိုင်းချကာ နှစ်ကိုယ်ကြားရုံ ခပ်တိုးတိုးပြောလိုက်သည့် အောင်ဇေ့စကားကြောင့် ထန့်မျက်နှာလေး ရဲခနဲ ဖြစ်သွားသည်။

ထန်မှာ သူ့စကားကို သူမမှလွဲ၍ ဘယ်သူမှ မကြားဘူးဆိုပေမယ့်လည်း အနားတွင်ရှိနေသည့် ချိုချိုနှင့် ကိုမြတ်ကျော်ကို မျက်နှာပူကာ ထန့်မျက်နှာလေး အထားရခက်သွားသည်။

ချိုချိုနှင့် ကိုမြတ်ကတော့ ထန်တို့အဖြစ်ကို မသိဟန်ဆောင်၍ အနားကထွက်သွားတော့ ထန် ပို၍ အနေရခက်သွားသည်။

အောင်ဇေနှင့်ကိုမြတ်က ဧည့်ခန်းသို့ ရောက်သွားချိန်မှာ ထန်နှင့်ချို သိမ်းဆည်းရင်း ကျန်ခဲ့၏။

"ထန်"

"ဘာလဲဟင် ချိုချို"

"ထန့်အပေါ် ကိုအောင်ဇေ့ အကြည့်၊ အပြောတွေက တစ်မျိုးပဲနော်"

ထန့်အပေါ် ဂရုတစိုက်နှင့် ရှိခဲ့သည့် အောင်ဇေ့ အပြုအမူ





းကို ရည်ရွယ်ကာ ပြောခြင်းဖြစ်ကြောင်း ထန် သိလိုက်တော့ ျက်နှာအထားရခက်သွားသည်။

ကြိုးစား၍ ထန် မျက်နှာလှလှလေးကို ပကတိတည်ငြိမ် ာ ထားလိုက်ပြီး…

"သူ့အကြောင်း မပြောပါနဲ့ ချိုရယ်၊ တော်ပါတော့ကွယ်"

"ထန် မပြောစေချင်ပေမယ့် ချို နည်းနည်းတော့ ပ်ပြောပါရစေဦးကွယ်၊ ကိုအောင်ဇေ့အပေါ် ထန် တစ်ဖက်သတ် ဆုံးဖြတ်လိုက်ပါနဲ့နော်၊ ကိုအောင်ဇေ ထန့်အပေါ် လေးလေးနက် က်ရှိတယ်ဆိုတာ ဘေးလူဖြစ်တဲ့ ချိုတို့တောင် သတိထားမိတယ်၊ ာယက်ရှင်ဖြစ်တဲ့ ထန်လည်း ကိုအောင်ဇေ အပြုအမူတွေကို တိထားမိမှာပါ"

ချိုချို့စကားကို ထန် ဘာမှပြန်မပြော။ ပြောရန်စကား ည်း ဘုမတွင် ပျောက်ဆုံးနေသည်။

သူမအပေါ် လိုတာထက်ပို၍ ဂရုတစိုက်ရှိလွန်းလှသော ်အောင်ဇေ အပြုအမူများကို ထန်သာမက အားလုံး သတိမထား ာ မနေနိုင်အောင် ရှိနေသောကြောင့်ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



ထန် ဒီအဖြစ်ကို ဝန်ခံဖို့ရာကိုလည်း စိတ်မှာ မဝံ့မရဲ ဖြစ်နေသည်။

''ထန် သိပါတယ် ချိုရယ်၊ ဒါပေမဲ့ ထန့်စိတ်ထဲမှာ မယုံနိုင်ဘူး၊ သူ့အပြုအမူတွေဟာ ထန့်အပေါ် ဟန်ဆောင်နေတာ ထန့်ကို အနိုင်ယူ ကလဲ့စားချေဖို့ သူ ကြိုးစားနေတာပဲလို့ ထ မြင်တယ်''

''မဖြစ်နိုင်ပါဘူး ထန်ရယ်၊ ကိုအောင်ဇေက ထန့် တကယ်ချစ်တာပါ''

''ဘာပဲပြောပြော ထန်က မိန်းကလေးပါ ချို၊ မိန်း တစ်ယောက်ကို ယောကျ်ားတစ်ယောက်က လက်တုံ့ပြန်ကလဲ့ ချေဖို့ဆိုတာ အလွယ်လေးပါ၊ ဥပမာ သူ ထန့်အချစ်ကို ရအော ယူပြီး ထန့်နှလုံးသားကို နာနာကျင်ကျင် ခွဲပစ်လိုက်မယ့် အဖြ မျိုးပေါ့''

''ကိုအောင်ဇေဟာ မင်းထင်သလို အနိမ့်စားစိတ် မိန်းမတစ်ယောက်ကို အောက်တန်းကျကျ ကလဲ့စားချေတ ယောကျ်ားမျိုးမဟုတ်ဘူးဆိုတာ ချိုသိတယ်၊ သူ မင်းကို တ



ချစ်တာပါ ထန်''

ချိုချို၏ လေးနက်တည်ကြည်သော စကားတွေက သူ့အပေါ် ယုံကြည်မှုနှင့် အထင်ကြီးနေမှန်း ထန် သိပါသည်။

တကယ်တော့ ထန် ကိုယ်တိုင်လည်း ချိုချို့လိုပင် အောင်ဇေကို ယုံကြည်မှုနှင့် အထင်ကြီးလိုက်ချင်ပါ၏။

ခက်သည်က သူမစိတ်ပင် မှန်သည်။ နှစ်ဖက်မိသားစု ကြား ဆွေစဉ်မျိုးဆက် ဖြစ်ခဲ့ရသည့် ပြဿနာက ထန် သူ့အပေါ် ယုံကြည်မှုများ လျော့စေရသည်ကိုတော့ ထန် မငြင်းချင်ပါ။

သူမမိသားစုနှင့် ဆွေစဉ်မျိုးဆက် ရန်ငြိုးရန်စ အမုန်းတွေ ရှိပါသည်ဆိုသော တစ်ဖက်မိသားစုထဲမှ သူက ထန့်ကို မေတ္တာ ထားပါသည်ဆိုသော စကားကို ထန် ဘယ်လိုအင်အားနှင့် ယုံကြည်ပေးနိုင်မှာတဲ့လဲကွယ်။

''သူ ထန့်ကိုချစ်တာ ထန့်နှလုံးသားကို အစိတ်စိတ်အမွှာမွှာ ကြေကွဲပျက်စီးတာကို မြင်ချင်လို့ ထန့်ကို သူချစ်ဟန်ဆောင်နေ တာ ချိုချို၊ ဒါကို ထန် သိတယ်၊ ဒါကြောင့်မို့လည်း ထန် ကျောင်းမှာကတည်းက ကြိုးစားရှောင်နေခဲ့တာပေါ့၊ ထန့်

www.burmeseclassic.com

www.burmeseclassic.com



အတွက် သူဟာ ဘယ်လိုမှ မဖြစ်နိုင်တဲ့ လူတစ်ယောက်ပဲ၊ ပြီးတော့ ထန် ဒုတိယ ဒေါ်နန်းချယ်ရီ မဖြစ်ချင်ဘူး''

''ထန်ရယ်''

အမုန်းနှင့် အငြိုးကသာ ချေဖျက်လို့ ရကောင်းရမည်။ သံသယကတော့ ချေဖျက်လို့ မရနိုင်ဆိုတာကို ချိုချို ထန့်ကိုကြည့်ပြီး နားလည်လိုက်သည်။

◆ ◆ ◆



## အခန်း (၆)

''ထန်''

''ဟင်...ဦးအောင်ဇေ''

ထန်မှာ ဦးအောင်ဇေကို တွေ့လိုက်ရသောကြောင့် လန့်သွားသည်။

ထန် ဦးအောင်ဇေ မတွေ့ရတာ ကြာပါပြီ။ မှတ်မှတ်ရရ ပြောရလျှင် ထန် သူ့ကုမ္ပဏီက အလုပ်ထွက်ပြီးကတည်းကပင် ဖြစ်သည်။

မေမေသည် ထန့်ကို သူ့ကုမ္ပဏီတွင် အလုပ်လုပ်နေသည့် အကြောင်း ဘယ်လိုကနေဘယ်လို သိသွားသည်မသိပါ။ သိသိ ချင်းမှာပင် ထန့်ကို မေမေသည် စိတ်ဆိုးမာန်ဆိုးဖြစ်ကာ အလုပ်



www.burmeseclassic.com

www.burmeseclassic.com



ကို ချက်ချင်းထွက်ခိုင်း၏။

ထန် မေမေ့ကို တမင်ညာထားသည်မဟုတ်ပေမယ့်လည်း ယခုလို မေမေ သိသွားပြန်တော့လည်း မေမေ့ဆန္ဒအတိုင်း အလုပ်က ထွက်လိုက်လေသည်။

ထန် အလုပ်ကထွက်သည်ကို ဦးအောင်ဇေသည် နည်းမျိုးစုံနှင့် တားသေးပေမယ့် ထန် သူ့စကားကို လက်မခံခဲ့ပါ။

တစ်နေ့ မေမေသိလျှင် ထန် ဒီအဖြစ်နှင့် ရင်ဆိုင်ရမည်ကို သိသည်မို့ ထန်ကြောင့် မေမေ စိတ်မဆင်းရဲစေချင်တော့ပါ။

မေမေကတော့ ထန့်ကို ဒီလို ကိုယ့်ရန်သူ၏ ကုမ္ပဏီတွင် အလုပ်လုပ်ရပါ့မလားဆိုကာ ထန့်ကို စိတ်ဆိုးနေသေး၏။

ထန်မှာ သူမအမှားကို သူမ ဝန်ခံကာ မေမေ့ကို တောင်းပန်တော့မှ ထန့်ကို စိတ်ဆိုးမာန်ဆိုးနှင့် ခွင့်လွှတ်ခဲ့သည်။

သည်ထဲက ထန်နှင့် ဦးအောင်ဇေတို့ မတွေ့ရတော့သလောက် ဖြစ်သည်။ ချိုချိုကတော့ ထန့်ဆီကို အလုပ်အားရက်တွေမှာ ရောက်လာတတ်ကာ စကားကြုံပါက သူ့အကြောင်းကို ပြောပြပေမယ့် ထန် ချိုချိုအား မပြောရန် တားခဲ့သည်။



မဖြစ်နိုင်တဲ့ဘဝ၊ မဆုံနိုင်တဲ့ဘဝမှာ ထန် သူနှင့်ပတ်သက်သမျှ သူမ ဘာတစ်ခုမှ သတိမရချင်၊ မသိချင်။ အရာအားလုံးနှင့်အတူ ဒီလူတစ်ယောက်ကို ထန် မေ့ထားလိုက်ချင်သည်။

ထန့်မှာ သူ့ကိုတွေ့တော့ သူ့အကြောင်းကို စဉ်းစားမိသွားသည်။

"ထန်...ကိုယ့်ကို ဘာကြည့်နေတာလဲ၊ ကိုယ်ပြောတာကြားလား"

"ဟင်...ရှင်"

"အဟွန်း...ဟွန်း...ဟွန်း"

အတွေးများ လွင့်သွားရသော ထန့်ကိုကြည့်ကာ ဦးအောင်ဇေ အလယ်မေးတွဲလေး ချိုင့်ဝင်သွားတဲ့အထိ ခပ်လွန်လွန်လေး ရယ်သည်။

ထန် မျက်နှာလေး မထားတတ်အောင် ရှက်သွေးဖြာသွားပြီး...

"ထန်...ထန် သွားတော့မယ်"

"နေပါဦး ထန်"

www.burmeseclassic.com

www.burmeseclassic.com



"အို"

စကားနှင့်သာ တားလိုက်ရုံမက သူ့လက်အစုံကပါ ထန့်လက်လေးတစ်ဖက်ကို ဆုပ်ကိုင်လာတော့ ထန် သူ့မျက်နှာကို ရှက်မျက်နှာရဲရဲလေးနှင့် မော့ကြည့်လိုက်သည်။

"ဟာ…ဆောရီး ထန်"

ထန့်အကြည့်ကို နားလည်သလိုမျိုး ဦးအောင်ဇေ သူဆုပ်ကိုင်ထားသည့် ထန့်လက်လေးကို ဖျတ်ခနဲ လွှတ်ပေးကာ တောင်းပန်စကား ဆိုလိုက်ရင်းက…

"ထန် တစ်ယောက်တည်းလား"

အောင်ဇေမှာ ထန့်ဘေးနားတွင် ဘယ်သူမှ မမြင်တော့ ထန့်မျက်နှာလေးကို ကြည့်ကာ မေးလိုက်သည်။

"ဟုတ်တယ်၊ ထန် တစ်ယောက်တည်းပဲ၊ ဦးအောင်ဇေကော"

ထန် မရည်ရွယ်ပါဘဲ သူ့အား ပြန်၍ နှုတ်ဆက်လိုက်သည်။ ဦးအောင်ဇေမှာ ထန်၏ နှုတ်ဆက်စကားကြောင့် မျက်နှာချောချောမှာ ကျေနပ်သလို ပြုံးသွားရပြီး…





"ကိုယ်လည်း တစ်ယောက်တည်းပဲ၊ ဒီစင်တာမှာ အသိတစ်ယောက်ရှိလို့ ဝင်နှုတ်ဆက်တာလေ၊ ဒါနဲ့ ထန့်မှာ ကားပါလား"

"ဟင့်အင်း…ထန် ကားငှားပြန်မှာပါ"

"မဟုတ်တာ၊ ကိုယ်လိုက်ပို့ပေးမှာပေါ့"

"အို…နေပါစေရှင်၊ ထန့်ဘာသာထန် ကားငှားပြန်ပါ့မယ်"

"ဘာလဲ ထန်၊ အိမ်ထဲထိ ကိုယ်လာမှာ ကြောက်လို့လား၊ အဟွန်း…ဟွန်း မစိုးရိမ်ပါနဲ့ဗျာ၊ ထန့်မေမေနဲ့ ကိုယ် မတွေ့စေရပါဘူး"

"ကိုယ်လိုက်ပို့ပါရစေ ထန်"

ပြုံးလွန့်လွန့်နှင့် ပြောလိုက်သည့် သူ့စကားကို ထန် ဘာမှ ပြန်မပြောမိ။ လိုအပ်သည့်ပစ္စည်းများဝယ်ကာ စင်တာတစ်ခုထဲက အထွက် ယခုလို သူနှင့်ဆုံရခြင်းဖြစ်သည်။

"ထန့်ဘာသာပဲ ပြန်ပါရစေ"

"ကိုယ့်ကို ဒီအခွင့်အရေးလေးတောင် မပေးနိုင်တော့ဘူး

www.burmeseclassic.com

www.burmeseclassic.com



လား ထန်"

"ထန်"

"တော်ပြီ ထန်၊ ထန့်ကို ကိုယ်လိုက်ပို့ပေးမယ်"

ထန်မှာ သူ့ကို မိဘများ၏ ရန်ငြိုးရန်စကြောင့်သာ အမုန်းထားနေရပေမယ့် တကယ်တော့ ဦးအောင်ဇေဆိုသည့် သူသည် အောင်မြင်နေသည့် ကိုယ်ပိုင်ကုမ္ပဏီကို ပိုင်ဆိုင်ထားသည့် လူကြီးလူကောင်းတစ်ယောက် ဖြစ်သည်။

သည်လိုလူတစ်ယောက်ကို သူမဘက်က သူ့အပေါ် မယုံနိုင်သည့် သံသယတွေနှင့် ဆက်ဆံနေရသည်ကို ထန် တစ်ခါတစ်ခါတော့လည်း အားနာမိသည်။

အောင်ဇေဆိုတာကလည်း သူမတို့အပေါ် ရန်ငြိုးရန်စရှိခဲ့ဖူးသည့် မိသားစုကမို့ ထန် သူ့ကို လုံးလုံးမှ မယုံကြည်နိုင်သည်ကလည်း အမှန်ဖြစ်သည်။

"လာပါ ထန်ရယ်၊ လူတွေလည်း ကြည့်နေပြီ၊ ပြီးတော့ ထန်နဲ့ကိုယ် မတွေ့တာလည်း ကြာပြီဆိုတော့ ထန့်ကိုလိုက်ပို့ရင်း ကိုယ်တို့ ကားပေါ်မှာ အေးအေးဆေးဆေး စကားပြောလို့ရတာပေါ့"

ဦးမိုး ၁၇၄ပ



"ထန်"

"ကျေးဇူးပြုပြီး ကိုယ့်တောင်းဆိုမှုကို ထန် ဒီတစ်ခါတော့ မငြင်းပါနဲ့လား"

"ဟင်း"

ထန့်ဘက်က သိပ်ငြင်းနေလျှင်လည်း သူ့ဂုဏ်သိက္ခာကို စော်ကားရာကျမည်မို့ ထန်သည် အားနာစွာနှင့်ပင် သူ့ကားပေါ် ရောက်ခဲ့ရသည်။ ကားက လမ်းအတိုင်း တရိပ်ရိပ်ပြေးနေ၏။

"ထန်"

"ရှင်"

ထန့်ထံမှ ထူးသံလေးကြောင့် အောင်ဇေ ချစ်မြတ်နိုးစွာ ပြုံးသည်။

"ကိုယ့်ကုမ္ပဏီက အလုပ်ထွက်သွားပြီး ထန် ဘာတွေလုပ်ဖြစ်လဲ"

"ဒီလိုပါပဲ၊ အိမ်မှုကိစ္စတွေလုပ်ရင်းနဲ့ အချိန်ကုန်ရတာပေါ့"

"ထန့်လို လူတစ်ယောက် ကိုယ့်ကုမ္ပဏီက ထွက်သွား

ဦးမိုး ၁၇၄ပ

www.burmeseclassic.com

www.burmeseclassic.com



ဘာ ကိုယ့်အတွက် သိပ်နှစ်နာတာပဲ''

''ဦးအောင်ဇေအတွက် တော်တဲ့ ထက်တဲ့ ဝန်ထမ်းတွေ ရှိလာဦးမှာပါ''

''ဟင့်အင်း…ထန့်လို မိန်းကလေးကတော့ ကိုယ့်အတွက် ရှိလာမှာမဟုတ်ဘူး''

ရွှန်းလက်သော သူ့အကြည့်များကို ထန် မမြင်ဟန်ဆောင် နေလိုက်သည်။

သူ့စကားကို ထန် နားမလည်သလို နေလိုက်သည်။ ဦးအောင်ဇေကတော့ ထန့်ကို ချစ်မြတ်နိုးခြင်းများ ပြည့်လျှံနေရသော ကြင်နာနွေးထွေးသည့် မျက်ဝန်းများနှင့် ငေးစိုက်ကြည့်ရင်း…

''ကိုယ့်ဘဝမှာ ဒီနေ့ ဒီအချိန်ထိ နှလုံးသားမှာ မြတ်မြတ်နိုးနိုးနဲ့ ချစ်ရတဲ့မိန်းကလေးက ထန်တစ်ယောက်ပဲ ရှိတယ် ထန်''

''ခုချိန်မှာ ဒီစကားမျိုး မပြောသင့်တော့ပါဘူး ဦးအောင်ဇေ''

''ဒါဖြင့် ဘယ်အချိန်မှ ပြောသင့်တယ်လို့ ထန် ထင်လဲ''

အောင်ဇေကို ဘာပြောရမှန်း မသိတော့ပါ။ သူ့စကား





အဆုံးတွင် မျက်နှာလုလုမှာ စိတ်ရှုပ်ထွေးလျက် သူ့နဲ့လိုက်လာမိ ဘာ မှားပြီဟု ပထမဆုံး တွေးလိုက်မိသည်။

''ထန့်ကို ကိုယ်သိပ်ချစ်တယ်''

''ကျေးဇူးပြုပြီး ထန့်ကို ဒီစကားတွေ မပြောပါနဲ့တော့ ဦးအောင်ဇေ''

''ဘာဖြစ်လို့လဲ ထန့်''

''ရှင်ပြောသလို ထန်တို့ ဘယ်တော့မှ ဖြစ်လာမှာမဟုတ်ဘူး''

''ဒါတွေဟာ ထန့်ရင်ထဲက ကိုယ့်အပေါ် မယုံကြည်နိုင်တဲ့ သံသယတွေကြောင့်ပါ၊ ကိုယ် ထန့်ကို ဘယ်လောက်ထိ စွဲစွဲလန်းလန်းနဲ့ မြတ်မြတ်နိုးနိုး ချစ်တယ်ဆိုတာလည်း ထန် သိနေတာပဲ၊ ကိုယ့်အချစ်ကို ထန် ယုံပါ၊ ထန့်ကို ကိုယ်သိပ်ချစ်တယ်၊ လက်ထပ်ပါရစေ ထန်''

သူ့ဆီက စကားကြောင့် ထန့် အကြည့်စူးစူးလေးတစ်ချက်က ဦးအောင်ဇေထံ ရောက်ရှိသွားရသည်။

''ဒါ…ရှင့်ရဲ့ ကျွန်မအပေါ် အကောင်းဆုံး လက်စားချေ



www.burmeseclassic.com

www.burmeseclassic.com



နည်းပဲလား ဦးအောင်ဇေ''

''ဘာပြောတယ် ထန်၊ ဘာပြောလိုက်တယ်၊ လက်စားချေမှု ဟုတ်လား၊ ကိုယ်က ထန့်ကို ဘာအတွက် လက်စားချေရမှာလဲ''

''ဘာအတွက်လဲ ဟုတ်လား ဦးအောင်ဇေ၊ ဒီအဖြစ်တွေကို ရှင် မသိဟန်ဆောင်နေတာလား၊ တမင်မသိဟန် ပြုထားသလားတော့ ကျွန်မ မသိဘူး၊ ဒါပေမဲ့ ရှင့်ရဲ့အဒေါ် ဒေါ်နန်းချယ်ရီကြောင့်တော့ ကျွန်မကို လက်စားချေဖို့ ကြိုးစားတာဆိုရင်လည်း အခုပဲ ရပ်တန်းက ရပ်ပါ''

''ထန်…ထန့်အတွေးတွေက သိပ်ကိုမှားနေပြီသိလား၊ သိပ်မှားနေပြီ''

အောင်ဇေ ထန့်ဆီက ကြားလိုက်ရသည့်စကားကြောင့် သူ့မျက်နှာချော့ချော အရမ်းကို ပျက်သွားကာ တစ်ဆက်တည်း သူ့အချစ်ကို အထင်သေးရက်လေခြင်းဆိုသော စိတ်အတွေးနှင့်လည်း ထန့်မျက်နှာလှလှလေးကို ရင်နာစွာ စိုက်ကြည့်မိသွားသည်။

''ကိုယ့်အချစ်က ထန့်အပေါ်မှာ ရိုးသားတယ်၊ ဖြူစင်



တယ်၊ ဘာအရောင် အစွန်းအထင်းမှ မပါဘူး၊ ဒါကို ထန် ဘာလို့ မသိရတာလဲ''

''ရှင်ဘာပြောပြော ထန် မယုံဘူး''

''ထန်''

ထန့်စကားကြောင့် အောင်ဇေ့ရင်မှာ ခါးခါးသီးသီး ဖြစ်သွားရကာ သူ့အပေါ် ဒီလောက်ထိ သူမ အထင်လွဲရပါ့မလား ဆိုသည့် စိတ်နှင့်လည်း ရင်မှာ မခံချင်ဖြစ်သွားသည်။ ရင်ထဲ နာသည်။ ကားကို တစ်နေရာသို့ ထိုးရပ်ပစ်လိုက်ပြီး ထန့်ဘက်ကို သူလှည့်လိုက်သည်။

''ထန့်အမြင်မှာ ကိုယ်ဟာ အဲဒီလောက်ထိ အောက်တန်းကျတဲ့ လူတစ်ယောက် ဖြစ်နေပြီလား ထန်''

''ထန် မသိဘူး''

အောင်ဇေ ထန့်အဖြေကြောင့် ရင်မှာ နာကျင်မှုတို့ဖြင့် ပို၍အခံရခက်သွားသည်။

''ကိုယ့်အချစ်တွေကို ထန်က နားလည်မပေးသရွေ့ ကိုယ့်အပေါ် ထန် အမုန်းတွေနဲ့ ကြည့်နေသရွေ့တော့ ကိုယ်ဟာ

www.burmeseclassic.com

www.burmeseclassic.com

ထန်ထင်ထားတဲ့လူမျိုး ဖြစ်ကောင်းဖြစ်နေပါလိမ့်မယ်၊ ဒါပေမဲ့ အချစ်ဆိုတာ အင်မတန် ဆန်းကြယ်ပါတယ် ထန်၊ လူတစ်ယောက်ကို လူတစ်ယောက် ဘာကြောင့် ဘယ်လိုကြောင့် မချစ်ရဘူးဆိုပေမယ့် အဲဒီလူ့ရင်ထဲ အချစ်က ရောက်သွားပြီဆိုရင်တော့ သူ့ရင်ထဲ အမုန်းတွေ၊ အငြိုးတွေဟာလည်း အလိုလို ပြေပျောက်သွားမှာပါ ထန်"

"ဒါပေမဲ့ ကျွန်မ ရှင့်အချစ်ကို မယုံကြည်တာတော့ အမှန်ပဲ ဦးအောင်ဇေ"

"ကိုယ့်အချစ်တွေကို မယုံကြည်နိုင်တဲ့ ထန့်ကို ကိုယ် ဘယ်လိုပြောရတော့မှာလဲ ထန်"

အောင်ဇေမှာ သူ့အချစ်များကို အယုံအကြည်ကင်းမဲ့နေပါသည်ဆိုသော ထန့်ကို နာကျင်ရသော နှလုံးသားဖြင့် သူ ဘာပြောရမှန်းမသိအောင် ဖြစ်သွားသည်။

"ဘယ်လိုမှ ရှင်းပြဖို့မကြိုးစားပါနဲ့တော့ ဦးအောင်ဇေ၊ ပြီးတော့ ရှင့်အချစ်တွေကိုလည်း ပြန်ရုပ်သိမ်းလိုက်ပါတော့"

"တော်စမ်း…ထန်၊ အချစ်ကို ခုပေး ခုရုပ်သိမ်းပြောရ



အောင် ကိုယ့်အတွက် အချစ်ဟာ လွယ်လွယ်နဲ့ ဖြစ်တည်တဲ့အရာ မဟုတ်ဘူးထန်"

"ဒါတော့ ထန်လည်းမသိဘူး"

"ရှင်သိအောင် တစ်ခုတော့ ထန်ပြောလိုက်မယ်၊ ထန် ဒီတစ်ပတ်အတွင်းမှာ ကိုလတ်နဲ့ လက်ထပ်တော့မယ်"

"ဟင်"

သိပေမယ့်လည်း ထန့်ဆီက ယခုလို ရက်အတိအကျ ကြားလိုက်ရတော့ အောင်ဇေမှာ အခံရခက်စွာ နာကျင်သွားသည်။ တစ်ဆက်တည်း အောင်ဇေသည် သူသိပ်ချစ်ရသည့် ထန့်ကို လက်လွှတ်ဆုံးရှုံးရတော့မှာပါလားဆိုသော အတွေးနှင့် ရင်မှာ ပူလောင်လာသည်။

"မင်း…သူ့ကိုချစ်လား ထန်"

"ရှင်သိစရာမလိုပါဘူး"

ထန့်စကားကြောင့် သူ့ရင်မှာ ပို၍နာသွားရသည်။

သူသည် ထန့်ကို သိပ်ချစ်သည်။ ထန့်ကို သူ ဘာအတွက်နှင့်မှ လက်လွှတ်အဆုံးရှုံးမခံနိုင်။ ထန့်အပေါ် သူချစ်သလောက်

www.burmeseclassic.com

www.burmeseclassic.com



ဘယ်သူမှ ချစ်နိုင်လိမ့်မည်မဟုတ်။ ဒါကိုတော့ အောင်ဇေ သူ့ကိုယ်သူ အသိဆုံးဖြစ်ပါသည်။

ထို့ကြောင့်ပင် ဘယ်သူတွေ ဘာပဲပြောပြော ထန့်ကို သူပိုင်ဆိုင်အောင် ကြိုးစားတော့မည်။ အချစ်နှင့်စစ်မှာ တရားတယ်၊ မတရားဘူးဆိုတာ မရှိ။ ကိုယ့်ချစ်သူကို ပိုင်ဆိုင်ခွင့်ရအောင် ကြိုးစားရမှာက သူ့တာဝန်ဖြစ်သည်။

ထန်နှင့်ပတ်သက်ကာ အောင်ဇေ့ရင်မှာ ဆုံးဖြတ်ချက်တစ်ခုကို ပိုင်ပိုင်ချလိုက်သည်။ ထိုဆုံးဖြတ်ချက်အတိုင်း အောင်ဇေသည် ဘာစကားမှ မပြောတော့ဘဲ ကားကို နေရာမှ ခပ်ကြမ်းကြမ်း မောင်းထွက်လိုက်သည်။

ထိုအချိန်အထိ ထန်နှင့်သူသည် တစ်ယောက်နှင့်တစ်ယောက် ဘာစကားမှ မဆိုမိကြသေး။

ထန်သည်လည်း သူ့ကို စကားမပြောချင်တော့၍ပင် ကိုယ်ကို နောက်သို့မှီချရင်းက မျက်ဝန်းလေးအစုံ မှတ်လျက် ကားပေါ် ပါလာခဲ့ရသည်။

အောင်ဇေ ကားမောင်းနေရင်းက ထန်ရှိရာဘက်သို့





တစ်ချက်ကြည့်လိုက်၏။

ထန် သူ့ကို ကြည့်လည်းမကြည့်ဘဲ မျက်ဝန်းလေးအစုံ မှိတ်ထားသည်ကို တွေ့ရတော့ အောင်ဇေ့ရင်ထဲက ဆုံးဖြတ်ချက် မြဲခိုင်မာသွားသည်။ မျက်ဝန်းညိုအစုံနှင့် ထန့်အား ရူးခနဲ ကြည့်ကာ ကားကို အရှိန်နှုန်း ပိုမြှင့်လိုက်လေသည်။

အောင်ဇေ မောင်းလာသည့် ကားလေးက လေအလျင်နှုန်း ဖြင့်ဆန်နေရတာကို သတိထားမိလိုက်သည်နှင့် ထန့်မျက်ဝန်းလေး အစုံကို ဖျတ်ခနဲဖွင့်ကာ ပတ်ဝန်းကျင်ကို ကြည့်မိလိုက်သည်။

"ဟင်"

ထန် အံ့ဩသွားသည်။

အောင်ဇေ မောင်းလာသည့် ကားလေးက သူမအိမ်ပြန်ရာလမ်းနှင့် တခြားစီ ရန်ကုန်မြို့ပြင် လမ်းမဆီသို့ ရောက်ရှိနေရသည် မဟုတ်ပါလား။

အံ့ဩမှုတို့ဖြင့် ထန့်မျက်ဝန်းအကြည့်လေးများ ဦးအောင်ဇေဆီ ရောက်သွားသည်။

ကားမောင်းနေသည့် ဦးအောင်ဇေကို ကြည့်လိုက်တော့



www.burmeseclassic.com

www.burmeseclassic.com



သူ့မျက်နှာချောချောက တည်တင်းလျက် တစ်စုံတစ်ရာကို ဆုံးဖြ
ထားသည့်ဟန်မို့ ထန် လန့်လို့ပင်သွားရသည်။

"ဦးအောင်ဖေ…ဒါ ရှင်ဘယ်ကိုမောင်းနေတာလဲ"

စိုးရိမ်ကြောက်လန့်မှုတို့ဖြင့် ထန် သိချင်စိတ်စော
မေးလိုက်ပေမယ့် အောင်ဖေကတော့ သူ့မစကားကို မကြားသ
အကြည့်စူးစူးများကို ရှေ့သို့ပို့လျက် ကားကိုသာ ဂရုတစိ
မောင်းနေသည်။

သူ ဒီလိုငြိမ်သက်နေလေလေ ထန့်ရင်မှာ ကြော
စိုးထိတ်စိတ်များ ပိုလာရလေလေမို့ မျက်နှာလှလှလေးမှာ အရ
ပျက်လာရပြီး…

"ရှင်…ကျွန်မပြောနေတာ မကြားဘူးလား ဦးအောင်
ဒါ ဘယ်ကိုမောင်းနေတာလဲဆိုတာ"

"ရောက်တော့သိမှာပေါ့ ထန်"

"ဟင်"

အေးစက်စက် သူ့စကားကြောင့် ထန် ထိတ်လန့်
သည်။ စိုးရိမ်ကြောက်လန့်စိတ်များစွာဖြင့် ထန် သူ့ကို ကြည့်



ပြီး…

"ရှင့်ကားကို ခုရပ်ပါ၊ ထန် ရှင့်ကားနဲ့ ဆက်မလိုက်နိုင်
တော့ဘူး၊ ထန့်ကို ရှင် ခုချက်ချင်း ကားရပ်ပေး"

ထန် ဘာပြောပြော သူက မလှုပ်။ ကားကိုလည်း မရပ်။
သန့်မျက်နှာလှလှလေးမှာ နီရဲလာသည်။

အောင်ဖေမောင်းလာသည့် ကားလေးကတော့ဖြင့်
ည်းနည်းမှ အရှိန်နှုန်းမလျှော့ဘဲ တရိပ်ရိပ်ပြေးနေဆဲ။ ဆက်မောင်း
နေဆဲ။

သူ့အပြုအမူကြောင့် ထန် ပို၍ဒေါသဖြစ်လာရကာ…

"ဦးအောင်ဖေ ကားကို ခုရပ်ဆိုတာ၊ ရှင်ပြောတာ မရဘူး
လား၊ ထန် ရှင့်ကားကို မစီးတော့ဘူး၊ ကားကို ခုရပ်ပေးပါ"

"ရပ်ပေးလို့မဖြစ်ဘူး ထန်"

"ရှင်ဘာပြောတယ်"

"ကားကိုရပ်ပေးလို့ မဖြစ်ဘူးလို့ ထန့်ကိုပြောတာ"

"ရှင်…ရှင် ဒါဘာသဘောလဲ"

ထန့်မှာ မျက်ဝန်းပြူးလေးနှင့် အောင်ဖေကို ထိတ်လန့်

www.burmeseclassic.com

www.burmeseclassic.com



သလို ကြည့်ရင်းက မေးလိုက်သည်။

အောင်ဇေ၏ အကြည့်စူးစူးတစ်ချက်က ထန့်မျက်နှာလှ လေးထက် ရောက်ရှိလာရပြီး...

"ဘာသဘောလဲဆိုတာကတော့ ရှင်းရှင်းလေးပါ၊ ထန့် မောင် မခွဲနိုင်တော့လို့၊ သူများလက်ထဲ ပါသွားမှာကို အပါမခံ လို့ ထန့်ကို မောင် ခိုးလာတာပဲ"

"ဟင်"

ထန်မှာ အံ့သြလွန်းသဖြင့် နေရာမှာပင် လူက မှင်သ က ငြိမ်သက်သွားရသည်။ ဘာတွေဖြစ်ကုန်ပြီနည်း။

ကြည့်စမ်းပါဦး။ ဦးအောင်ဇေက ထန့်ကို ခိုးပြေးလာသည် ဆိုပါလား။ ထန့်ကို သူက ခိုးပြေးလာရအောင် သူနဲ့ထန်က ချစ် တွေမို့လား။ ဟင့်အင်း ဒါလည်းမဟုတ်ပါ။

သူနှင့်ထန်ဆိုတာ ဘယ်လိုမှ မဖြစ်နိုင်ဘူးလို့ ထန်သည် ငြင်းဆန်ခဲ့သူဖြစ်သည်။ ဒါတင်လားဆိုတော့ မဟုတ်သေးပါ။ ဒီရက်အတွင်းမှာပင် မိဘတွေ သဘောကျသည့် ကိုမောင်အော လတ်နှင့် လက်ထပ်ရမည့်သူ။





ဒါကို သူ သိသိကြီးနှင့် ထန့်ကို သူ့သဘောနှင့်သူ ခိုးလာသည်ဆိုတာကတော့ ဒီလူ တဇွတ်ထိုးဆန်ဆန်နှင့် ထင်ရာလုပ်လွန်းနေသည်ပဲ။

ထန် တွေးရင်းက ရှက်ခြင်း၊ ခံပြင်းခြင်း ဒေါသတွေ ဖြစ်သည်ထက် ပိုဖြစ်လာရသည်မှာ မျက်နှာတစ်ပြင်လုံး ရဲရဲတွတ် နီမြန်းလာသည်။

"ဒီမှာ...ရှင်က ထန့်ကိုခိုးလာတယ်ဆိုရအောင် ထန်က ရှင့်ချစ်သူလား"

"မောင့်စိတ်ထဲမှာတော့ ထန်ဟာ မောင့်ချစ်သူပဲ၊ မောင်ချစ်တဲ့မိန်းကလေးကို မောင် မခွဲနိုင်လို့၊ ချစ်လွန်းလို့ ခိုးလာတာ အပြစ်လား"

"မိန်းကလေးတစ်ယောက်ကို အလိုမတူဘဲ ခိုးလာတာ အပြစ်မဟုတ်လို့ ဘာလဲရှင့်"

"အဟွန်း...ဟွန်း အဲဒီလိုတွေဖြစ်မှာစိုးလို့ ထန့်ကို ချစ်ပါရစေ၊ လက်ထပ်ပါရစေလို့ ပြောတော့ကော ထန် မောင့်စကားကို လက်ခံခဲ့လို့လား"



www.burmeseclassic.com

www.burmeseclassic.com



''အို…ဖြစ်မှမဖြစ်နိုင်ဘဲ၊ ဘာလက်ခံစရာရှိလဲ''

''ဒီမယ် …ရှင့်ကို ရှင်းရှင်းပဲပြောမယ် ဦးအောင်ဇေ၊ ရှင် ကားကို ခုချက်ချင်းရပ်ပြီး ထန့်ကိုပြန်ပို့ပါ၊ မိန်းကလေး တစ်ယောက်ဆီက အချစ်ကို ရှင် ဒီနည်းနဲ့ယူတော့ကော ရလိမ့်မယ်လို့ ရှင်ထင်နေလား၊ အဲလိုထင်ရင်တော့ ရှင်မှားလိမ့်မယ် ဦးအောင်ဇေ၊ ဒီနည်းနဲ့ ထန့်အချစ်ကို ရှင်ဘယ်တော့မှ ရမှာမဟုတ်ဘူး၊ မရတဲ့အပြင် ရှင့်ကို ပိုတောင်မုန်းမိသွားလိမ့်မယ်၊ ပြီးတော့ ထန့် ကိုလတ်နဲ့ မကြာခင်လက်ထပ်တော့မှာ ရှင်လည်းသိနေတာပဲ ထန့်ကို ရှင် မနှောင့်ယှက်ပါနဲ့တော့''

''မောင့်ရှေ့မှာ မောင်မောင်လတ် အကြောင်းကို မင်းပါးစပ်က မပြောစမ်းနဲ့၊ မောင် မကြားချင်ဘူး''

''မကြားချင်လို့မရဘူး ဦးအောင်ဇေ၊ ကိုလတ်နဲ့ ထန့်က တကယ်ပဲ''

''တော်စမ်းဆို''

''အို''

စူးရှသော မျက်ဝန်းတည်တည်စူးစူးကြီးနှင့် ခက်ထန်





မာကျောလွန်းသည့် သူ့ထံက ထွက်ပေါ်လာသည့် စကားသံကြောင့် ထန့်ကိုယ်လေး ဆတ်ခနဲ တွန့်ခါသွားရသည်။

ကြည့်စမ်း…ဒီလူ သူကပင် ပြန်၍ ထန့်ကို စိတ်ဆိုးနေရသည်တဲ့လား။ ဒါတော့ လွန်ပြီ။ ဒီလူ့အပြုအမူတွေက ထန့်အပေါ် သိပ်လွန်နေပြီ။

အပြစ်လုပ်သူကလည်း သူ၊ ထန့်ကို ပြန်၍ ဆူပူမာန်မဲနေတာလည်း သူမို့ ထန် မခံချင်စွာ ဒေါသတွေဖြစ်လာ၏။

သူလုပ်နေပုံတွေက ထန့်ကို သူ့စိတ်ထဲရှိသည်ဟုပင် အောက်မေ့ဖော်မရ။ လူကို အရုပ်လေးတစ်ရုပ်လို သဘောထားကာ သူပြုမူချင်တိုင်း ပြုမူနေရသည်က ထန့်ရင်ကို ခံရခက်စေသည်ပဲလေ။

''ရှင်ပြောလို့မရဘူးလား ဦးအောင်ဇေ၊ ရှင့်ကားကို မရပ်ရင် ထန် ကားပေါ်က ခုန်ချလိုက်မယ်နော်၊ ထန့်ကို ရှင် မလုပ်ရဲဘူးလို့တော့ မထင်နဲ့''

သူ့ပုံစံ ထန် ဘာပြောပြော မတုန်လှုပ်တာမို့ ထန်သည်လည်း ဒေါသဖြစ်ဖြစ်နှင့် ဖြစ်ချင်ရာဖြစ်စမ်းဆိုသည့်စိတ်နှင့် မျက်ဝန်း



www.burmeseclassic.com

www.burmeseclassic.com



လေးစုံမှိတ်ကာ ကားပေါ်က ခုန်ချရန် ကားတံခါးကို ဖွင့်လိုက်တော့

"ဟင်"

ထန့်မျက်ခုံးလေး တွန့်ကြုတ်သွားရသည်။ တစ်ဆက်တည်း ထန်သည် မကျေနပ်သလို သူ့ကိုကြည့်လိုက်တော့ သူ ဦးအောင်ဇေသည် နှုတ်ခမ်းကို တင်းတင်းစေ့ပိတ်လျက် ခပ်လွှင့်လွှင့် ပြုံးလာပြီး…

"အဟွန်း…ဟွန်း ဘာလဲ ကားတံခါးကို ဖွင့်လို့မရဘူး မို့လား"

မခံချင်စရာ သူ့အပြုံးကြောင့် ထန် ပို၍ဒေါသဖြစ်သွားရ ကာ…

"ရှင် ဒါဘာလုပ်တာလဲ ဦးအောင်ဇေ၊ ရှင့်ကိုယုံပြီး ထန် လိုက်လာမိတာ သိပ်မှားသွားပြီ၊ ရှင့်အကြံ ဒါအကုန်ပဲလား"

"ထန် ဘာကိုပြောတာလဲ"

"အဟင်း…ဟင်း…ဟင်း အိပ်ချင်ယောင်ဆောင်တဲ့လူ ဟာ အနှိုးရခက်တယ်ဆိုတဲ့စကားက သိပ်မှန်တာပဲ၊ ရှင့်အပေါ် ဒေါ်နန်းချယ်ရီအတွက် ကလဲ့စားချေချင်လို့ ရှင် ထန့်ကို ခုလိုခေါ်





လာတာ မဟုတ်လား၊ ပြောတော့ဖြင့် ထန့် အထင်လွဲတာပါ၊ ထန် သံသယတွေမရှိပါနဲ့၊ နောက်ဆုံးတော့လည်း ဘယ်လိုပဲပြော ပြော ရှင့်ရဲ့သရုပ်မှန်က ပေါ်လာရတာပဲ မဟုတ်လား"

ထန်မှာ သူ့အား နာနာကျင်ကျင်ကြည့်ကာ ဆိုလိုက်လေသည်။ ထန့်စကားတွေကြောင့် အောင်ဇေ မခံချင်ဖြစ်သွားရသလို စိတ်လှုပ်ရှားမှုကြောင့် ရင်အစုံမှာ လှိုက်ဖိုလာရပြီး…

"မောင့်အပေါ် မင်း ကြိုက်သလိုပြောနိုင်တယ် ထန်၊ အဲဒီအတွက် မင်းရဲ့ မောင့်အပေါ် အမြဲမြင်တတ်တဲ့ သံသယတွေကို လည်း မောင် မချေဖျက်တော့ဘူး"

"ဒါပေမဲ့ မင်းသိအောင်တော့ မောင် တစ်ခုပြောမယ်၊ အဲဒါ ဘာလဲဆိုတော့ မောင် မင်းကိုသိပ်ချစ်တယ်ဆိုတာပဲ"

"အို…မကြားချင်ဘူး၊ မကြားချင်ဘူး၊ ဘာမှမကြားချင် ဘူး၊ မုန်းတယ်…မုန်းတယ်၊ ရှင့်ကို သိပ်မုန်းတယ်၊ အဟင့် ဟင့် ဟင့်"

ပြောပြီး ထန်သည် အားမတန် မာန်လျှော့ဆိုသလို မျက်ဝန်းအိမ်မှ မျက်ရည်များ ပါးပြင်ပေါ် တအိအိ ပြိုဆင်းလာလေ



www.burmeseclassic.com

www.burmeseclassic.com



မျက်နှာလှလှလေးပေါ် လက်အုပ်ကာ ရှိုက်ငိုလိုက်သည်။

အောင်ဖေ ထန့်အား မငိုပါနဲ့ဟုလည်း မတား။ စူးရှလေးနက်သော မျက်ဝန်းတည်တည်စူးစူးနှင့်သာ ထန့်ကို ကြည့်နေလေသည်။

ထန်တစ်ယောက် ငိုရင်းရှိုက်ရင်းက ကားလေးရပ်သွားပါတော့မှ ထန်သည်လည်း သူမရောက်နေရသည့် နေရာကို ကြည့်လိုက်မိသည်။

သူ့ကားလေးသည် မင်္ဂလာဒုံအလွန်ဘက်ရှိ ခြံကျယ်ကြီးတစ်ခြံထဲက တိုက်ပုလေးရှေ့တွင် ရပ်သွားရခြင်းဖြစ်သည်။

အောင်ဖေသည် ခြံစောင့်ဖြစ်ဟန်တူသော လူနှင့် ဘာတွေပြောနေသည်မသိပါ။ ခဏကြာတော့ ထိုလူသည် ထန်ရှိရာဘက်ကို တစ်ချက်ကြည့်ကာ အပြင်သို့ ထွက်သွားသည်။

သည်တော့မှ ဦးအောင်ဖေသည် ထန့်ဘက်က ကားတံခါးကို လာဖွင့်ပေးပြီး…

"ဆင်း…ထန်၊ ဒါ မောင့်ခြံပဲ"

ပြောရင်းက ကားတံခါးဖွင့်ပေးပေမယ့် ထန်သည်





ကားပေါ်က မဆင်းပါ။ သူ့ကိုလည်းမကြည့်ဘဲ ကားပေါ်တွင် ထိုင်ဆဲက ပေကပ်ကပ် ဂျစ်တူးတူးပုံစံလေးနှင့်…

"မဆင်းဘူး…မဆင်းဘူး၊ ဘယ်တော့မှ မဆင်းဘူး၊ ရှင် ရှင် ထန့်ကို ခုပြန်ပို့၊ ထန့်မေမေ စိတ်ပူနေလိမ့်မယ်သိလား"

"ထန့်ကို ချစ်လွန်းလို့ ခိုးလာပြီးမှတော့ မောင် ထန့်ကို ဘယ်လိုပြန်ပို့ပေးနိုင်တော့မှာလဲ၊ မောင့်ကို ခွင့်လွှတ်တော့ ထန်ရယ်"

"ခွင့်မလွှတ်ဘူး၊ ခွင့်မလွှတ်ဘူး၊ ရှင့်ကို ဘယ်တော့မှ ခွင့်မလွှတ်ဘူး၊ ရှင့်ကို သိပ်မုန်းတယ်၊ မုန်းတယ်"

မျက်ဝန်းလေး စုံမှိတ်လျက် ကလေးတစ်ယောက်လို စိတ်ရှိတိုင်း အော်နေသော ထန့်ကို အောင်ဖေ မြတ်နိုးစွာ ခွင့်လွှတ်သော အပြုံးနှင့် ကြည့်ပြီးနောက်…

"ထန့်ကို မောင် ကောင်းကောင်းပြောနေတယ်နော်၊ ကားပေါ်ကဆင်းဆို"

"မဆင်းဘူး"

"မဆင်းချင်ရင် ဆင်းတဲ့နည်းနဲ့ခေါ်မယ်"

"လာခဲ့"



www.burmeseclassic.com

www.burmeseclassic.com



"အို"

ပြောပြောဆိုဆို ရုတ်ခြည်း ထန့်ကိုယ်လေးကို ကားပေါ်မှနေ ကလေးတစ်ယောက်လို ဆွဲပွေ့ချလိုက်တော့ ထန်သည် သူ့လက်ထဲတွင် တွန်းထိုးရုန်းကန်ရင်းက ပါလာသည်။

"ဖယ်နော်…ရှင်…လွှတ်…လွှတ်ဆို၊ ထန့်အသားကို ရှင်မထိနဲ့၊ ရှင့်ကိုမုန်းတယ်သိလား၊ လွှတ်ဆို ကဲ ကဲ အဲဒါမလွှတ်ဦး၊ လူကို အနိုင်ကျင့်ဦး"

"ကဲ…ကဲ"

"ဘုတ်…ဗုန်း…ဗုန်း"

ပြောလည်းပြော ငိုလည်းငို သူ့ရင်ဘတ်နှင့် လက်မောင်းများကို သူမလက်သီးလေးများနှင့် တွန်းထိုးရိုက်နှက်နေသူလေးကို အောင်ဖေသည် ဘာမှမပြောဘဲ သူမကိုယ်လေးကိုသာ မလွှတ်တမ်းတင်းတင်းပွေ့ချီလျက် အိမ်ထဲသို့ ခေါ်လာခဲ့သည်။

အိမ်ထဲသို့ရောက်သည်နှင့် အောင်ဖေ သူမကိုယ်လေးကို အိပ်ခန်းထဲသို့ ခေါ်လာခဲ့လိုက်ပြီးနောက် ခုတင်ကြီးထက်ဝယ် သူမကိုယ်လေးကို ပစ်တင်လိုက်ကာ သူကတော့ အခန်းတံခါးသော့ကို



သွားခတ်ပစ်လိုက်သည်။

အောင်ဖေ့အပြုအမူကြောင့် ထန့်မှာ ရှက်စိတ်၊ ကြောက်လန့်စိတ်၊ စိုးရိမ်စိတ်တို့က ရင်ထဲ အရှိန်အဟုန်နှင့် ဝင်ရောက်လာရသည်မို့ ထန့်မှာ ခြေဖျားလက်ဖျားလေးများပင် အေးစက်သွားရသည်။

ခုတင်ကြီးပေါ်မှ ထန် သူမကိုယ်လေးကို အမြန်ရုန်းထလိုက်ပြီးနောက် အခန်းတံခါးရှိရာသို့ အပြေးလေးလျှောက်သွားကာ

"ရှင်…ဒါဘာလုပ်တာလဲ၊ ဖွင့် အခန်းတံခါးကို ခုဖွင့်ပါ၊ ထန် ရှင်နဲ့အတူ မနေနိုင်ဘူး၊ မေမေ့ဆီကို ထန် ပြန်မယ်၊ ထန့်ကို ခုပြန်ပို့၊ အဟင့်…ဟင့်"

ထန်သည် အောင်ဖေ့ကိုယ်ကြီးကို တွန်းတိုက်ဖယ်ရှားရင်းက အခန်းတံခါးကို ဖွင့်ခိုင်းနေပေမယ့် အောင်ဖေကတော့ဖွင့်မပေးပါပေ။

ထိုအခါ ထန်မှာ သူ့အား ပြော၍မရရပ်မလားဆိုကာ ဝမ်းနည်းစိတ်၊ ကြောက်ရွံ့ရှက်လန့်စိတ်များနှင့် မျက်နှာလေး ဖြူဖျော့လာရပြီး ငိုရှိုက်ပစ်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"မငိုပါနဲ့ ထန်၊ ထန်ငိုတာ မောင် မကြည့်ရက်ဘူး ပြီးတော့ ထန် ငိုရလွန်းလို့ အရမ်းပင်ပန်းနေပြီ၊ တိတ်နော် ထန် တိတ်"

သူ့အား ထုရိုက်နေသည့် ထန့်လက်လေးများကို သူ့လက် နှင့် ဖမ်းဆုပ်ချုပ်ကိုင်ရင်းက ထန့်ကိုယ်လေးကို သူ့ရင်ခွင်ထဲ တင်းတင်းလေး ဆွဲသွင်းပွေ့ပြီး အောင်ဇေ ပြောလိုက်သည်။

"လွှတ်…ရှင့်မျက်နှာကို မကြည့်ချင်ဘူး၊ ရှင့်ကို သိပ်မုန်း တယ်"

သူ့ရင်ခွင်ထဲက ဆောင့်ရုန်းထွက်ရင်းက ထန် ထိုစကား နာနာကျင်ကျင်လေး ဆိုလိုက်သည်။

ထန်၏ အမုန်းစကားကြောင့် အောင်ဇေသည် ရင်နာ မခံနိုင်သလို နာကျင်သွားရပြီး…

"မောင့်ဘဝမှာ ထန့်ဆီက မောင် မကြားချင်ဆုံးစကား က အဲဒီမုန်းတယ်ဆိုတဲ့စကားပဲ၊ နားလည်မှုလွဲပြီး ထန် မောင့် ဘယ်လိုပဲ မုန်းနေပေမယ့် မောင်ကတော့ မမုန်းဘူး၊ ထန့်ကိုသိပ် တယ် ချစ်တယ်"



"အို"

"ရှင်နော်…လွှတ်ဆို"

"အို"

စကားသံလေးများ ပျောက်သွား၏။

ချစ်သူကိုယ်လေးကို ရင်ခွင်မှာ တင်းကြပ်စွာ သိမ်းကျုံး ပွေ့ဖက်လျက် ရင်ချင်းဆွဲကပ်ထားသော အောင်ဇေမှာ သူ့အား မုန်းစကားတွေဆိုနေသည့် ချစ်သူလေး၏ မျက်နှာလှလှလေးထက် ကို အနမ်းများ သည်းသည်းလှုပ် ခြွေချနေသည်မှာ ထန့်တစ်ကိုယ် လုံး မွှန်းကြပ်သွားသည်။

သူ့ရင်ဘတ်ကြီးကို သူမ၏ လွတ်နေသောလက်လေးနှင့် ထုရိုက်လိုက်ပေမယ့် အောင်ဇေ သူကတော့ သူမ၏ ထုရိုက်ကုတ်ဆွဲ မှုများကို မမှုသလို မနာကျင်သလို ရှိနေရကာ သူ့အနမ်းတွေကို ထန် တားဆီးလို့မရအောင် ရှိနေသည်။

အောင်ဇေသည် သူ့ရင်မှာ နင့်နင့်သည်းသည်း ချစ်ခဲ့ရသည့် ချစ်သူလေးကို ယုယပိုက်ထွေးရင်းက ယခုလို လွတ်လွတ်လပ်လပ် ချစ်ခွင့်ရသည့်အခါမှာတော့ သူ၏ တစ်ဖက်သတ်အချစ်များနှင့်

www.burmeseclassic.com

www.burmeseclassic.com



ထန့်အပေါ် ရင်မှာ ချုပ်တည်းထားခဲ့ရသမျှ အချစ်များ အစွမ်းကုန် ပေါက်ကွဲသွားသည်။

ထန်ရယ်….သိပ်ချစ်တယ်။

♦ ♦ ♦



## အခန်း (၇)

မျက်ဝန်းလေးအစုံ ဖျတ်ခနဲ ပွင့်လာသည်ဆိုရင်ပဲ ထန်သည် ရုတ်တရက်တော့ သူမကိုယ်သူမ ဘယ်ရောက်နေမှန်း သေိသေးပါ။

သူမနှင့် စိမ်းလွန်းနေရသည့် ပတ်ဝန်းကျင်ကြောင့် ထန်၏ အကြည့်လေးများက တစ်ခန်းလုံးကို ဝေ့ခနဲ ကြည့်ရင်း သူမကိုယ်လေးကို တစ်ချက်မျှ လွန့်လူးလိုက်တော့…

"ဟင်"

"အို"

ထန် သူမဘေးတွင် လစ်ဟာနေသည့် နှစ်ယောက်အိပ် ခုတင်ကြီး၏ အနေအထားကိုကြည့်ပြီး အိပ်နေရာမှ ချက်ချင်းပင်



www.burmeseclassic.com

www.burmeseclassic.com



ထထိုင်လိုက်သည်။

မျက်ဝန်းလှလှလေး အစုံမှာလည်း အံ့ဩမှု၊ ထိတ်လန့်မှု ရှက်ရွံ့နာကျင်ကြေကွဲမှုများဖြင့် ဝမ်းနည်းနာကျင်သွားသည်။

ထန် သူမကိုယ်သူမ သိလိုက်ရပြီဖြစ်သည်။ တစ်ဆက်တည်း ထန်သည် သူမဘာတွေဖြစ်ခဲ့ရသည်ကို ခဏလေးအတွင်းမှာပင် အားလုံးလိုလို ပြန်၍ မှတ်မိလိုက်ရပါပြီ။

သူ…ဦးအောင်ဇေ၊ ထန့်ကို သိပ်ချစ်ပါသည်ဆိုကာ သူ့သဘောနှင့်သူ ထန့်ကို ခိုးပြေးလာခဲ့သည့်လူ။

သည်နောက် ထန့်အချစ်များကိုလည်း ထန် မကြည်ဖြူ မလိုလားသည့်ကြားက သူ့သဘော သူ့ဆန္ဒတစ်ခုတည်းနှင့် ဖွတ်အတင်း ရအောင် ချစ်ခားပြတိုက်သွားသည့်သူ။

ထန် ဒီအကြောင်းကို တွေးမိတော့ သူမမျက်နှာလှလှလေးမှာ ချက်ချင်းလို နီရဲတောက်ပလာရကာ လူကလည်း ရှက်ရွံ့တုန်လှုပ်ခြင်းများနှင့် နေရာမှာပင် အင်အားများ မရှိတော့အောင် ဖြစ်သွားသည်။

မုန်းလိုက်တာ၊ သိပ်မုန်းတာပဲ။ ထန် ဦးအောင်ဇေမျက်နှာ





ချောချောကို မြင်ယောင်ရင်း သူ့အား မုန်းရပါသည့် အမုန်းစကားများကို ရင်မှာ နာနာကျင်ကျင် ဆိုလိုက်မိသည်။

မေမေ…မေမေ ခုအချိန်ဆို ထန့်အကြောင်းကို သိ၍ ဘယ်လိုနေရှာလိမ့်မည်လဲ။ သေချာသည်ကတော့ မေမေသည် ထန့်ကို ကောင်းကောင်းကြီး အထင်လွဲကာ နာကြည်းနေရှာတော့မည်။

ထန်ဆိုတာက ဒီတစ်ရက်နှစ်ရက်အတွင်းမှာပင် ကိုလတ်နှင့် လက်ထပ်တော့မည့်သူ။ အခု ဦးအောင်ဇေက ထန့်ကို ယခုလို လုပ်လိုက်ပုံကတော့ဖြင့် ထန် မိဘမျက်နှာကို အိုးမဲသုတ်လိုက်သည့် သမီးမိုက် ဖြစ်သွားရသလို မိဘနှစ်ပါးသည်လည်း ဆွေမျိုးများကြားနှင့် ကိုလတ်မိဘများကို ဘယ်လိုမျက်နှာပြရရှာမည်မသိ။

တခြားတစ်ယောက်နှင့်သာဆို မေမေတို့သည် ထန့်ကို ခွင့်လွှတ်ကောင်း ခွင့်လွှတ်လိမ့်မည်။ အောင်ဇေနှင့်ဆိုလျှင် ထန့်ကို မေမေတို့ ဘယ်လိုမှ ခွင့်လွှတ်လိမ့်မည်မဟုတ်။

ထန် ခိုးရာလိုက်ပြေးသူသည် သူတို့နှင့် ရန်ငြိုးရန်စရှိခဲ့ပါသည့်သူ၏သား အောင်ဇေဆိုတာသိလျှင် ထန့်ကို နာကြည်း



www.burmeseclassic.com

www.burmeseclassic.com



စိတ်ဆိုးကြမည်။ ထန်သာ သူမဘဝလေး တစွတ်ထိုး အနိုင်ယူရက်သော အချစ်ဓားပြ အောင်ဇေကို ပို၍နာကျင်မိ၏။ မပြေးသာအောင် ချောင်ပိတ်မိနေသည့် ထန့်အဖြစ်ကို မိဘများ သိမည်မဟုတ်။ ထန့်ဘဝ ကယ်သူမဲ့ကာ ရေစုန်နစ်ရပါပြီဟူသော နာကြည်းမှုတို့ဖြင့် ဝမ်းနည်းနင့်သည်းစွာ ငိုရှိုက်နေတော့သည်။

"မေမေရယ်...ထန့်အဖြစ်ကို မြင်လှည့်ဦးတော့ရှင်၊ အဟင့် ဟင့် ဟင့်"

မိခင်ဖြစ်သူကို အားကိုးတကြီး စိတ်မှာ တမ်းတရင်းက ထန်သည် စိတ်ထဲ ခံစားရသမျှ အားပါးတရ ငိုရှိုက်နေမိသည်။ ထိုသို့ ငိုနေရာမှ ထန် တစ်စုံတစ်ရာကို သတိရသွားသလိုမျိုး အငိုရပ်သွားသည်။

ဦးအောင်ဇေ။ သူဘယ်ရောက်နေပါလိမ့်။ သူမနိုးကတည်းက ဦးအောင်ဇေ သူမဘေးတွင် မရှိတော့။

ဒါသည်ပင် ထန့်အတွက် အခွင့်အရေးကောင်း ဖြစ်သည်။ မဖြစ်ဘူး၊ မဖြစ်ဘူး ခုလို သူမရှိတဲ့အချိန် ထန် ဒီနေရာက အမြန်ဆုံး ထွက်ပြေးရမယ်။ အတွေးနှင့် ထန် သူမပါးပြင်ပေါ်မှ မျက်ရည်





စများကို အမြန်သုတ်လိုက်ပြီးနောက် အိပ်ခန်းနှင့်တွဲလျက် ရေချိုးခန်းထဲသို့ ဝင်ကာ သူမကိုယ်သူမ တစ်ကိုယ်ရေသန့်ရှင်းမှု လုပ်လိုက်သည်။

သည်နောက် ထန် သူမကိုယ်သူမ သေသပ်အောင် ပြုပြင်လိုက်ပြီး အခန်းတံခါးကို ဖွင့်လိုက်သည့်အခါမှာတော့...

"အို"

အားခဲထားသမျှ ထန် အကြီးအကျယ် စိတ်ဓာတ်ကျသွားသည်။ ထို့အတူ အောင်ဇေ့အပေါ်မှာလည်း သူမဒေါသတွေက ဖြစ်ပြီးရင်း ပိုဖြစ်နေသည်။

သူမရှိ၍ ထန် သူမအတွက် အခွင့်အရေးပဲဆိုကာ ဒီနေရာကနေ သူနှင့်ဝေးရန် ထွက်ပြေးရန် ကြံထားသမျှ ဦးအောင်ဇေသည်လည်း သူမအကြံကို သိထားရသလိုမျိုး သူမရှိပေမယ့် သူမရှိနေသည့် အခန်းတံခါးကို အပြင်မှနေ သော့ပိတ်သွားခဲ့သည်။

ဒေါသတွေနှင့် ထန် လက်လေးနှစ်ဖက်ကို တင်းတင်းလေး ဆုပ်ထားရင်းက နေရာမှာပင် လူက အရုပ်ကြိုးပြတ် ဖြစ်သွားရသလိုမျိုး ထန့်ကိုယ်လေးသည် အခန်းတံခါးကိုမှီလျက် ထိုင်ချ



www.burmeseclassic.com

www.burmeseclassic.com



လိုက်မိတော့သည်။

ငိုရလွန်းသဖြင့်လည်း ထန် သူမကိုယ်သူမ မျက်ရည်တွေမှ ကျန်ပါသေးရဲ့လားဆိုတာ တွေးမိလိုက်ရသည်။ သူမကို အရုပ်လေးတစ်ရုပ် ခေါ်လာသလိုမျိုး ငါယောက်ျားဆိုသည့်စိတ်နှင့် အားနွဲ့သည့် မိန်းကလေးဖြစ်သည့် ထန့်အား သူသည် အနိုင်ယူခေါ်လာရုံမက ယခုလို ထန့်ကို အိမ်ကြီးထဲတွင် ကြက်ကလေး၊ ငှက်ကလေး ဖမ်းထည့်ထားသလို သော့ပိတ်ထည့်ထားသည့် သူ့လုပ်ရပ်ကြောင့် ထန့်စိတ်မှာ အခံရခက်နေသည်။

အခံရခက်သော စိတ်နှင့်အတူ ထန် သူ့အပေါ် နာကြည်းမိပါ၏။ ဒါလား ထန့်ကို သိပ်ချစ်ပါသည်ပြောတဲ့လူ။ အလကားလူ၊ ထန့်အတွက် နည်းနည်းမှ မစဉ်းစားပေးဘဲ သူ့ကိုယ်သူသာ ကြည့်တတ်သော အတ္တများသည့်လူ။ ဒီလူကို ထန် သိပ်မုန်းပါသည်။

ယခင်က သူ့အပေါ် ရှိခဲ့ဖူးသော သံယောဇဉ်လက်ကျန်လေးတွေပင် အခု သူ့အပြုအမူကြောင့် ထန့်ရင်ထဲမရှိတော့။ မရှိသည့်အပြင် ထန် သူ့ကို ပို၍ပင် မုန်းမိသည်။





"အဟင့်...ဟင့်...ဟင့်"

သည်လူကြောင့် မျက်ရည်မကျတော့ပါဘူးဟု သူမကိုယ်သူမ တင်းထားသည့်ကြားက သူမဘာဝကို သူမ ဝမ်းနည်းစိတ်ကြောင့် မျက်ရည်များ ထိန်းချုပ်လို့မရဘဲ ငိုရှိုက်မိလိုက်ပြန်သည်။

ထန်တစ်ယောက် ဘယ်လောက်ထိ စိတ်လွတ်ကိုယ်လွတ် ငိုနေသည်မသိပါ။ အခန်းတံခါး ဖွင့်သံကိုပင် သူမသတိမထားမိနိုင်အောင် ရှိုနေရတော့သည်။

"ဟောဗျာ...ထန်ရယ်"

အခန်းတံခါးဖွင့်ကာ ဝင်လာသော အောင်ဇေမှာ မြင်လိုက်ရသောမြင်ကွင်းကြောင့် သူ့မျက်နှာမှာ ချစ်မြတ်နိုးခြင်းများစွာဖြင့် ပြုံးသွားသည်။

ကလေးတစ်ယောက်လို ကြမ်းခင်းထက်တွင် ထိုင်ကာ မျက်နှာကို လက်ဝါးလေးအုပ်လျက် စိတ်ရှိလက်ရှိငိုရှိုက်နေသော ထန်၏ ချစ်စရာအသွင်လေးကြောင့်ပင် ဖြစ်သည်။

ထန့်မှာလည်း အောင်ဇေ့အသံကြောင့် သူမမျက်နှာပေါ်တွင် အုပ်မိုးသည့် လက်လေးကို ဖယ်ကာ ကြည့်လိုက်တော့



www.burmeseclassic.com

www.burmeseclassic.com



"ဟင်…ရှင်"

သူမအနား ဘယ်အချိန်ကတည်းက ရောက်နေသည်မသိ သူမဘေးတွင် သူမငိုနေသည်ကို ခပ်ပြုံးပြုံး ထိုင်ကြည့်နေသည့် ဦးအောင်ဇေကြောင့် ထန် ဒေါသတွေ ထိန်းလို့မရတော့ဘဲ…

"ကဲဟယ်"

"ဟာ…ဟိတ် ဘာလုပ်တာလဲကွ"

သူမ လက်လေးအစုံနှင့် သူ့ကိုယ်ကြီးကို တွန်းပစ်လိုက်တာမို့ အောင်ဇေကိုယ်ကြီးမှာ နောက်သို့ လဲကျသွားရကာ ထန့်အပြုအမူအတွက် အံ့သြသလို စူးစူးစိုက်စိုက်လေး ကြည့်ရင်းက မေးလိုက်သည်။

"ဘာလုပ်တာလဲ ဟုတ်လား၊ ဒီစကား ရှင့်ကို ထန်က ပြန်မေးရမှာ၊ ပြောစမ်းပါဦး ရှင် ဒါ ထန့်ကို ဘာလို့သော့ခတ်သွားတာလဲ"

"ထွက်ပြေးမှာစိုးလို့"

"လူကို ကြက်ကလေး၊ ငှက်ကလေးလို ဖမ်းလာပြီး လှောင်အိမ်ထဲမှာ သော့ခတ်ထားတဲ့ ရှင့်ကို မုန်းတယ်"



"မောင်ကတော့ ထန့်ကိုချစ်တယ်"

"အဲဒါ…ချစ်ဦး၊ ချစ်ဦး၊ ကဲ …ကဲ"

ထန်မေးတာကို မဖြေဘဲ ထန့်ကိုကြည့်လျက် ရယ်နေသော ဦးအောင်ဇေကို ငိုရင်းထုရိုက်တော့ ဦးအောင်ဇေမှာ ထန့်အပြောလေးကို ပို၍သဘောကျသွားရသလို မျက်ရည်တွေနှင့် ချစ်စရာ ထန့်ကို သူ့ရင်ခွင်ထဲ ကျုံးပွေ့လိုက်ရင်း…

"မငိုပါနဲ့၊ ထန်ပြောသလို ထန့်ကို မောင်က လှောင်အိမ်ထဲမှာ သော့ခတ်ထားခဲ့တာ မဟုတ်ပါဘူးဗျာ"

"ထန် ထွက်သွားရင် မောင်တစ်ယောက်ထဲ ကျန်ခဲ့မှာစိုးလို့ပါ"

"လွှတ်…ရှင်နဲ့အတူ မနေဘူး"

"တွေ့လား၊ အခုထဲက မောင့်ကိုထားခဲ့ဖို့ ပြောနေပြီ"

သူက ထန် ဘာပြောပြော ချစ်မြတ်နိုးစွာ ရယ်မောမပျက်။

"ထန် မနိုးသေးတာနဲ့ ဒီအနားက ရနိုင်တဲ့နေရာမှာ ထန့်အတွက် စားစရာတွေနဲ့ လိုအပ်တာတွေ မောင်သွားဝယ်နေတာ"

"အို…ထန့်ကို အဲဒါတွေမပြောနဲ့"

www.burmeseclassic.com

www.burmeseclassic.com



"ထန်"

"ထန့်ကိုသိပ်ချစ်တယ်"

"အို"

အနမ်းတွေ ဖြိုကျလာသည်။

"မောင့်ကို ထန် ထားပြီးထွက်သွားမှာစိုးလို့ မောင်မရှိတဲ့အချိန် စိတ်ချရအောင် သော့ခတ်ခဲ့တာ"

"ရှင် သိပ်အတ္တကြီးတဲ့လူ"

သူ့ကိုယ်သူသာ ကြည့်တတ်သော ဦးအောင်ဇေစကားကြောင့် ထန် ဒေါသတွေနှင့် အသံလေးများပင် တုန်ခါလာရသည်။ သည်နောက် သူမ၏ အကြည့်စူးစူးလေးက သူ့ထံ ရောက်ရှိသွားပြီး…

"ဒါဆို ရှင် မရှိတဲ့အချိန် တစ်ခုခုဖြစ်ခဲ့ရင်ကော ထန် ဒီအတိုင်း အသေခံလိုက်ရမှာလား"

"ပြောစမ်းပါ၊ ရှင်ပြောစမ်းပါ"

တကယ်ပင် ထန် ဒေါသတွေဖြစ်လွန်းရသည်မို့ သူမပုံစံလေးက အရမ်းကို တည်ငြိမ်နေရပြီဖြစ်သည်။





ထန့်ပုံစံလေးက ဒီလိုမျိုး အရမ်းအေးစက်နေပြန်တော့လည်း အောင်ဇေ မျက်နှာပျက်သွားရသည်။

"ဆောရီးပဲ ထန်ရယ်၊ မောင် မှားသွားတယ်၊ ဟုတ်တယ်နော် နောက်ဆို မောင် ဘယ်သွားသွား ထန့်ကို မောင်နဲ့အတူ ခေါ်သွားရမယ်"

"မလိုက်ဘူး၊ ရှင်နဲ့အတူ ကျွန်မ ဘယ်မှမလိုက်ဘူး"

"ထန့်ကို ပြန်ပို့ပေးပါ ဦးအောင်ဇေ"

"ထန် ဘာပြောတယ်"

"ရှင်ကြားတဲ့အတိုင်းပဲ၊ ထန့်ကိုပြန်ပို့ပေးဖို့ ပြောနေတာ"

"ဘယ်လိုပြောလိုက်တာလဲ ထန်"

"ခုချိန်မှ ထန့်ကို ပြန်ပို့တော့ကော ဘာထူးမှာမို့လို့လဲ၊ ထန်နဲ့မောင့်အခြေအနေက"

"ရှင်တကယ်လိုချင်တာလည်း အဲဒီအဖြစ်ပဲမဟုတ်လား"

"ထန်"

အောင်ဇေ့ကိုယ်ကြီးမှာ ထန့်စကားကြောင့် တုန်လှုပ်သွားရသည်။



www.burmeseclassic.com

www.burmeseclassic.com



"ထန် ဘယ်လိုပြောလိုက်တာလဲဟင်၊ မောင့်ရင်ထဲက ခံစားချက်ကို ထန် ဘာလို့ ခုချိန်ထိ နားမလည်နိုင်သေးရတာလဲ"

"နားလည်ဖို့ရော ထန့်အတွက် လိုသေးလို့လား"

"ထန်ရယ်"

အောင်ဇေမှာ ထန့်စကားကြောင့် လူက ငိုင်ကျသွားသည်။ ထန့်ကို ကြည့်လိုက်တော့ ထန် သူ့အား မျက်ဝန်းရူးရူးလေးနှင့် ကြည့်နေဆဲ။

"ထန်"

ခေါ်ရင်းက ထန့်လက်လေးကို ဆုပ်ကိုင်လိုက်တော့ ထန်သည် သူ့လက်ကို ကြမ်းတမ်းစွာ ပုတ်ချပစ်ကာ သူမနေရာမှ ရပ်လျက် ခြေလှမ်းနောက်ဆုတ်ပစ်လိုက်ပြီး...

"ရှင့်ကို ကျွန်မ မချစ်ဘူး"

"မပြောနဲ့၊ မင်း ဒီစကား မောင့်ကိုမပြောနဲ့၊ မင်း မောင့်ကို မချစ်ဘူးဆိုတာ မောင်သိတယ်"

နာကျင်သလို ခံရခက်စွာနှင့် အောင်ဇေ ဆိုလိုက်သည်။

"ရှင့်ကိုမချစ်နိုင်တဲ့ မိန်းမတစ်ယောက်ကို ရှင့်ဘေးမှာ





ရှိနေတော့ရော ရှင့်အတွက် ဘာထူးလာမှာမို့လို့လဲ"

ရင်နာရသလို အောင်ဇေမှာ မဲ့ခနဲ တစ်ချက်ပြုံးလိုက်ပြီး

"အပွန်း...အဲဒါ မင်းရဲ့ခံယူချက်လေ ထန်၊ မောင့်ရဲ့ ခံယူချက်ကတော့ ထန် မောင့်ကို ချစ်ချစ် မချစ်ချစ် မောင့်ဘေးမှာ မောင်သိပ်ချစ်တဲ့ ထန်ရှိနေရင် ဘဝဟာ မောင့်အတွက် အရာရာ ပြည့်စုံသွားပြီ၊ အရင်တုန်းကတောင် ထန့်ကို မောင်သိပ်ချစ်ခဲ့တာ၊ အခုအခြေအနေရောက်မှတော့ မောင်သိပ်ချစ်တဲ့ ထန့်ကို မောင် ဘယ်လိုနည်းနဲ့မှ အဆုံးရှုံးမခံနိုင်တော့ဘူး၊ ဒါ မောင့်ရဲ့ဆုံးဖြတ်ချက်ပဲ ထန်"

"ဟင်"

အရမ်းကို တည်ကြည်ပြတ်သားနေသည့် သူ့စကားသံက တကယ်ပင် ပြောလျှင်ပြောသလို လုပ်တော့မည့်ဟန် ဆုံးဖြတ်ထားပြီးသားမို့ ထန်ပင် သူ့အား ရှေ့ဆက်ဘာပြောရမှန်းမသိ ဖြစ်သွားသည်။

ထန်ဆိုတာကလည်း ဘယ်အရာကိုမှ လွယ်လွယ်နှင့် အရှုံးမပေးတတ်သည်မို့...



www.burmeseclassic.com

www.burmeseclassic.com



"ရှင်ဘာပဲပြောပြော ထန်ကတော့ ရှင့်စကားတွေကို နားမထောင်နိုင်ဘူး၊ ပြန်မယ်"

ပြောရင်းက ထန် တကယ်ပင် ပြန်မည့်ဟန် အောင်ဇေ့ရှေ့မှ ဖြတ်ကျော်သွားတော့ အောင်ဇေ မျက်ခုံးထူထူကြီး စုံတွန့်လျက် ထန့်အား အသည်းယားစွာ ကြည့်လိုက်ပြီး…

"ထန်…မင်းမပြန်ရဘူးလို့ မောင်ပြောနေတယ်"

"ပြန်မယ်၊ ထန့်စိတ်နဲ့ ထန့်ကိုယ် ဘာဖြစ်လဲ"

"ဒါဖြစ်တယ်ကွာ"

"အို"

ခေါင်းလေးမော့ မျက်နှာလေးပင့်ကာ သူ့အား ရှိသည်ဟု ဂရုမစိုက်ဘဲ အခန်းထဲက ထွက်ရန်ပြင်နေသည့် ထန့်ကို နောက်ကနေ သိမ်းကျုံးဆွဲပွေ့လိုက်တော့ ထန့်ကိုယ် နွေးနွေးအိအိလေးက သူ့ရင်ခွင်ထဲ ထွေးခနဲ ရောက်ရှိသွားသည်။

"ရှင်နော်…ဘာလုပ်တာလဲ၊ ဖယ်…လွှတ်စမ်း လွှတ်စမ်း၊ ရှင့်ကိုမုန်းတယ်ဆို"

"အပွန်း…ရှင့်ကိုမုန်းတာ၊ မောင့်ကိုမုန်းတာမှ မဟုတ်ဘဲ"





မျက်နှာချင်း တသားတည်းကျမတတ် အတင်းတိုးဝှေ့ပွတ်ကာ ဆိုလာသူကို ထန် ရှောင်ဖယ်ပေမယ့် မရ။

"ဘယ်လိုဖြစ်နေတာလဲ၊ ရှင် ဖယ်ဆို"

"မဖယ်ဘူး၊ ထန့်ကိုချစ်တယ်"

"မချစ်နဲ့၊ မုန်းတယ်"

"အပွန်း…ပွန်း ချစ်တာကို မချစ်နဲ့လို့ တားလို့ရမလားဗျ၊ ထန့်ကိုချစ်တဲ့ မောင့်အချစ်နှလုံးသားက သူ့အလိုလို ဖြစ်လာတာ၊ မောင်လည်း ဘယ်တတ်နိုင်မလဲ"

ထန့်ကိုယ်လေးကို သူ့ရင်ခွင်ထဲ နစ်သွားသည်။

"ရှင် မတတ်နိုင်ပေမယ့် ထန် တတ်နိုင်တယ်သိလား"

"သွား"

"သွားမယ်…လာ"

"အို"

ပြောကာမှ ပိုဆိုးသွားရသည့် ထန့်မှာ ဦးအောင်ဇေကိုယ်ကြီးကို သူမလက်ကလေးအစုံနှင့် အားထည့်၍ တွန်းထုတ်လိုက်ရှေ



www.burmeseclassic.com

သူ့ကိုယ်ကြီးက သူမအနားက ရွေ့မသွားဘဲ သူမကိုယ်လေးကသာ သူ့ကိုယ်ကြီးနှင့်အတူ နှစ်ဦးသား ရှန်းရင်းကန်ရင်းက ခုတင်ကြီး ထက် ပုံးထွေးပစ်ကျသွားသည်။

"ချစ်တယ် ထန်ရယ်၊ သိပ်ချစ်တယ်၊ အောင့်ကို ပစ်ခွာ ဖို့စကား မင်း မဆိုပါနဲ့လားဗျာ"

လှပသော ချစ်အနမ်းတွေ သိပ်သည်းစွာ ဖူးပွင့်သွား ထန်သည် မျက်နှာရဲရဲလေးနှင့် အနေခက်စွာ သူ့ရင်ခွင်ထဲ ရှန်းသည်။

"ဖယ်စမ်းပါ၊ ရှင်ချစ်တာ ဘာချစ်တာလဲ၊ ကျွန်မဘဝ ဖျက်ဆီးဖို့ ချစ်တာလား"

"မဟုတ်တာ ထန်ရယ်၊ မောင်ချစ်တာ ရင်မှာ မြတ်မြတ် နိုးနိုးနဲ့ နှလုံးသားမှာ ကမ္ဗည်းတင်ပြီး ချစ်ရတဲ့သူပါ"

ပြောပြီး သူ့အနမ်းတစ်ချက်က ထန့်နဖူးလေးထ ညင်ညင်သာသာ ကျရောက်လာသည်။

"မကြားချင်ဘူး၊ ရှင့်ဆီက ဘာစကားမှ မကြားချင်ဘူး ရှင်…ရှင် ကျွန်မဘဝကို ဖျက်ဆီးတဲ့လူ"





"ထန်"

"အို"

ထန် သူမဘဝကို သူမ နာကြည်းဝမ်းနည်းသလို ပြောတော့ အောင်ဇေ ထန့်ကိုယ်လေးကို ရင်ခွင်ထဲ ပိုရှ်ထွေးဖက် လိုက်ပြီး စကားဆိုခွင့်မပြုတော့ပါ။

"ခုချိန်မှာ မောင်ဘာပြောပြော ထန် နားဝင်မှာမဟုတ်ဘူး ဆိုတာ မောင်သိတယ်၊ ဒါပေမဲ့ တစ်ချိန်ချိန်မှာတော့ ထန် မောင့် အချစ်တွေကို နားလည်လာမယ်ဆိုတာလည်း မောင်သိတယ်"

"သွားစမ်းပါ၊ ရှင့်ရဲ့အချစ်ဆိုတာ ဘာလဲ၊ ရှင့်အဲဒေါ အတွက် ချစ်ဟန်ဆောင်ပြီး ထန့်ဘဝကို ဖျက်ဆီးတာ အဲဒါအချစ် လား"

စိမ်းလဲ့နေသော မျက်ဝန်းလေးနှင့် သူ့အား စူးစူးလေး စိုက်ကြည့်ကာ ဆိုလိုက်သော ထန့်စကားကြောင့် အောင်ဇေ ရင်နင့် သွားသည်။

ထန် ဘာလို့ သူ့အချစ်များကို နားမလည်နိုင်ရတာပါလိမ့်။ အောင်ဇေ စိတ်မကောင်းစွာ တွေးလိုက်မိသည်။

www.burmeseclassic.com



ဘယ်လိုပင် ထန် ပြောပါစေ အခုချိန်တွင် ထန်ဆိုတာက သူ့ရင်ခွင်ထဲ သူ တွေးဖက်ခွင့်ရထားသည့် ချစ်ဇနီးချောလေးပဲ အောင်ဇေသည် ထန် ဘာပဲပြောပြော ခွင့်လွှတ်ရမည်ဖြစ်သည်။

သူ၏ စစ်မှန်သော ချစ်ခြင်းကြောင့် ထန်သည် တစ်ချိန်မှာတော့ သူ့အချစ်များကို နားလည်လာမည်ကိုလည်း အောင်ဇေ သိနေပါ၏။

သို့အတွက်ကြောင့် အောင်ဇေ အခုချိန်မှာတော့ ထန့်စိတ်ထဲ ခံစားရသမျှ သူမ ပြောချင်ရာ ပြောပါစေဆိုသော အတွေးနှင့် ထန့်ကို သူ ချစ်မြတ်နိုးခြင်းများစွာဖြင့် ကြည့်လိုက်ပြီး…

"မောင် ထန့်အတွက် စားစရာတွေ ဝယ်လာတယ် ထန် ဒီမှာ ခဏနေဦးနော်၊ ထန်စားဖို့ မောင် စားစရာတွေ သွားထည့် လိုက်ဦးမယ်"

ဖျတ်ခနဲဆိုသလို ထန့်နဖူးလေးကို တစ်ချက်နမ်းရင်း အောင်ဇေသည် အခန်းထဲမှ ထွက်သွား၏။

ထန်မှာ အောင်ဇေ၏ နောက်ကျောမြင့်မြင့်မားမားကြီးကို ကြည့်ပြီး သူမပါးပြင်ထက် မျက်ရည်များ သွင်သွင်စီးကျလာသည်။





ခုချိန်တွင် ထန် သူ့ကိုသာမက သူမအဖြစ်ကိုလည်း သူမ ယုံကြည်နိုင်ပါ။ မနေ့ကနှင့်ဒီနေ့ မတူတော့သည့် သူမအဖြစ်များ သည်လည်း ယုံကြည်နိုင်စရာ မကောင်းအောင် ပြောင်းလဲခဲ့ရပြီ ဖြစ်သည်။

ငိုရင်းရှိုက်ရင်းနှင့် ထန် ပင်ပန်းလွန်းရသောကြောင့် မှေးခနဲ ဖြစ်သွားသည်။

ရုတ်တရက် သူမပါးပြင်ထက်ဝယ် နူးညံ့စွာကျရောက်လာ သော အတွေ့အထိ နွေးနွေးကြောင့် ထန့်မျက်ဝန်းလေးအစုံ ဖျတ်ခနဲ ပွင့်လာသည်။

"အို"

သူမမျက်နှာလေးအား အပေါ်မှနေ အုပ်မိုးကာ အပြုံးများ နှင့် ငေးစိုက်ကြည့်နေသော ဦးအောင်ဇေ မျက်နှာချောချောကို မြင်တွေ့လိုက်ရသဖြင့် ထန့်ရင်ထဲ နွေးထွေးလှုပ်ခတ်သွားသည်။

"အဟွန်း…ဟွန်း…ဟွန်း ကြည့်စမ်းပါဦးဗျာ၊ မောင့်မိန်းမ အိပ်နေပုံက ပုံပြင်ထဲက စနိုးဝှိုက်မင်းသမီးလေးအတိုင်း ပဲ၊ သိပ်ချစ်ဖို့ကောင်းတာပဲကွာ"



www.burmeseclassic.com

www.burmeseclassic.com



နူးညံ့ရွှန်းလဲ့သော အကြည့်များဖြင့် ထန့်မျက်နှာလေးထက် အကြည့်မလွှဲတမ်း စိုက်ကြည့်ကာ ဆိုလိုက်သော အောင်ဖေ့စကား ကြောင့် ထန့်တစ်ကိုယ်လုံး ရှက်စိတ်များ ဖြာဝေသွားရက် သူ့အကြည့်များကို ရှောင်လွှဲလိုက်ပြီး…

"ရှင်နော်…စကားပြောတာ ဆင်ခြင်ပြော"

"ဟောဗျာ…မောင်က ဘာကိုဆင်ခြင်ရမှာလဲ"

ရှက်ရှက်နှင့် ရန်စွာလိုက်သော ထန့်စကားကို အောင်ဖေ သည် သဘောကျသလို ပြုံး၍ကြည့်ကာ မေးတော့ ထန့်မျက်နှာ လေး အထားရခက်သွားကာ နှုတ်ဆိတ်သွားသည်။

"ထန်နဲ့မောင်က ဘာလဲ"

"ဘာမှမဟုတ်ဘူး၊ ရှင်နဲ့ထန် ဘာမှမဆိုင်ဘူး"

ထန့်အပြောကို ချစ်မြတ်နိုးစွာ အောင်ဖေ ချစ်စနိုးရယ် သည်။

ဤမျှချစ်စရာကောင်းသော ထန့်ကို ပိုင်ဆိုင်ခွင့်ရှိ သူ့လောက်ပျော်သူမရှိ။

"သိပ်ချစ်တာပဲ ထန်ရယ်"





"မောင့်ဘဝမှာ ထန်မရှိလို့မဖြစ်ဘူး"

"ရှင်နော်…ရှင်"

ပြောရင်းက အသည်းယားလာရသည့်ဟန်နှင့် ထန့်ရှိရာ အနားသို့ တိုးကပ်လာသော အောင်ဖေကို ထန် ကြောက်ရိပ်ဝိုင်း သော မျက်ဝန်းလေးနှင့် ရှက်လန့်သလို ကြည့်ကာ သူမကိုယ်လေး နောက်သို့ဆုတ်သွားရသည်ကိုကြည့်ပြီး အောင်ဖေ ရယ်မိပြန်သည်။

"အဟွန်း…ဟွန်း ဘယ်လိုလဲဗျာ၊ ဆိုင်ကြောင်း မောင် ဘာမှတောင် သက်သေမပြရသေးဘူး၊ ထန် လန့်နေပြီလား"

"ရှင်…ထန့်နားမလာပါနဲ့"

"ဒါဖြင့် မောင်က ဘယ်သူနဲ့နေရမှာလဲ"

"နေချင်တဲ့သူနဲ့ နေပေါ့"

"ဟင့်အင်း"

"မောင့်ချစ်သူနားပဲ နေချင်တယ်"

"ရှင့်ကြည့်ရတာ သိပ်ပျော်နေပုံပဲနော်"

"ဘယ်လိုပြောလိုက်တာလဲဗျ၊ မောင်သိပ်ချစ်တဲ့ ထန့်ကို ပိုင်ဆိုင်ခွင့်ရတာ မောင် မပျော်ဘဲနေပါ့မလား"



www.burmeseclassic.com

www.burmeseclassic.com



''အေးပေါ့လေ၊ ရှင်ကတော့ ရှင့်အလိုဆန္ဒတွေ ပြည့်သွားပြီဆိုတော့ ပျော်နေမှာပေါ့၊ မပျော်နိုင်တာက ထန့်နဲ့ ထန့်မိဘတွေပဲ၊ ခုချိန်လောက်ဆို မေမေတို့ ထန့်အကြောင်းကိုသိပြီး ကျွန်မကို စိတ်နာနေလောက်ရောပေါ့''

ဝေသီနေသော မျက်ရည်စများဖြင့် ပြောလိုက်သည့် ထန့်စကားကြောင့် အောင်ဇေ စိတ်ထိခိုက်ခြင်းများစွာနှင့် ရင်မှာ နင့်ခနဲ ဖြစ်သွားသည်။

သူ ထန့်ကို ဘယ်လိုနှစ်သိမ့်ရမည်မသိပါ။ ထန့်ပြောသလိုပင် ခုလောက်ဆို ထန့်မိဘတွေသာမက သူ့မိဘတွေလည်း သူနှင့် ထန့်အကြောင်းကို သိနေလောက်ပြီဖြစ်၏။

နှစ်ဖက်မိဘများအကြောင်းကို တွေးမိတော့ အောင်ဇေ ရင်မောသွားသည်။

''ထန့်ရယ်…မောင် တောင်းပန်ပါတယ်၊ စိတ်မကောင်းစရာတွေ တွေးမနေပါနဲ့တော့နော်၊ ထန့်အတွက် မောင် စားစရာတွေ ပြင်ထားတယ်၊ လာ စားလိုက်ဦးနော်''

အောင်ဇေ စကားလွှဲကာ ထန့်ကို အာရုံပြောင်းလိုက်သည်။





သို့တိုင် ထန့်မျက်နှာလေးက လန်းမလာ။

''ဟင့်အင်း…ထန့် မစားချင်ဘူး၊ စားချင်စိတ်လည်း မရှိဘူး၊ ထန့်ကို မေမေတို့ဆီ ပြန်ပို့ပေးပါ''

ဘယ်လိုပင်ပြောပြော နောက်ဆုံး ဒီစကားပင် ပြန်ရောက်နေသည်မို့ အောင်ဇေ မျက်စိမျက်နှာ ပျက်လာသည်။

''မောင် ထန့်ကိုပြောပြီးပြီလေ၊ ဒီအကြောင်းကလွဲပြီး ထန့် ကြိုက်တဲ့စကားပြော၊ မောင်လက်ခံမယ်၊ ဒါပေမဲ့ ထန့်ကိုပြန်ပို့ပေးဖို့တော့ မပြောနဲ့၊ မောင် ထန့်နဲ့မခွဲနိုင်ဘူး''

''ရှင် သိပ်တစ်ကိုယ်ကောင်းဆန်တဲ့လူ၊ ခုချိန် ထန့်မေမေ ထန့်ကြောင့် ဘယ်လောက်ခံစားနေရပြီလဲဆိုတာ ရှင်သိလား''

''မောင် ကိုယ်ချင်းစာပါတယ် ထန့်၊ ဒါပေမဲ့ မောင်မှ ထန့်ကို မခွဲနိုင်ဘဲ''

''အို…တော်ပြီ၊ သွား…သွား ရှင့်မျက်နှာကို မမြင်ချင်ဘူး၊ ရှင် ဒီအခန်းထဲက ထွက်သွားပါတော့''

အောင်ဇေ ထန့်ကိုကြည့်ကာ စိတ်ထိခိုက်သွားရသည်။ တကယ်ဆို သူသည် ထန့်ဆန္ဒကို လိုက်လျောချင်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



သို့သော် သူမတောင်းဆိုသည်ကလည်း လုံးဝမဖြစ်နိုင်သည့်ကိစ္စ။ ထန့်ကို သူချစ်သည်။

ထန့်ကို မခွဲနိုင်။

"ထန်"

"ရှင်သွားတော့လို့ ပြောနေတယ်နော်၊ ရှင့်ရဲ့ ရည်ရွယ်ချက်တွေ အောင်မြင်သွားပြီလို့ပဲ ရှင် မှတ်လိုက်ပါတော့"

မျက်ရည်များကို ကြမ်းတမ်းစွာ သုတ်ပစ်ရင်းက ထန်သည် နာနာကျင်ကျင် ကြေကြေကွဲကွဲ ဆိုလေသည်။

အောင်ဇေရင်မှာ မခံမရပ်နိုင်သလို နာကျင်သွားရပြီး…

"ထန်"

"…."

"ထန်"

သူဘယ်လိုခေါ်ခေါ် ထန် မထူးတော့ပါ။ မျက်နှာလေးကို လွှဲထားလိုက်ရင်းက ရင်မှာ နာကျင်ကြေကွဲခံစားရသမျှတို့ကို အသံတိတ် ကျိတ်၍ ကြေကွဲနေရသည်ကို သူမမှတစ်ပါး ဘယ်သူမှ မသိနိုင်ပါ။





အောင်ဇေလည်း သူ့အချစ်ကို အထင်သေးရက်လေခြင်းဆိုသောစိတ်နှင့် ရင်မှာ နာကျင်ထိခိုက်နေရသည်မို့ ယောကျာ်းပီသကာ တည်ကြည်ခန့်ညားသော သူ့မျက်နှာချောချောမှာ အုံ့မှိုင်းရီဝေနေသည်။

သည်နောက် ထန် ခံစားနေရသမျှကို နားလည်စွာဖြင့် ထန့်အား သူ တစ်ချက်ကြည့်လိုက်ပြီး…

"မောင့်ကိုခွင့်လွှတ်ပါလို့ မောင် မတောင်းပန်တော့ပါဘူး ထန်ရယ်၊ ဒါပေမဲ့ ထန့်ကို မောင် သိပ်ချစ်တယ်၊ ကဲ ထန် အပြင်ကို ထွက်မစားချင်လည်း မောင် စားစရာတွေ ဒီကိုယူခဲ့မယ် ဟုတ်လား ထန်"

သူ့စကားကို ထန် အင်းမလှုပ်အဲမလှုပ်ပေမယ့် စိတ်မှာတော့ ရှင် ကျွန်မရှေ့ကို ရောက်မလာပါနဲ့တော့ဆိုသည့် စကားများကို စိတ်မှာ ကျိတ်ကာ ဆိုနေလိုက်သည်။

မကြာလိုက် အောင်ဇေ စားစရာများနှင့်အတူ ထန်ရှိရာအခန်းထဲသို့ ရောက်ရှိလာပြီး…

"ထန်…ဒီမှာစားလိုက်ဦး၊ ထန် ကြိုက်မယ်ထင်တာတွေ



www.burmeseclassic.com

www.burmeseclassic.com



တော့ မောင်ဝယ်လာတာပဲ၊ ထစားလိုက်ဦး ထန်၊ အစာမရှိဘဲနေရင် ထန် နေထိုင်မကောင်းဖြစ်လိမ့်မယ်၊ ထနော် ထန်''

အောင်ဇေမှာ ထန့်အား စားစေချင်သောကြောင့် ချော့တစ်ခါ ခြောက်တစ်လှည့်နှင့် ပြောလိုက်သည်။

''မစားဘူး၊ မစားဘူး၊ ဘာမှမစားဘူး၊ နေထိုင်မကောင်းလို့ သေလည်း အေးတာပဲ''

ထန့်မှာ သူ့စကားကို လက်မခံ၊ မျက်ဝန်းလေးစုံမှိတ်ကာ အော်လိုက်သည်။

''မစားလို့ဘယ်ဖြစ်မလဲ ထန်၊ ထန်က သေချင်ပေမယ့် မောင်က ထန့်ကို အသေမခံနိုင်ဘူး၊ ထနော် ထန်က လိမ္မာတယ်၊ စားလိုက်ဦး''

ပြောရင်းက အောင်ဇေသည် ထန့်ပခုံးလေးကို ဆုပ်ကိုင်လိုက်တော့ ထန် သူ့မကိုယ်လေးကို သူ့လက်များကြားက ဖယ်ရှားလိုက်ပြီး…

''ရှင် ဘယ်လိုလူလဲ၊ သူများမစားချင်တာကို ဘာလို့ ဖွတ်ကျွေးနေရတာလဲ၊ လူကို ရှင် တော်ရုံပဲ အနိုင်ကျင့်ပါ''





''အဟွန်း…ဟွန်း မောင့်ချစ်သူကို မောင် စားစေချင်လို့ ကျွေးတာ အနိုင်ကျင့်တာလားဗျာ၊ ဒါဆိုလည်း မထူးပါဘူး၊ ထန် ပြောတဲ့အတိုင်းပဲ''

''ရှင်နော်''

''ဘာလဲကွ''

''အို…ရှင် ထန့်အနားက အခုသွား''

''ဟောဗျာ…ကြည့်စမ်း၊ ကောင်မလေး မောင့်စကားကို လန့်သွားတာကိုး''

သူဘာပြောပြော ထန် ဂရုမစိုက်။

''ရှင် ထန့်နားက သွားဆို''

''မနှင်ကြေးကွာ''

''အို…မသိဘူး၊ မသိဘူး၊ ရှင်မသွားရင် ထန်သွားမယ်''

ထန် သူ့အကြည့်စူးစူးများကို ရင်ဆိုင်မကြည့်ရဲတော့ဘဲ သူ့ရှေ့က ထွက်သွားဖို့ ကြိုးစားပေမယ့် မရ။

''ထန်''

အောင်ဇေက ထန့်ကိုယ်လေးကို ထွေးဖက်လိုက်သဖြင့်



www.burmeseclassic.com

www.burmeseclassic.com



သူ့ရင်ခွင်ထဲ ထန် မှိန်းကြပ်သွားသည်။

"နောက် နာရီဝက်နေလို့မှ ထန် မောင်ယူလာတဲ့စားစရာတွေကို မစားသေးဘူးဆိုရင်တော့ ထန့်ကို မောင်ကိုယ်တိုင်လာကျွေးရလိမ့်မယ်၊ အဲဒါကိုတော့ မောင် မလုပ်ဘူးမထင်နဲ့နော်၊ သိတယ်မဟုတ်လား၊ မောင်က ပြောရင်ပြောသလို လုပ်တတ်တဲ့လူဆိုတာ"

ထန့်ကို ခြိမ်းခြောက်သလို ပြောကာ အခန်းထဲမှ ထွက်သွားသည့် အောင်ဇေ့ကို ထန် ရင်မှာမကျေနပ်ခြင်းများစွာ။

သူ့ကို စိတ်ဆိုးဆိုးနှင့်မို့သာ ထန် သူယူလာသည့် စားစရာများကို မစားဘူးဟု အစွဲ့တိုက်ကာ ပြောလိုက်ရပေမယ့် တကယ်တော့ ထန်သည် မနေ့ကတည်းက ဘာမှမစားရသေးသည်မို့ ဗိုက်က ဟာန်မဆောင်နိုင်အောင် ဆာလောင်နေပြီဖြစ်သည်။

သည်ကြားထဲ သူယူလာသည့် စားစရာတွေက သူမဗိုက်ကို ပိုမိုဆာလောင်အောင် အနံ့က စားချင့်စဖွယ်မွှေးပျံ့လျက်။

အစကတော့ ထန် သူ့ကို အစွဲ့တိုက်ကာ မစားဘူးဟု ဆန္ဒပြလိုက်ချင်ပေမယ့် တကယ်တမ်းတော့ ထန် ထိုစိတ်ကူးမျိုး





ကို သက်တွေ့အကောင်အထည် မဖော်နိုင်ပါ။

ဆာလောင်ခြင်းက ထန့်ကို အနိုင်ယူသွားသည်။

အောင်ဇေလည်း ထန့်ကို ပြောသာပြောခဲ့သည်။ ခေါင်းမာလွန်းသည့် သူမ ဂျစ်ကန်ကန်နှင့် စားမှစားပါ့မလားဆိုသည့် စိုးရိမ်စိတ်အတွေးနှင့် သူမကိုဝင်အကြည့်⋯

"ဟောဗျာ"

"အို"

"အဟွန်း⋯ဟွန်း⋯ဟွန်း"

တိုက်ဆိုင်သွားသည်လို့ပင် ပြောရပေတော့မည်။

အောင်ဇေလည်း သူမစားမှစားပါ့မလားဆိုသည့် စိုးရိမ်ပူပန်မှု စိတ်အတွေးနှင့် သူမကိုအကြည့်၊ ထန်ကလည်း ဆာဆာနှင့် စားစရာများကို ယူအစား သူမအဖြစ်ကို အောင်ဇေ မြင်သွားရပြီမို့ စားလက်စကိုပင် ဆက်မစားနိုင်အောင် ရှက်မှန်သွားသည်။

ချစ်လိုက်ရတာ ထန်ရယ်။

မျက်နှာလေး နီရဲနေပုံကို ငေးခနဲကြည့်ပြီး ထန့်ကို ကျောခိုင်းလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



ချစ်စနိုးဟန်နှင့် ထန့်အား မျက်စိတစ်ဖက် ဖျတ်ခနဲမှိတ်ပြရင်း အခန်းထဲက အောင်ဇေ ထွက်သွားပါတော့မှ သူမသည်လည်း မမှန်နိုင်တော့သည့် ရင်ခုန်သံတွေနှင့်။

♦ ♦ ♦



## အခန်း (၈)

"ဟင်"

"မေမေရယ် လုပ်ရက်လိုက်တာရှင်၊ အဟင့်…ဟင့်…ဟင့်"

သတင်းစာဖတ်ရင်းက အသံလေးများထွက်အောင်ပင် ဝမ်းနည်းကြေကွဲစွာ ရှိုက်၍ရှိုက်၍ ငိုလိုက်သံကြောင့် မီးဖိုထဲတွင် ကိုယ်တိုင်ဝင်၍ ချက်ပြုတ်နေသော အောင်ဇေတစ်ယောက် မျက်ခုံးထူထူများ ပင့်တက်သွားရသလို လူကလည်း ထန့်ရှိရာ အိမ်ရှေ့ဧည့်ခန်းဆီသို့ အလိုလိုရောက်မိလျက်သား ဖြစ်သွားသည်။

"ထန့် ဘာလို့ငိုတာလဲ၊ ဘာဖြစ်လို့လဲဟင်"

ပါးပြင်ပေါ် မျက်ရည်တွေ သွင်သွင်စီးကျကာ ကိုယ်လေး



www.burmeseclassic.com

www.burmeseclassic.com



သိမ့်သိမ့်လှုပ်ခါသည်အထိ ရှိုက်ကြီးတငင် ငိုကြွေးနေသော ထန့်ကို တွေ့လိုက်ရသည်ဆိုရင်ပဲ အောင်ဖေမှာ ထန့်အား စိုးရိမ်ပူပန်မှုများနှင့် ဘာလုပ်ရမှန်းမသိ ဖြစ်သွားသည်။

သူမေးသည်ကို ထန် ဘာမှမဖြေဘဲ ငိုရင်းရှိုက်ရင်းက သူ့လက်ထဲကို သတင်းစာ ထည့်ပေးသောအခါ ထန်ထည့်ပေးသည့် သတင်းစာကို အောင်ဖေ ဖိတ်မိသွားသည်။

ဖတ်လက်စ သူ့လက်ထဲ ထည့်ပေးသည့် သတင်းစာ စာမျက်နှာက နာရေးကြော်ငြာ၊ ဘယ်သူဘာများဖြစ်လို့ပါလိမ့်၊ တွေးရင်းက အောင်ဖေ့အကြည့်များက တစ်ဖက်စာမျက်နှာဆီ ရောက်သွားတော့…

''မာမီရယ်''

သတင်းစာတွင် ပါသည့် ကြော်ငြာဖြတ်ပိုင်းလေးကို ကြည့်ပြီး အောင်ဖေ နှုတ်ကလည်း မရည်ရွယ်ပါဘဲ စကားဆိုမိသွားသည်။

အောင်ဖေ့အသံကြောင့် ထန် ငိုရင်းရှိုက်ရင်းက သူ့အကြည့်လေးက အောင်ဖေ့ထံ ဖျတ်ခနဲ ရောက်ရှိသွားရပြီး…



''ရှင့်မျက်နှာကို မကြည့်ချင်ဘူး၊ ရှင့်ကိုမုန်းတယ် သိလား၊ ရှင့်ကြောင့်…ရှင့်ကြောင့် ထန့်မေမေ ထန့်ကို စွန့်လွှတ်လိုက်ပြီ''

တွေ့ပါသည်။ ထန့်မေမေက ထန့်ကို စွန့်လွှတ်လိုက်ကြောင်း ပါလာသလို သူ့မာမီကလည်း သူ့ကို စွန့်လွှတ်လိုက်ပြီ ဖြစ်သည်။

''အဟင့်…ဟင့်..ဟင့် ဒီလိုတွေ ဖြစ်မယ်ဆိုတာသိလို့ ရှင့်ကို ထန် ရှောင်ခဲ့တဲ့ကြားက နောက်ဆုံးတော့လည်း ရှင် အနိုင်ရသွားတာပဲ မဟုတ်လား ဦးအောင်ဖေ''

ထန်မှာ သူ့ခံစားချက်နှင့်သူ အောင်ဖေ့မျက်နှာကိုလည်း မကြည့်တော့ဘဲ ဝမ်းနည်းကြေကွဲစွာ ရှိုက်ကာ ရှိုက်ကာ ငိုလျက် ပြောနေသည်။

''ထန်ရယ်…မောင့်ကို အနိုင်ရတယ်လို့တော့ မပြောပါနဲ့ဗျာ၊ ခုချိန်မှာ ထန်နဲ့မောင်က ဘဝတူတွေပါ''

''ဘာပြောတယ်၊ ဘဝတူတွေ ဟုတ်လား''

''ဟုတ်တယ် ထန်၊ ထန့်မေမေက ထန့်ကို စွန့်လွှတ်လိုက်သလို မာမီကလည်း မောင့်ကို စွန့်လွှတ်လိုက်ပြီ''

www.burmeseclassic.com

www.burmeseclassic.com



''ဟင်''

သူ့စကားကြောင့် ထန် အံ့ဩသွားရသလိုမျိုး အငိုများ

ရပ်သွားသည်။

''ဘာလဲ...ထန် မဖတ်ရသေးဘူးလား''

''ဟင့်အင်း''

ထန်တစ်ယောက် အယောင်ယောင်အမှားမှားနှင့် ခေါ

လေး ခါယမ်းပြလိုက်မိသည်။ ထိုအခါ အောင်ဇေ ထန့်လက်

သူမစောစောက ဖတ်လက်စ သတင်းစာကို ပြန်ထည့်ပေးရင်း

ထန့်ကို စွန့်လွှတ်ကြောင်းကြော်ငြာနှင့် ကပ်လျက်တွင် ပါလာ

က အောင်ဇေအား စွန့်လွှတ်ပါကြောင်း ပါလာသည့် ကြော်ငြ

''ကဲ...ထန် မောင့်ကို မုန်းနေတုန်းပဲလား''

''အဟင့်...ဟင့်...ဟင့်''

ထန် သူ့စကားကို မဖြေတော့ဘဲ စောစောကထက်

သည်းထန်သည့် ငိုရှိုက်မှုဖြင့် မျက်ရည်တွေ မဆည်နိုင်အော

ကလေးတစ်ယောက်လို ဝမ်းနည်းတကြီး ငိုကြွေးပြန်သည်။

ထန့်မျက်ရည်တွေက အောင်ဇေ့နှလုံးသားကို မားနှင့်



ည့်ထက် ပိုရှုံ့မှာကျင်စေရပါသည်။

''မငိုပါနဲ့ ထန်ရယ်၊ ထန့်ဘေးမှာ မောင်တစ်ယောက်လုံး

နေပြီပဲ၊ ထန် ဘာမှအားငယ်စရာမရှိပါဘူး၊ မောင် ထန့်ကို အစစ

ရာရာ မျက်နှာမငယ်အောင် ထားနိုင်ပါသေးတယ်''

အောင်ဇေမှာ ထန့်ကိုယ်လေးကို သူ့ရင်ခွင်ထဲသို့ ထွေးပွေ့

ကာ အနမ်းဖြင့် ချော့မော့နှစ်သိမ့်လိုက်သည်။

သည်တစ်ခါတော့ ထန် သူ့ရင်ထဲက ခံစားချက်များကို

လည်နေ၍ထင် အရင်တုန်းကလို သူ့ ထွေးဖက်မှုကို မငြင်းဆန်

တော့ဘဲ အငိုမျက်နှာလှလှလေးနှင့်ပင် သူ့ရင်ခွင်ထဲ မျက်နှာလေး

ပ်လာ၏။

ချစ်ရသူကိုကြည့်ကာ အောင်ဇေ စိတ်မကောင်းပေမယ့်

ကြည်နူးဝမ်းသာသွားသည်။ တကယ်တော့ ဒီအဖြစ်က ဘယ်သူ့

ဘယ်သူ့ကိုမှ အပြစ်ပြောလို့မရပါ။ တကယ်တမ်း အပြစ်ရှိသူက

ချစ်တတ်သော သူ့နှလုံးသားပင်ဖြစ်သည်။

တစ်ချိန်က မပြေလည်သည့် လူကြီးများ၏ ရန်ငြိုးရန်စ

ကြောင့် နှစ်မိသားစု အဆင်မပြေသည့်ကြားက သူသာ ထန့်ကို

www.burmeseclassic.com

www.burmeseclassic.com



မချစ်ခဲ့ပါလျှင် ဒါမှမဟုတ် ထန့်ကိုသာ သူပိုင်ဆိုင်ဖို့ မကြိုးစားခဲ့ပါ လျှင် ဒီနေ့ ဒီလိုအဖြစ်တွေလည်း ဖြစ်လာလိမ့်မည်မဟုတ်။

တစ်ခု ကျေနပ်ရသည်က ဒီအဖြစ်တွေကြောင့် ထန့်အပြု အမူလေးများ ပြောင်းလဲလာခြင်းဖြစ်သည်။

သက်ပြင်းနှင့်အတူ အောင်ဇေရင်ခွင်ထဲတွင် သည်းသည်း လှုပ် ငိုနေသည့် ထန့်ကိုယ်လေးကို ခပ်တင်းတင်းလေး တိုး၍ ဖက်လိုက်သည်။

ထန် ခံစားနေရသည်ကို သူသိပါသည်။ သူ့လို ယောကျ်ားရင့်မကြီးတစ်ယောက်တောင် မာမီ စွန့်လွှတ်သည်ကို အနည်းနှင့်အများ ခံစားရသေးလျှင် ထန်က မိန်းမသားမို့ သူ့ထက် ပိုကာ ခံစားရမည်ဖြစ်သည်။

တကယ်တော့ ဒါတွေအားလုံးသည် သူ့အပြစ်သာဖြစ်ပေ သည်။ သို့ပေမယ့် သူ့နှလုံးသားကိုလည်း သူ မတားဆီးနိုင်ခဲ့ပါ။

အောင်ဇေမှာ ထန်၏ အငိုမျက်နှာလေးကို ဆွဲမော့ယူကာ စိတ်ထိခိုက်ခြင်းများစွာနှင့် အတန်ကြာအောင် စူးစိုက်ကြည့်လိုက် ပြီးနောက ထန့်ပါးပြင်ပေါ်မှ မျက်ရည်စများကို သူ့ပါးပြင်နှင့်





တ်တိုက်ဖယ်ရှားပေးလိုက်ရင်း…

"မငိုနဲ့တော့ ထန်ရယ်၊ ထန် ဒီလိုငိုနေရင် မောင် ာ်ကောင်းနိုင်မှာမဟုတ်ဘူး၊ ထန့်ကို မောင် အရင်ကထက်ပိုချစ် ယ်၊ ကြင်နာမယ်၊ ယုယမယ်ဆိုတာ ထန့်ကို မောင် ကတိပေးပါ ယ် ချစ်ရယ်"

"ထန်"

"ရှင်"

ထန် သူ့အား ရှိုက်သံသဲ့သဲ့နှင့် ထူးပါသည်။

ထန့်ထူးသံလေးကြောင့် အောင်ဇေ ခံစားရသမျှ သောက များ ပြေပျောက်သွားရကာ ရင်မှာ ကြည်မွေ့သွားရပြီး…

"မောင်ချစ်တာ ထန် ယုံပြီလား"

"ရှင်ရယ်"

သူ့အချစ်ကို ထန် မယုံရဲ၍ မရတော့ပါ။ ထန့်ကို သားတစ်ယောက်အဖြစ်က စွန့်လွှတ်ခံရသည့်အထိ ချစ်ရှာလွန်းသော အောင်ဇေ့အချစ်ကို ထန် ဘာမှမပြောနိုင်တော့ပါ။

"တကယ်ပါ ထန်ရယ်၊ ထန့်ကို မောင်ချစ်ခဲ့တာ အခုမှ



www.burmeseclassic.com

www.burmeseclassic.com



မဟုတ်ဘူးဆိုတာ ထန်လည်း သိနေတာပဲ၊ ထန့်ကို ထန်လို့ ကျောင်းမှာစသိလိုက်တဲ့ အချိန်ကတည်းက မဖြစ်နိုင်ဘူးဆိုတာသိပေမယ့် မောင့်နှလုံးသားက ထန့်ကို မေ့ပျောက်လို့မရတော့ဘဲ စွဲစွဲလမ်းလမ်း ချစ်သွားမိတာ၊ တစ်ချိန်က မောင့်အပြုအမူတွေ သတိရရင် ထန်လည်း သိနေမှာပါ''

သိပါသည်။ သူပြောသလို ထန်သည် သူမကျောင်းတက်စဉ်တစ်လျှောက် သူမနောက်ဝယ် အရိပ်ပမာရှိနေသည့် သူ့ကို ထန် နှလုံးသားကလည်း သိနေပါ၏။

ထန်နှင့်သူ စိတ်ချင်းဘယ်လို နီးစပ်ပါစေ သူနှင့်ထန်ဆိုတာ ဘယ်လိုမှ မဆုံနိုင်သည့် လူနှစ်ဦး။ ဒါကို သူကော ထန်ကော သိသည်။ သို၍လည်း ထန်သည် သူနှင့် ဝေးနိုင်အောင် ကြိုးစားရှောင်ခဲ့ပေမယ့် ကံကြမ္မာက ရှောင်၍မသာတော့လည်း ထန် သူ့ရင်ခွင်ထဲ ရောက်ခဲ့ရပြီမဟုတ်လား။

''ထန်''

ထန် မထူးပေမယ့် မျက်ဝန်းပြာလဲ့လဲ့ကြီးအစုံကတော့ သူ့ကို ကြည်စင်ရွှန်းလဲ့စွာ ကြည့်လာလေ၏။



''ထန်…အားငယ်နေသလားဟင်''

ထန် အားငယ်နေသလားတဲ့။ သူ့စကားကို ထန် ဘာပြန်ဖြေရမှန်းမသိပါ။ ထန့်ကိုယ်ထန်လည်း ဝမ်းနည်းနေတာလား၊ ကြေကွဲနေတာလား၊ အားငယ်နေတာလားဆိုတာ သူမကိုယ်သူမပင် ခွဲခြားနိုင်တော့။

သူမဘေးတွင် သူမနှင့် ဘဝတူရှိနေသည့်အတွက်တော့ ထန့်ရင်ထဲ အားငယ်စိုးရွံ့စိတ်များ နည်းနေတာက အမှန်ဖြစ်သည်။ ဒါသည်ပင် ထန် သူ့ကို အားကိုးမိလို့များလား။

အိုကွယ်။

သည်အတွေးက ဝင်လာတော့ ထန့်မျက်နှာလေးမှာ ရှက်စိတ်နှင့် ရဲခနဲဖြစ်သွားသည်။

''ဖြေလေ…ထန်၊ အားငယ်နေသလားဆိုတာ''

သူသည် ထန့်ကိုယ်လေးကို တင်းတင်းလေး ပွေ့ဖက်ရင်းက အားမလိုအားမရ နဖူးချင်းတော့လျက် အပြုံးနှင့် မေးလိုက်သည်။ ထန် သူ့အား မျက်လွှာလေး ပင့်ကြည့်လိုက်ပြီး…

''ထန်…ဘာဖြေရမလဲ''

www.burmeseclassic.com

www.burmeseclassic.com



"အဟွန်း‥ထန့်စိတ်ထဲမှာရှိတာ ဖြေပေါ့ဗျ"

"ထန် အားငယ်နေတော့ကော ဘာထူးမှာလဲ၊ ခုချိန်မှာ ရှင်နဲ့ထန်က ဘ၀တူတွေပဲလေ"

"ထန်…ထန်ရယ်"

ထန့်စကားက အောင်ဇေရင်ကို ဘယ်လောက်ထိသွားရသည် မသိပါ။ အောင်ဇေသည် ရင်၀ယ်သိမ့်သိမ့်လှိုက်ဖြာစွာနှင့် ထန့်အား ရင်ခွင်ထဲ တင်းတင်းကြီး ဖျစ်ညှစ်လိုက်သည်။

သည်နောက် သူ့အနမ်းများက ထန့်ပါးပြင်လေးမှတစ်ဆင့် ထန့်မျက်နှာလုလုလေးအနှံ့ကို လှိုက်လှိုက်သည်းသည်း ရောက်ရှိသွားသည်။

"တော်ပြီ…ဦးအောင်ဇေရယ်၊ လွှတ်…ထန့်အသက်ရှူကြပ်တယ်"

"အဟွန်း…ခုချိန်ထိ မောင့်ကို ဦးအောင်ဇေလို့ပဲ ခေါ်နေတော့မှာလား"

ထန် မဖြေ။

"သူများတွေကြားရင် ဘယ်လိုထင်မလဲ၊ ခေါ်စမ်းပါ



မောင်လို့"

"ဟင့်အင်း"

"ထန်ရယ်"

ထန် တကယ်ပင် အရှက်သည်းနေရသည့်ဟန်လေးနှင့် သူ့ရင်ခွင်ထဲ မျက်နှာလေးဖွက်တာကို ချစ်မြတ်နိုးစွာ သူရယ်လိုက်သည်။

အောင်ဇေမှာ သူ့အပေါ် တစ်ရစ်ချင်းပြေနေပြီဖြစ်သော ထန့်အမုန်းကို သူသည် နားလည်လာရပြီမို့ ထန့်အမုန်းကို သူ့ကြောက်တော့ဘဲ ထန့်ကိုယ်လေးကို ရင်ခွင်ထဲ တင်းတင်းပွေ့ဖက်ထားရင်းက မျက်နှာချင်းပူးအပ်ကာ ပြောနေခြင်းဖြစ်သည်။

"ကိုယ့်ယောကျ်ားကို မောင်လို့ခေါ်တာ ရှက်စရာလား ထန်"

"ဘာ ကိုယ့်ယောကျ်ားလဲ"

"မျက်စောင်းက ဘာလို့ထိုးရတာလဲ"

"မောင်က ထန့်ယောကျ်ားမဟုတ်ဘူးလား"

"မဟုတ်ဘူး"

www.burmeseclassic.com

www.burmeseclassic.com



"ဟင်…ဒါဖြင့်ဘာလဲ"

သူဒီလိုမေးတော့ ထန့်ထံမှ ဘာသံမှထွက်မလာ။

"ထန် မေးတာဖြေလေ၊ မောင်နဲ့ထန်က ဘာလဲ"

"သူငယ်ချင်း"

"ဒါလား သူငယ်ချင်း"

"အို"

"ဦးအောင်ဇေ"

"ဦးအောင်ဇေမဟုတ်ဘူး၊ မောင်"

"တော်ပြီဆို"

"အိုး"

"မောင်လို့ခေါ်"

"မောင်"

"လွှတ်"

"ထန်ရယ်"

"အိုကွယ်"

တစွတ်ထိုး အချစ်လှုဆိုးကြီး ဦးအောင်ဇေအလိုကို





လိုက်ကာ ထန် သူ့အကြိုက် ခေါ်လိုက်ပေမယ့်လည်း အချိန်က တော့ဖြင့် နောက်ကျသွားခဲ့ပြီဖြစ်သည်။

အချစ်ရေကာတာကြီး ကျိုးသွားပြီဖြစ်သော အောင်ဇေ သည် ထန့်ကိုယ်လေးကို ရင်ခွင်ထဲ ဆွဲနစ်ပွေ့ဖက်ကာ သူ၏ချစ် အနမ်းများ ထန့်အပေါ် အတားအဆီးမဲ့ အငြိုးနှင့် သွန်ချပစ်လိုက် သည်။

♦ ♦ ♦



www.burmeseclassic.com

www.burmeseclassic.com

"မောင်ရေ"

"ဗျာ"

"ကြည့်…မောင်နော်"

"အဟွန်း…ဟွန်း၊ ကြည့်နေတယ်လေဗျာ၊ ကြည့်နေတာမှ မောင့်မိန်းမဆီက နည်းနည်းလေးမှ အကြည့်မလွှဲဘဲနဲ့ကို ကြည့်နေတာ"

"အို"

တကယ်ပင် ပြောသည့်အတိုင်းလည်း အကြည့်များမလွှဲဘဲ သူမကို တစ်ခါမှ မမြင်ဘူး၊ မတွေ့ဖူးသူတစ်ယောက်လို ရူးရူးစိုက်စိုက် ကြည့်နေသော အောင်ဖေကြောင့် ထန်သည် သူ့ရှေ့တွင် မနေတတ်တော့သလို ရှက်စနိုး သူမမျက်နှာလေးပေါ်



လက်လေး ဖုံးအုပ်ကွယ်ထားလိုက်သည်။

"ဟော့…ဘာလုပ်တာလဲကွ၊ မောင့်မိန်းမကို မောင်ကြည့်နေတယ်လေ"

ပြောရင်းက ထန့်လက်များကို ဖယ်ရှားယူလိုက်တော့ ထန်သူ့အား ရှက်မျက်စောင်းလှလှလေး ထိုးလာပြီး…

"မောင်နော်…သူ ဘယ်လိုဖြစ်နေတာလဲ၊ ဒီက စကားအကောင်းပြောမလို့ဟာ"

"ထန်တို့ ဒီလိုနေလို့ မဖြစ်တော့ဘူးနဲ့တူတယ် မောင်"

"ဟင်…ထန်က ဒီလိုမနေချင်လို့ ဘယ်လိုနေချင်လို့လဲ"

"ထန်ပြောတာ ထန်တို့နှစ်ယောက်ကို နှစ်ဖက်မိဘတွေ ဒီလိုစွန့်ထားတယ်ဆိုပေမယ့် ဘာပဲပြောပြော ထန်တို့က သားသမီးတွေပဲ၊ ပြီးတော့ အမှားလုပ်တာကလည်း ထန်တို့ပဲမဟုတ်လား"

"ထန် ပြောချင်တဲ့သဘောက"

"ထန်တော့ ထန်တို့အမှားကို နှစ်ဖက်မိဘများကို တောင်းပန်ချင်တယ်၊ မောင့်အစွမ်းအစနဲ့ ထန်နဲ့မောင် ဒီလိုနေနိုင်တယ်ဆိုပေမယ့် ဒီလိုအခြေအနေမပျက် နေရတာ မောင့်မိဘတွေရဲ့ ပစ္စည်း

www.burmeseclassic.com

www.burmeseclassic.com



တွေကြောင့်ပဲ မဟုတ်လား၊ မောင့်မာမီသာ မောင့်ရဲ့ လက်ရှိလုပ်ငန်း တွေ အားလုံးကို သိမ်းသွားရင် ခုချိန် ထန်နဲ့မောင် ဘာဖြစ်နေမ မောင် စဉ်းစားကြည့်ပါဦး”

ထန် ပြောသည်ကလည်း မမှားသည်မို့ အောင်ဇေ စဉ်း သွားသည်။ ထန် သူ့ထက်ငယ်သော်လည်း အရာရာကြိုမြင်တ သည့် မိန်းကလေးဖြစ်သည်။

ထန်နှင့်အတူနေရက်လေးများ ကြာလာလေ အောင်ဇေ တစ်ယောက် ထန်၏ မိန်းကလေးပီသမှုနှင့် ထ ထက်မြက်သည့် စရိုက်လေးများ ပို၍သိလာရလေဖြစ်သည်။

ယခုလည်း သူမတွေးမိသည့် ကိစ္စကို ထန် လူကြီးလေ တွေးမိပြီး ထိုစကားကို စဉ်းစဉ်းစားစားနှင့် ချင့်ချင့်ချိန်ချိန် ပြော ခြင်းဖြစ်သည်။

ထန် ပြောသည်ကလည်း မမှားပေ။ မာမီသည် သ သားအဖြစ်က စွန့်လွှတ်လိုက်သည်ဆိုပေမယ့်လည်း ငွေကြေး များနှင့် ပတ်သက်ပြီး ဘာတစ်ခုမှ ပြန်၍သိမ်းယူသွားခြင်းမ

ယုတ်စွအဆုံး ကုမ္ပဏီကိုပင် ဆက်လက်အုပ်ချုပ်စေ





သည်။ ထို့ကြောင့် အောင်ဇေ့အတွက် မိဘစွန့်လိုက်သည်ဆိုပေမယ့် အခြေအနေမပျက်ဘဲ အရင်လူ့ဘုံဘဝကအတိုင်း ဟန်မပျက်ရှိခဲ့ရ သည်က ထန် ပြောသလို မိဘများ၏ ကျေးဇူးကြောင့်ပင်ဖြစ်သည်။

နှစ်ဖက်မိဘများ မပါပေမယ့်လည်း သူငယ်ချင်းအပေါင်း အသင်း အနည်းငယ်နှင့်ပင် ထန်နှင့်သူ၏ မင်္ဂလာပွဲလေးကို တိုးတိုး ကျိတ်ကျိတ်နှင့် ပြီးဆုံးစေခဲ့ရတာ နှစ်ဦးသား အောင်ဇေ ဆောက် ထားသည့် တိုက်သစ်ကြီးတွင် နေခဲ့ကြလေသည်မှာ ဘာလိုလို နှင့် အိမ်ထောင်သက်လေးများပင် ရလာခဲ့ပါပြီ။

အချစ်ဖြင့်တည်ဆောက်ခဲ့ကြသည့် သူတို့နှစ်ဦး၏ အိမ်ထောင်သက်လေးမှာ တစ်လ နှစ်လမှနေ သုံးလေးလတိုင်လာ သည့်အခါမှာတော့ တစ်ဦး၏သဘောကို တစ်ဦး ပို၍နားလည်လာ ခဲ့ရသည်။

အောင်ဇေမှာ သူ၏အိမ်ထောင်ရေးကိုတွေးပြီး သူသည် အမြဲကျေနပ်နေသူဖြစ်သည်။

တစ်မိုးအောက်တွင် ချစ်သော ထန်နှင့်အတူ နေရပါမှ ထန်၏ အိမ်ထောင်ရှင်မ ပီသမှု၊ လင်ယောကျ်ားကို ပြုစုယုယမှုနှင့်



www.burmeseclassic.com

www.burmeseclassic.com



ချစ်တတ်မှုများကို သူကိုယ်တိုင် မြင်တွေ့ခံစားခဲ့ရသည်။

သူ့အနေနှင့်လည်း ထန်၏ လိမ္မာသိတတ်မှုလေးများ
ကြောင့် သူမလေးအပေါ် သူ့အချစ်များ ယခင်ထက် ပိုတိုးချစ်
သည့်အဖြစ်။

ယခုလည်း သူ၏ ချစ်ဇနီးလေးသည် သူတို့ကို မိဘ
စွန့်ပစ်ရပါ့မလားဆိုကာ စိတ်ဆိုး၊ စိတ်နာကျင်ပုံမရဘဲ မိဘကျေး
ကို သူမကပင် ပြန်၍ သိတတ်စွာ ပြောနေပုံလေးကြောင့် အောင်
ချစ်ဇနီးအလိမ္မာလေးကြောင့် ကြည်နူးခြင်းပီတိများ လွှမ်းခြုံနေသည်

"မောင်…ထန်ပြောတာ ကြားလား"

"ဟင်…ဘာလဲ ထန်"

သူမပြောသမျှ စကားများကို အင်းအဲမလှုပ်၊ ပြုံးပြုံး
စိုက်ကြည့်နေသော အောင်ဇေ့ကို ထန် မျက်စောင်းလှလှ
ထိုးလိုက်ရင်းက…

"ကြည့် မောင်ကတော့လေ၊ ထန်ပြောတာကို နည်းနည်း
မှ စိတ်မဝင်စားဘူး"

"အဟွန်း…စိတ်မဝင်စားတာမဟုတ်ပါဘူးဗျာ၊ စိတ်



စားလွန်းလို့ လိမ္မာလွန်းတဲ့ ဟောဒီက ချစ်ဇနီးလေးကို ကြည့်နေတာ
ပါ"

ပြောရင်းက သူ့မျက်နှာချောချောက ထန့်မျက်နှာလေးနား
ဲကပ်လာတော့ ထန် သူမမျက်နှာလေးကို နောက်သို့ ဆုတ်ရှောင်
လိုက်ပြီး…

"မောင်နော် မကဲနဲ့"

"အဟွန်း…ဟွန်း ချစ်တာ ကဲတာလားဗျ"

သူမ ငုံ့ပြုံးနေသည့်ကြားကပင် ချစ်ရည်စိုရွှန်းနေရသော
မျက်ဝန်းအစုံနှင့် ထန့်အားကြည့်ရင်း သူ့အနမ်းတစ်ပွင့်က ထန့်ပါး
ပေါ် နူးညံ့ညင်သာစွာ ရောက်လာ၏။

"ချစ်တယ် ထန်ရယ်"

"တော်ကွယ် မောင်ရယ်၊ ထန်ပြောတာ နားထောင်စမ်း
ပါ"

"အင်း…ဘာလဲ ပြောလေ ထန်"

"မောင် ညနေအလုပ်ကပြန်လာရင် ထန်တို့နှစ်ယောက်
မိဘတွေကို သွားပြီးကန်တော့ကြရအောင်လား"

www.burmeseclassic.com

www.burmeseclassic.com



"အင်း…ကောင်းသားပဲ ထန်"

"ဒါဆို မောင် ညနေအလုပ်က စောစောပြန်လာခဲ့နော်၊ ထန်တို့အမှားတွေအတွက် နှစ်ဖက်မိဘတွေကို ကျေနပ်အောင် တောင်းပန်ရင်း သွားကန်တော့ကြမယ်၊ မောင် ထန့်မှာတာ မမေ့နဲ့နော်"

ထန့်မှာ သူမစကားကို မမေ့အောင် အောင်ဇေအား ထပ်၍ သတိပေးလိုက်သည်။

"ကောင်းပါပြီဗျာ၊ ထန့်စကားကို မောင် မမေ့ပါဘူး ကဲ ဒါဆို မောင်အလုပ်သွားတော့မယ်၊ ဟုတ်လား"

"ဟုတ်ကဲ့ပါ မောင်"

"နေဦး ထန်"

"ရှင်"

"မောင့်ကိုနှုတ်ဆက်ဦးလေ"

"အို…မောင်"

ရုတ်ခြည်း သူ့လက်အစုံက ထန့်ခါးကျဉ်ကျဉ်လေးကို သိမ်းကျုံးဆွဲဖက်လျက် သူ့အနမ်းက ထန့်မျက်နှာလေးအနှံ့ သည်းသည်းထန်ထန် ကျရောက်လာရသောအခါ ထန်သည် ရှက်ပြုံးလေးနှင့် သူ့ရင်ခွင်က ခပ်လွှဲလွှဲ ရုန်းထွက်လိုက်ပြီး…

"သွားကွာ…မောင်သိပ်ဆိုးတာပဲ"

"အဟွန်း…အဲဒါ ဆိုးတာမဟုတ်ဘူးဗျ၊ ချစ်တာ၊ ဟောဒီက ကောင်မလေးကို သိပ်ချစ်တာ"

ပြောရင်းက သူ့မျက်နှာ ထန့်မျက်နှာလေးထက် ထပ်၍ ဝဲကပ်လာတော့ ထန် ဒီတစ်ခါတော့ဖြင့် သူ့ကိုယ့်သူ အခန်းထဲက နေ ဖွတ်တွန်းထုတ်လိုက်ကာ…

"ကဲ…မောင် ဒီနေ့ အလုပ်သွားပါဦးမလား"

ထန့်စကားကြောင့် အောင်ဇေ ပြုံးသွားရပြီး…

"အဟွန်း…သွားပြီ သွားပြီ မိန်းမရေ၊ ဒီတစ်ခါ မောင်တကယ်သွားပြီဗျို"

"အို"

မောင် တော်တော်ဆိုးပါလား။

နွေးခနဲ ဖြစ်သွားရသည့် သူမပါးပြင်ကို ထန် ရှက်ပြုံးလေးနှင့် ခပ်ဖွဖွစမ်းရင်း ကျန်ရစ်ခဲ့ရသည်။





www.burmeseclassic.com

www.burmeseclassic.com



ဩော်…မောင်သည် ထန် ထင်တာထက်ပင် သူမအပေါ် ပို၍ ချစ်တတ်သူဆိုတာကိုလည်း ထန် ကြည်နူးစွာသိလိုက်ရ၏။

◆ ◆ ◆



၁

"ထန်"

"သွား…မခေါ်နဲ့"

"ထန်ရယ်…မောင်ရှင်းပြတာ နားထောင်ပါဦးကွာ"

အောင်ဇေမှာ စိတ်ကောက်နေသော ချစ်ဇနီးကိုချော့ရန် ကြိုးစားလိုက်သည်။ သို့သော် ထန် သူမအသားကို နည်းနည်းလေးမှ အထိမခံပါ။ အောင်ဇေမှာ စိတ်ကောက်နေသော ထန့်ကိုကြည့်ကာ ဘာလုပ်ရမှန်းမသိ မျက်ခုံးကြီးပြေပြေတွန့်ကာ စိတ်ရှုပ်ရသလိုမျိုး သူ့ဆံပင်ဖုံဖုံထဲ လက်ကိုထိုးသွင်းကာ သက်မချလိုက်မိသည်။

ထန် သူ့ကို စောစောပြန်ခဲ့ဖို့ မှာလိုက်သည်။ ဒီနေ့မှ တိုက်တိုက်ဆိုင်ဆိုင် ဖြစ်ချင်တော့ ကုမ္ပဏီကို အရေးကြီးသည့် ဧည့်သည်များ ရောက်လာကာ သူတို့ကို ဧည့်ခံနေရသောကြောင့်



www.burmeseclassic.com

www.burmeseclassic.com



အောင်ဇေသည် ထန်မှာသလို အိမ်ကို စောစောပြန်မလာနိုင်တော့ဘဲ အခု မိုးစုန်းစုန်းချုပ် ညဉ့်နက်ပါမှ ထန့်အနားကို သူပြန်ရောက်လာနိုင်တော့သည်။

မိဘများကို သွားကန်တော့ရန် သူ့အား တမျှော်မျှော်နှင့် ရှိနေသော ထန်သည် ဒီနေ့ သူ့ကို သူမ စောစောပြန်လာရန် သေချာမှာလိုက်ပါရက်နှင့် ရောက်မလာသည့် အောင်ဇေကြောင့် ထန့်မှာ သူမစကားကို အရေးမထားရပါ့မလားဆိုကာ ဒေါသတွေ ဖြစ်နေ၏။

သူ ထန့်စကားကို နည်းနည်းမှ အရေးမလုပ်ပါလားဆိုကာ ထန် ဝမ်းနည်းလာရသည်။ သူပြန်လာတော့ ထန် စိတ်ကောက်ကာ ခုတင်ပေါ် အိပ်နေလိုက်သည်။

အောင်ဇေမှာ ထန် မအိပ်သေးဘူးဆိုတာကို သိပါသည်။ ထို့အတူ ထန် သူ့ကိုစိတ်ဆိုးနေပြီဆိုတာလည်း သူမပုံစံကိုကြည့်၍ သိလိုက်သည်။

"ထန်ရယ်....မောင် ရှင်းပြတာကို နားထောင်ပါဦးကွာ၊ မောင် ဒီနေ့ ထန်မှာလို့ စောစောပြန်လာမလို့ပါပဲ၊ ဒါပေမဲ့ ဖြစ်ချင်



တော့ ဒီနေ့မှကုမ္ပဏီကို အရေးကြီးတဲ့ဧည့်သည်တွေ ရောက်လာတယ်လေ၊ ဒီတော့ မောင် ပြန်လာလို့မရတော့ဘူး၊ သူတို့ကို မောင် လိုက်ပြီးဧည့်ခံနေတာနဲ့ အခုလို နောက်ကျသွားတာပါကွာ"

"အဲဒီဧည့်သည်တွေက ထန့်ထက် ပိုအရေးကြီးလို့လား"

"မောင့်ဘဝမှာတော့ ထန်က အရေးကြီးဆုံးပေါ့ဗျာ၊ သူတို့ကို မောင် ဧည့်ခံတယ်ဆိုတာလည်း ဒီလောက်နောက်ကျလိမ့်မယ် မထင်ခဲ့ဘူး"

သူဘာပဲပြောပြော ထန် ဒေါသမပြေနိုင်ပါ။ ဘယ်တုန်းကမှ မမှားဖူးသည့် သူမစကားကို သူ အရေးမထားရပါ့မလားဆိုကာ ထန် သူ့အပေါ် ဒေါသဖြစ်ရတာထက် ဝမ်းနည်းနေရတာက သူမကိုယ်သူမ အသိဆုံးဖြစ်သည်။

"ထန်ရယ်...မောင့်ကို ခွင့်လွှတ်ပါကွာ၊ နောက်ဒါမျိုး မဖြစ်စေရဘူးလို့ မောင်ကတိပေးမယ် ဟုတ်လား"

"သွား...ရှင် ထန့်ကိုမထိနဲ့"

"ထန်ကလည်းကွာ"

အောင်ဇေမှာ စိတ်ကောက်မပြေနိုင်သည့် ချစ်ဇနီးကိုယ်

www.burmeseclassic.com

www.burmeseclassic.com



လေးကို သူ့ဘက်သို့ ဆွဲယူပွေ့ဖက်လိုက်သည်။

"ရှင်နော်…ပြောလို့မရဘူးလား၊ ကျွန်မကို မထိနဲ့ဆို"

နှုတ်ခမ်းလေးစူကာ မျက်နှာစူပုပ်ပုပ်လေးနှင့် ထန်အောင်မေ့လက်များကို ပုတ်ချလိုက်ကာ သူမကိုယ်လေးကို တစ်ဖက်သို့ လှည့်အိပ်လိုက်တော့ ထန် တကယ် စိတ်ကောက်နေပြီကို သိလိုက်ရပြီး ကန့်၏ဘေးတွင် သူ့ကိုယ်ကြီး ဝင်လှဲအိပ်ကာ သူ့လက်အစုံက ထန့်ကိုယ်လေးကို ရင်ချင်းအပ် ဆွဲပွေ့ဖက်ပစ်လိုက်သည်။

"ထန့်ကိုချစ်တယ်၊ မောင့်ကို ဘာလို့ ဒီလောက်စိတ်ကောက်နေရတာလဲကွာ၊ မောင် ထန့်ကို ရှင်းပြပြီးပြီပဲ၊ စိတ်ကောက်ပြေတော့နော်"

အောင်ဇေ ပြောရင်း ထန့်လည်တိုင်နုနုလေးကို သူ့နှုတ်ခမ်းဖြင့် ခပ်ဖွဖွ နမ်းရှိုက်လိုက်သည်။

ထန့်ကိုယ်လေးမှာ သူ့ရင်ခွင်ထဲတွင် လွန့်လူးသွားကာ…

"ရှင်နော်…ရှင် ပြောလို့မရဘူးလား၊ ထန် ရှင့်ကို မျှော်နေမယ်ဆိုတာ ရှင် မတွေးမိဘူးလား"

ဝမ်းနည်းစိတ်ကြောင့် ထန့်အသံလေးမှာ တုန်ခါသွားသည်။ အောင်ဇေမှာ သူမ သူ့ကို မျှော်လင့်နေခဲ့ရှာပါလားဆိုသည့်အတွေးနှင့် စိတ်မကောင်းဖြစ်သွားရကာ ထန့်ကိုယ်လေးကို သူသည်သနားကြင်နာ မြတ်နိုးမှု ချစ်ခြင်းများစွာနှင့် ရုန်းမသာအောင် ကိုးဖက်လိုက်ပြီးနောက် ထန့်နှုတ်ခမ်းဖူးဖူးအိအိလေးအား သူသည် ရုန်းမထွေ့နိုင်အောင် သူ့နှုတ်ခမ်းအစုံနှင့် ဖိကပ်ထားလိုက်သည်။



ထန့်မှာ အောင်ဇေ၏ သန်မာသောလက်များကြားတွင် သူမကိုယ်လေးက ရုန်း၍မရ။

"အဟင့်…ဟင့်၊ ရှင်…ရှင် ထန့်ကို အနိုင်ကျင့်တယ်"

"ဟာ ထန်ရယ်"

ထန့်မျက်ရည်များကို မြင်တော့ အောင်ဇေ စိတ်မကောင်းဖြစ်ရကာ ထန့်ကိုယ်လေးကို ဖြေလျှော့လိုက်သည်။

"ထန်ရယ်…မောင့်ကို အနိုင်ကျင့်တယ်လို့တော့ မပြောပါနဲ့ကွာ၊ ထန် ဒီမှာ စိတ်အေးအေးအိပ်နော်၊ မောင် ဧည့်ခန်းမှာသွားအိပ်မယ်၊ ဒါဆို ထန် စိတ်ချမ်းသာတော့နော်"

အောင်ဇေ ထန့်ကိုယ်လေးပေါ်သို့ စောင်ခြုံပေးကာ တကယ်ပင် အိမ်ရှေ့ဧည့်ခန်းမှာ သွားအိပ်သည်။ ဒီလိုဆိုတော့လည်း

www.burmeseclassic.com

ထန် စိတ်မကောင်းနိုင်ပါ။

တစ်နေကုန် အလုပ်မှာ ပင်ပန်းထားသည့် သူ၊ အိမ်ရှေ့ဧည့်ခန်းမှာ ဘယ်လိုအိပ်မလဲ။ နှစ်ယောက်ထိုင် ဆိုဖာရှိပေမယ့် သူ လွတ်လွတ်လပ်လပ် အိပ်လို့ရမည်မဟုတ်ပါ။ ထန် သူ့အတွက် စိုးရိမ်သလို တွေးမိလိုက်သည်။

အချိန်ကလည်း တဖြည်းဖြည်း ညဉ့်နက်လာရပြီဖြစ်သည်။ ထန့်မှာ အိပ်၍မရနိုင်။

အောင်ဇေသည်လည်း ထန့်နည်းတူဖြစ်၏။ စိတ်ကောက်နေသော ထန် စိတ်ချမ်းသာအောင်သာ အိမ်ရှေ့ဧည့်ခန်း ထွက်လာခဲ့ရပေမယ့် လူက အိပ်လို့မရ။ ထန်နှင့် လက်ထပ်ပြီးကတည်းက သူမနှင့် ယခုလိုမျိုး တစ်ခါမှ ခွဲမအိပ်ဖူးတာကြောင့် ရင်မှာ လစ်ဟာနေ၏။

ထိုစဉ် ထန့်အခန်းထဲက လှုပ်ရှားသံ ကြားလိုက်တာမို့ အောင်ဇေ မျက်စိအစုံကိုမှိတ်လျက် အိပ်ချင်ဟ န်ဆောင်နေလိုက်သည်။

“ဒီမှာ…ဒီမှာ အဲဒီမှာ ရှင် ဘယ်လိုအိပ်လို့ရမလဲ၊ အခန်း





ထဲဝင်အိပ်”

မဝံ့မရဲ ထန့်ခေါ်သံကြောင့် အောင်ဇေရင်မှာ ပျော်သွားသည်။ ဒီမိန်းကလေး သူ့ကို မချစ်တာလည်းမဟုတ်ဘဲနှင့်။ အောင်ဇေ မျက်လုံးဖွင့်ကြည့်လိုက်တော့ သူ့ဘေးတွင် ဒူးလေးထောက်လျက် ထိုင်နေသည်ကို တွေ့ရတော့ သူပြုံးလိုက်ကာ…

“စိတ်ကောက်ပြေသွားပြီလား ထန်”

“သွား…မသိဘူး”

သူ့မျက်နှာကိုလည်း ထန် မကြည့်ရဲတော့ဘဲ အခန်းထဲပြေးဝင်ခဲ့သည်။ အောင်ဇေ ဒီထက်ပို ဟန်မဆောင်နိုင်တော့ပါ။ နောက်တစ်ခါ ထန် ထပ်၍စိတ်မကောက်ခင် သူ့ခြေလှမ်းများက ထန်ရှိရာ အခန်းထဲသို့ ဝင်ခဲ့လိုက်သည်။ ထိုစဉ် မီးများပျက်သွားရသည်မို့ တစ်အိမ်လုံး မှောင်အတိကျသွားသည်။

“အား…မောင် ထန်ကြောက်တယ်၊ ကြောက်တယ်မောင်”

အမှောင်ကို ကြောက်တတ်သော ထန်မှာ ကြောက်အားလန့်အားနှင့် အောင်ဇေ့ရင်ခွင်ထဲသို့ ရောက်လာလေသည်။

www.burmeseclassic.com



"ကြောက်ရင် မောင့်ကိုဖက်ထား ထန်"

မျက်ဝန်းလေး တင်းတင်းမှိတ်လျက်က ထန် အောင်ဇေ ပြောသည့်အတိုင်း ကြောက်ကြောက်နှင့် သူ့ကို တအားဖက်ထား သည်။ အောင်ဇေမှာ ချစ်ဇနီးလေးအဖြစ်ကို သဘောကျသ အမှောင်ထဲတွင် ကျိတ်ကာ ပြုံးလိုက်သည်။

ခဏကြာတော့ မီးများပြန်လင်းလာသည်ကို ထန်သ မသိပါ။ အောင်ဇေ့ရင်ခွင်ထဲတွင် မျက်ဝန်းလေးစုံမှိတ်ထားဆဲ ကြောက်အားပိုနေဆဲမို့ အောင်ဇေ ချစ်ဇနီးချောလေးကို စချင်လာ ပြီ။

"ဟော့…ကောင်မလေးတစ်ယောက် ရှက်ပါတယ်ဗျာ မီးလာနေတာတောင် မောင့်ကို တအားဖက်ထားတယ်"

အောင်ဇေ့စကားကြောင့် ထန့်မျက်ဝန်းလေး ဖျတ် ဖွင့်ကြည့်လိုက်သည်။

"ဟင်…မီးတွေပြန်လာနေပြီပဲ"

ထန့်မှာ သူမအဖြစ်ကို သူမ အရမ်းရှက်သွားကာ မျက် ရဲရဲလေးနှင့် မျက်ရည်များ ဝဲလာ၏။



"ဟိတ်…ကောင်မလေး ငိုမလို့လား၊ မငိုနဲ့နော်၊ မောင်က မချော့ဘူးဗျ"

"အဟင့်…ဟင့်၊ မောင်နော်…ကဲ…ကဲ"

မငိုနှင့်ဆိုကာမှ ထန် ရှက်ရှက်နှင့်ငိုကာ အောင်ဇေ့ရင်ဘတ်ကြီးကို သူမလက်သီးဆုပ်လေးများနှင့် ထုရိုက်လိုက်သည်။ အောင်ဇေ ချစ်ဇနီးလေးကိုကြည့်ကာ သဘောကျစွာရယ်ရင်း ထန့်ကိုယ်လေးကို သူ့ရင်ခွင်မှာ ဆွဲသွင်းဖက်လိုက်သည်။

"ချစ်တယ်…ထန်ရယ်၊ သိပ်ချစ်တယ်ဗျာ"

နွေးလျလျ အနမ်းတွေက ထန့်မျက်နှာလှလှလေးထက် အလုအယက်တိုးဝှေ့ရောက်ရှိလာတော့ ထန် ရှက်ပြုံးလေးနှင့် မောင့်ရင်ခွင်မှာ မျက်နှာအပ်လိုက်ပြီး…

"မောင်..လွှတ်ကွယ်"

"ဟင့်အင်း မောင့်ကို စိတ်ကောက်တဲ့ ကောင်မလေးကို ဒဏ်ပေးရမယ်၊ လာခဲ့"

"အို"

"မောင်"

www.burmeseclassic.com

www.burmeseclassic.com



"အပျွန်း…ပျွန်း ထန်ရယ်"

"အိုကွယ်"

ရုတ်တရက် မွန်းကြပ်သွားရသည့် ထန်မှာ ရှက်ရှက်နှင့် မောင့်ကိုယ်ကြီးကို တွန်းထုတ်လိုက်ချိန်မှာတော့ မီးများထပ်ပျက်သွားသဖြင့် တစ်ခန်းလုံး မှောင်အတိ ကျသွားသည်။

♦ ♦ ♦

ဦး : ချိုး : ၀၁၀၀

## အခန်း (၉)

"ထန်"

"ဟင်…ကိုလတ်"

ဈေးသို့လာရင်းက ထန် ကိုမောင်မောင်လတ်ကို မမျှော်လင့်ဘဲ တွေ့လိုက်ရသဖြင့် လူက ရှက်သွားရသလိုလို၊ သူ့အား အားနာသွားရသလိုလို ခံစားလိုက်ရသည်။

"ထန် တစ်ယောက်တည်းလား"

"ဟုတ်ကဲ့…ကိုလတ်ကော"

"အပျွန်း…ကျုပ်တော်လည်း ဒီလိုပဲပေါ့ဗျာ"

"ဒါနဲ့ ထန် ဈေးလာဝယ်တာလား"

"ဟုတ်ကဲ့"

www.burmeseclassic.com

www.burmeseclassic.com



"ကိုအောင်ဇေနဲ့ ထန်တို့ အဆင်ပြေတယ်မဟုတ်လား"

"ပြေပါတယ် ကိုလတ်၊ ဒါနဲ့ ကိုလတ် မေမေတို့ဆီ ရောက်သေးလားဟင်"

"ဟိုတလောကတော့ ရောက်ဖြစ်ပါတယ်၊ ထန့်အတွက် စိတ်မကောင်းပါဘူးဗျာ၊ ခု အန်တီကလည်း စိတ်ကြီးနေချိန်ဆိုတော့ ခဏတော့ သည်းခံလိုက်ပါ ထန်ရယ်၊ နောက်တော့ အန်တီ ထန့် အပေါ် ပြန်ပြီး စိတ်ပြေမှာပါ၊ မိဘနဲ့သားသမီးဆိုတာ ပြတ်လို့ရတာမှ မဟုတ်တာ၊ ကျွန်တော့်ကို အကူအညီလိုရင် ပြောပါဗျာ၊ တတ်နိုင်သလောက် ထန့်ကို ကျွန်တော် ကူညီပါရစေ"

အရင်အတိုင်း ရင်းနှီးစွာ ဆက်ဆံပြောနေသော ကိုလတ်ကို ထန် လေးစားရပါသည်။ မေမေတို့က ကိုလတ်နှင့် သဘောတူကြောင်းပြောတော့ ထန် ခေါင်းမညိတ် ခေါင်းမခါခဲ့ပါ။ မေမေတို့ သဘောကျပါဟု ပြောခဲ့သည်။

ထန့်စကားကြောင့် မေမေတို့ တစ်ဖက်ကို စေ့စပ်ရန် အကြောင်းပြန်ပြီးကာမှ ထန့်ဘက်က ယခုလိုဖြစ်သွားခဲ့ရတဲ့အတွက် ထန် ကိုမောင်မောင်လတ်ကို အားနာမျက်နှာပူရကာ သူမကို အခုလို





အရင်ကအတိုင်း ဆက်ဆံသည့်အတွက်လည်း ထန် ကိုလတ်ကို ကျေးဇူးတင်မိသည်။

"ကျေးဇူးပဲ ကိုလတ်ရယ်၊ ထန့်အပေါ် အခုလို အခင်အမင်မပျက် ဆက်ဆံတာကို၊ ထန် လိုအပ်တဲ့အကူအညီရှိရင် ကိုလတ်ကို ပြောပါ့မယ်၊ ခုတော့ ထန့်ကို သွားခွင့်ပြုပါဦးနော်"

"ကျွန်တော် လိုက်ပို့ပေးပါရစေ ထန်"

"အို...မဟုတ်တာ၊ အားနာစရာရှင်၊ ထန့်ဘာသာ ပြန်ပါ့မယ်"

"ကျွန်တော့်ကို အားနာစရာ မလိုပါဘူးဗျာ၊ ဘာလဲ ထန်က ကျွန်တော့်ကို အိမ်လာလည်မှာစိုးလို့ လိုက်မပို့စေချင်တာလား"

"မဟုတ်တာ ကိုလတ်ရယ်"

"ဒါဆို ကျွန်တော် လိုက်ပို့ပေးပါရစေဗျာ"

ဘယ်လိုမှ ငြင်း၍မကောင်းတော့သည်မို့ ထန် မောင်မောင်လတ်ကားနှင့်ပင် အိမ်သို့ပြန်ခဲ့သည်။ အိမ်ရောက်တော့ ထန် မောင်မောင်လတ်ကို အိမ်ထဲဝင်ရန် ဖိတ်ခေါ်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



“အိမ်ထဲဝင်ပါဦး ကိုလတ်”

“နေပါစေတော့ ထန်၊ နောက်မှပဲ ကျွန်တော်လာခဲ့ပါ့မယ်။ ဒီမှာ ထန့်ပစ္စည်းတွေ”

မောင်မောင်လတ်မှာ ကားပေါ်ကဆင်းကာ ထန်ဝယ်ထားသည့် ပစ္စည်းများကို ချပေးသည်။

“ကဲ…ကျွန်တော်ပြန်မယ်နော် ထန်”

“ဟုတ်ကဲ့…ကျေးဇူးပါပဲ ကိုလတ်”

ထန်မှာ မောင်မောင်လတ်ကို ကျေးဇူးတင်စကားဆိုရင်း သူ့ကို ကားနားသို့လိုက်အပို့…

“အား…ကျွတ်…ကျွတ်”

“ဟင်…ထန် ဘာဖြစ်တာလဲဟင်၊ ဘာဖြစ်တာလဲ ထန်”

ယိုင်ခနဲဖြစ်သွားရသော ထန့်ကိုယ်လေးကို ထိန်းရင်း မောင်မောင်လတ် မေးလိုက်သည်။

“မူးတယ်၊ သိပ်မူးတာပဲ ကိုလတ်ရယ်၊ ကျွတ်…ကျွတ်”

“ဟာ…ဒါဆိုမဖြစ်ဘူး၊ လာ လာ ထန်၊ အိမ်ထဲဝင်





လိုက်ဦး၊ ကျွန်တော့်ကို အစ်ကိုတစ်ယောက်လို သဘောထားပြီး ခွဲထားနော်၊ ကျွန်တော် အိမ်ထဲလိုက်ပို့ပေးမယ်”

“ဟုတ်ကဲ့”

ကိုယ့်ကိုယ်ကိုပင် မသယ်ချင်တော့လောက်အောင် ခေါင်းတစ်ခုလုံး ချာချာလည်မူးနေသည်မို့ ထန် မောင်မောင်လတ်ကို အားကိုး၍လည်း သူမ စကားမပြောနိုင်တော့ဘဲ သူပြောသလို သူ့ကိုယ်ကြီးကိုသာ မှီတွဲလျက် အိမ်ထဲသို့ ရောက်လာခဲ့သည်။

ဧည့်ခန်းထဲရှိ နှစ်ယောက်ထိုင် ဆိုဖာပေါ်တွင် ထန့်ကိုယ်လေးကို မောင်မောင်လတ်သည် အသာချပေးပြီးသည်နှင့်…

“ဩော်…မင်းတို့နှစ်ယောက်က ငါမရှိတဲ့အချိန်မှာ ဒီလောက်တောင် ဖြစ်နေကြပြီကိုး”

“မောင်”

“အောင်ဇေ”

ထန်ကော မောင်မောင်လတ်ပါ မမျှော်လင့်ဘဲ အောင်ဇေကို တွေ့လိုက်ရတာကြောင့် နှစ်ယောက်လုံး အံ့ဩသွားသည်။

“အဟွန်း…ဘာလဲ ကျုပ်ကိုတွေ့လို့ ခင်ဗျားတို့ရဲ့



www.burmeseclassic.com

www.burmeseclassic.com



ဇာတ်ရှုပ်ကြီး မိသွားပြီဆိုပြီး အံ့သြသွားတာလား''

''မောင် ဘယ်လိုပြောလိုက်တာလဲ''

''အောင်ဖေ ခင်ဗျားမှားနေပြီ''

''ဘာဗျ၊ ကျုပ်မျက်လုံးနဲ့ ကိုယ်တွေ့မြင်တာတောင် ခင်ဗျားတို့က ငြင်းချင်သေးတာလား''

''မဟုတ်ဘူး မောင်၊ မဟုတ်ဘူး၊ ထန် ရှင်းပြပါရစေဦး''

''တော်စမ်း…သစ္စာမရှိတဲ့မိန်းမ၊ မင်း ဒီလူအပေါ်မှာ ဒီလောက်တောင် သံယောဇဉ်ရှိတာ ငါ ခုမှပဲသိတော့တယ်''

''မောင် ဘာတွေပြောနေတာလဲ၊ ထန် ရှင်းပြတာကို လည်း မောင် နည်းနည်းလောက် နားထောင်ပါဦးလား''

''ဘာလဲ ငါ့ကိုယုံအောင် ညာပြီး ဆက်နွားလုပ်ဦးမလို့ ပေါ့လေ၊ မင်း…မင်းဟာ သိပ်ကြောက်ဖို့ကောင်းတဲ့ မိန်းမပဲ ထန်''

''အို…မောင်ရယ်၊ အဟင့်…ဟင့်…ဟင့်''

ထန့်မှာ သူမဘာပြောပြော လက်မခံတော့သည့် မောင့်ကို ကြည့်ကာ ရက်ကြောက် သိမ်ငယ်ခြင်းများစွာနှင့် သည်းသည်းထန်





ငိုကြွေးပစ်လိုက်သည်။

''အောင်ဖေ…ခင်ဗျားစကားတွေက ကျွန်တော်တို့ နှစ်ယောက်အပေါ်မှာ သိပ်လွန်နေပြီ၊ ထန်ကော ကျွန်တော်ပါ ခင်ဗျားထင်သလိုမျိုး မဟုတ်ဘူးဆိုတာ ယုံပါ''

''တော်…ခင်ဗျားမျက်နှာကို မကြည့်ချင်ဘူး၊ ခင်ဗျား ကျုပ်ရှေ့က အမြန်ဆုံးထွက်သွား၊ ခင်ဗျားကို မြင်နေရရင် ကျုပ်စိတ် ကို ကျုပ် ထိန်းနိုင်မှာမဟုတ်တော့ဘူး''

ရှင်းပြ၍မရသည့် အနေအထားမှာ မောင်မောင်လတ်သည် လောလောဆယ် ရှောင်ထွက်သွားတာ အကောင်းဆုံးဖြစ်မည်မို့ မျက်ရည်တွေနှင့် သည်းသည်းလှုပ် ငိုကြွေးနေသော ထန့်မျက်နှာ လေးကို တစ်ချက်ကြည့်ပြီး…

''အောင်ဖေ သိပ်ပြီးသွေးပူနေတုန်းမှာ ကျွန်တော့်စကား ကိုလည်း ခင်ဗျား နားဝင်မှာမဟုတ်ဘူး၊ ဒါပေမဲ့ ခင်ဗျားထင်တာ တွေဟာ သံသယတွေပဲဆိုတာတော့ ကျွန်တော်ပြောခဲ့ချင်တယ်''

ပြောပြီး မောင်မောင်လတ် အိမ်ထဲမှ ထွက်သွားသည်။ ခဏကြာတော့ ခြံထဲက ခပ်ကြမ်းကြမ်းမောင်းထွက်သွားသည်



www.burmeseclassic.com

www.burmeseclassic.com



ကားသံကို ကြားရသည်။

ကျန်ခဲ့သည့် ထန်နှင့်အောင်ဇေယျာ နှစ်ယောက်သား ကိုယ့်အတွေး ကိုယ့်ဒေါသနှင့် စကားမဆိုဘဲ ငြိမ်သက်လျက်။

◆ ◆ ◆

"ဘယ်လိုဖြစ်ကြတာလဲ ထန်ရယ်၊ မင်းတို့အဖြစ်က လည်း အပျက်ပျက်နဲ့ နှာခေါင်းသွေးထွက်ကိန်း ဖြစ်နေပြီ"

"တော်ပါတော့ ချိုချိုရယ်၊ ထန့်ကို သူ့အကြောင်း မပြော မမ်းပါနဲ့၊ ကိစ္စတစ်ခုကို သေချာမသိဘဲ မစူးစမ်းဘဲ တစ်ဖက်သတ် လုပ်သွားတဲ့ သူ့ကို ထန် သိပ်မုန်းတယ်၊ သူ့ရဲ့ အပြုအမူ၊ သူလုပ် သွားပုံတွေက ထန်နဲ့ ကိုမောင်မောင်လတ်ရဲ့ သိက္ခာကို ရစရာမရှိ အောင် သိပ်စော်ကားလွန်းတယ် ချိုချို"

ပြောရင်းက ထန့်အသံလေးများ တုန်ခါလျက် မျက်ရည် လေးများ ဝဲလာသည်။ တစ်ဆက်တည်း သူမမျက်ဝန်းထဲတွင်လည်း ဆိုနေ့က အဖြစ်ကို ထန်သည် မမေ့။

မောင်မောင်လတ် ထွက်သွားပြီးနောက် နှစ်ဦးသား

www.burmeseclassic.com

www.burmeseclassic.com



ကြာ စကားမဆိုဘဲ တိတ်နေရာမှ…

"ဒီကိစ္စကို မင်းဘယ်လိုငြင်းချင်သေးလဲ ထန်၊ ခင်ဗျား ဟာ တော်တော်မျက်နှာများတဲ့ မိန်းကလေးပါလား၊ ကိုယ့်ယောကျ်ား က အလုပ်သွားနေတယ်၊ ခင်ဗျားက နောက်မှာ ဟာကွာ… တောက်"

အောင်ဇေမှာ မျက်နှာကြီးနီရဲလျက် ပြောရင်းက ဒေါသ တွေ ထိန်းချုပ်မရဟန် တက်တစ်ချက်ကို ခပ်ပြင်းပြင်းခေါက်လိုက် သည်။

"မောင်…ထန့်ကို အဲဒါဘာပြောတာလဲ၊ မောင့်စကား တွေက ထန့်သိက္ခာကို စော်ကားနေတာကော မောင်သိရဲ့လား"

"စော်ကားတာ မဟုတ်ဘူးကွ၊ မြင်တာကို မြင်တဲ့အတိုင်း ပြောနေတာ"

"ရှင်…ရှင် အရမ်းမစွပ်စွဲနဲ့နော်၊ ထန်တို့နှစ်ယောက်လုံး က ရှင်ထင်သလို မဟုတ်ဘူး၊ ရိုးသားတယ်သိလား"

"ဩော်…အတော်ရိုးသားတဲ့သူတွေ၊ ကျုပ်မရှိတဲ့အချိန် မှာမှ နှစ်ယောက် တွေ့ကြတယ်ပေါ့"



အောင်ဇေ၏ စော်ကားလွန်းသော စကားများကြောင့် ထန့် အသားလေးများပင် တုန်လာရပြီး…

"ရှင် သိပ်ရိုင်းတဲ့လူ"

"အေး…ရိုင်းတယ်၊ မိန်းမတစ်ယောက်လုံး ငါ့နောက် ကွယ်မှာ ဖောက်ပြန်နေတဲ့ကိစ္စကို ငါက ယဉ်ယဉ်ကျေးကျေးနဲ့ မသိဟန်ပြုနေရဦးမှာလား ထန်၊ မင်း ဒီကောင်ကို ဒီလောက် သံယောဇဉ်ရှိနေရင်လည်း ဒီနေ့ဒီအချိန်ကစပြီး မင်းအကောင်နဲ့ မင်း နေရစ်ခဲ့တော့၊ ငါသွားပြီ"

ထန့်အား မင်းဟစ်လုံး ငါတစ်လုံးနှင့်ပြောကာ အောင်ဇေ အိမ်ထဲမှ ခြေလှမ်းကျဲကြီးများနှင့် ထွက်သွားသည်။

တစ်ဖက်သတ် စွပ်စွဲချက်ဖြင့် ထန်မှာ သူမ၏ ဂုဏ်သိက္ခာ ကို အစော်ကားခံရသဖြင့် ဝမ်းနည်းစွာ ငိုရှိုက်လိုက်သည်။ အောင်ဇေ ထွက်သွားပြီး ထန်သည်လည်း သူမမိဘများထံ ပြန်လာ ခဲ့သည်။

တောင်းဆိုးပလုံးဆိုးကိုသာ ပြစ်ရိုးထုံးစံရှိပါသည်။ သားဆိုး သမီးဆိုးကိုတော့ ဘယ်မိဘကမှ ပြစ်ရိုးထုံးစံမရှိသည်

www.burmeseclassic.com

www.burmeseclassic.com



အတိုင်း ထန် ပြန်လာသည်ကို မိဘများက ပြန်လက်ခံထားကြသည်။

ခုဆို ထန်တစ်ယောက် အောင်ဇေအပေါ် နာကြည်းမုန်းတီးမိသည့် အဖြစ်ကလွဲပြီး သူ့မဘဝလေးသည် ဟိုအရင်ကအတိုင်း မိဘအရိပ်အောက်တွင် ပြည့်စုံအေးချမ်းစွာ။

သူ့မဘဝထဲတွင် အောင်ဇေဆိုသည့် နာမည်ကိုလည်း ထန် မကြားချင်တော့ပါ။ ထို့အတူ သူ့အကြောင်းကိုလည်း မသိချင်တော့။ အရာအားလုံးနှင့်အတူ သူ့ကို ထန့်ဘဝလေးထဲက ဖယ်ထုတ်လိုက်ပြီဖြစ်သည်။ သူနှင့်ပတ်သက်ကာ ထန့်ရင်ထဲ မဖယ်ထုတ်နိုင်တာဆို၍ နာကြည်းမှုများသာရှိသည်။

ထန့်နည်းတူ အောင်ဇေ သူ့မိဘများရှိရာကို ထိုနေ့ကတည်းက ပြန်လာခဲ့သည်။ မိမိက သိပ်ချစ်ပါလျက်နှင့် မိမိအပေါ် သစ္စာမရှိသော ထန့်ကို သူသည် ချစ်စိတ်နှင့် နာကျင်ရပါသည်။

အောင်ဇေတစ်ယောက် မိဘအိမ် ပြန်ရောက်ပေမယ့် မပျော်နိုင်ပါ။ လွတ်ဟာနေသော သူ့ရင်အစုံသည် ထန့်ကိုသာ အချိန်တိုင်း သတိရတမ်းတလျက် ရှိနေသည်။ သတိရတိုင်းလည်း





သူသည် ထန့်ကို မေ့လိုမေ့ငြား အရက်ကိုသာ သောက်နေမိတော့သည်။

လူက မူးနေတုန်းသာ ထန့်ကို မေ့သွားသည်။ အမူးပြေလာသည်နှင့် ထန့်ကို ပြန်၍ သတိရတမ်းတမိသည်။

အောင်ဇေသည် သူ့ကိုယ်သူလည်း ဒေါသဖြစ်သည်။ ကိုယ့်အပေါ် သစ္စာမရှိသော မိန်းမကိုမှ သူ ဘာလို့ ဒီလောက် ချစ်ခဲ့မိရသည်မသိ။ တကယ်တော့ သူမသည် သူ့အချစ်နှင့် မထိုက်တန်သောသူသာ ဖြစ်သည်။

"အောင်ဇေ...မင်းလုပ်နေပုံတွေက မဟုတ်သေးဘူးကွာ၊ ကိုယ့်ကိုယ်ကို မင်း ဘာလို့နှိပ်စက်နေရတာလဲ၊ တကယ်ဆို အဲဒီနေ့ကတည်းက မင်း ထန် ရှင်းပြတာကို လက်ခံနားထောင်သင့်တယ်ကွာ"

"တော်စမ်းပါ မြတ်ကျော်ရာ၊ ငါ့ကို သူ့အကြောင်းမပြောစမ်းပါနဲ့၊ အလကား သစ္စာမရှိတဲ့မိန်းမ၊ ငါမရှိတဲ့အချိန်မှာ အိမ်မှာ သူ့အချစ်ဦးနဲ့ နှစ်ယောက်တည်းတွေ့တာကို ငါက ဘာနားထောင်ပေးရဦးမှာလဲကွ"



www.burmeseclassic.com

www.burmeseclassic.com



"ကျွတ်…မဟုတ်သေးဘူး အောင်ဖေ၊ တကယ်တော့ ထန်နဲ့မောင်မောင်လတ်ဟာ မင်းထင်သလိုမဟုတ်ဘူး၊ သူတို့နှစ်ဦးဟာ ရိုးသားဖြူစင်တယ်ဆိုတာ ငါသိသလို မင်းလည်းသိနေတာပဲ အောင်ဖေ၊ ထန်သာ အစကတည်းက မောင်မောင်လတ်ကို စိတ်ဝင်စားခဲ့ရင် မင်း သူ့ကို ဘယ်လိုပဲနိုးပြေးလာလာ သူကတော့ မောင်မောင်လတ်ရင်ခွင်ကို ရောက်အောင်ပြန်ပြေးမှာပဲ၊ သူတကယ်ချစ်တာ မင်းကိုမို့သာ မိဘရဲ့ စွန့်လွှတ်မှုကိုခံပြီး မင်းကို ထန်လက်ထပ်ခဲ့တာပေါ့"

မြတ်ကျော်စကားကြောင့် အောင်ဖေသည် ငေးငေးငူငူ ငိုင်ငိုင်ကြီး ဖြစ်သွားသည်။ သို့သော် သူ့မျက်ဝန်းထဲတွင် စွဲထင်နေသည်က ထန်နှင့် မောင်မောင်လတ် နှစ်ဦးသား နီးနီးကပ်ကပ်ရှိနေတဲ့ အနေအထားပင်ဖြစ်သည်။

ထိုပုံရိပ်က သူ့မျက်ဝန်းထဲက ထွက်လို့မရသည်မို့…

"မြတ်ကျော်…တော်ကွာ၊ ငါ့ကို သူ့အကြောင်း မပြောနဲ့တော့"

အောင်ဖေပြောပြီး အရက်တွေ ထပ်သောက်နေလိုက်





သည်။ မြတ်ကျော်မှာ ဘာမဟုတ်တာလေးနှင့် ပြိုကွဲတော့မည့် အောင်ဖေတို့ အိမ်ထောင်ရေးကိုတွေးကာ စိတ်မကောင်းဖြစ်မိသည်။

မဖြစ်တော့။ သူ ဒီအတိုင်းနေ၍ မဖြစ်တော့။ တကယ်တော့ ထိုနေ့ အဖြစ်အပျက်များကို ထန်သည် သူနှင့်ချိုချိုအား ပြောပြထား၍ သူတို့အားလုံး သိပြီးဖြစ်ပါသည်။

မသိသူဆို၍ အောင်ဖေတစ်ယောက်သာ ရှိသည်။ ဒါကလည်း ထန်က သူနှင့်ချိုချိုကို မပြောပါရန် တောင်းပန်ထားသောကြောင့် ဖြစ်သည်။

သို့ပေမယ့် ယခုတော့ဖြင့် မပြော၍မဖြစ်တော့ပါ။ ထန့်အား ပေးထားသည့် ကတိကို မြတ်ကျော်သည် ဖျက်ရတော့မည်ဖြစ်သည်။

ဒါကလည်း သူငယ်ချင်းအပေါ်ထားသည့် သူ၏စေတနာမှန်ပင်ဖြစ်သည်။

သူသာ ထန့်ကို ပေးထားသည့်ကတိအတိုင်း ဘာမှမပြောဘဲနေလျှင် အောင်ဖေသည် ထန့်အပေါ် တစ်ဖက်သတ်အထင်လွဲကာ သူတို့အိမ်ထောင်ရေးမှာ ဒီထက်ဆိုးဖွယ်ရာသာရှိတော့၏။



www.burmeseclassic.com

www.burmeseclassic.com



မြတ်ကျော်မှာ ထန့်အား ပေးထားသည့်ကတိကို ဖျက်[illegible] တော့မည်မို့ ထန့်ကို စိတ်ထဲက တောင်းပန်လိုက်ရင်းက ဆုံးဖြတ် ချက်တစ်ခုကို ပိုင်ပိုင်ချလိုက်ပြီး····

"အောင်ဇေ"

ဘာလဲဆိုသောအကြည့်ဖြင့် အောင်ဇေ့အကြည့်တစ်ချက်[illegible] မြတ်ကျော်ထံ ရောက်ရှိလာသည်။

"ငါ အစကတော့ ထန့်ကိုပေးထားတဲ့ကတိကြောင့် မင်း[illegible] မပြောတော့ဘူးလို့ ဆုံးဖြတ်ခဲ့တာ၊ ဒါပေမဲ့ ခုတော့ ငါ အဲဒီဆုံးဖြ[illegible] ချက်ကို ပြင်လိုက်ပြီ အောင်ဇေ၊ ဘာလို့လဲဆိုတော့ မင်းတို့[illegible] တစ်ယောက်နဲ့တစ်ယောက် နားလည်မှုလွဲနေတဲ့ အိမ်ထောင်ရေး[illegible] မပြိုကွဲစေချင်လို့ပဲ"

"မြတ်ကျော်"

"နေဦး အောင်ဇေ၊ ငါ့စကားမဆုံးသေးဘူး၊ မင်းလို[illegible] ထန်ကလည်း မင်းအကြောင်း မကြားချင်ဘူးဆိုလို့ ငါတို့မှာ [illegible] နှုတ်ပိတ်နေရတယ်၊ ဒါပေမဲ့ မင်းတို့အဖြစ်ကိုကြည့်ပြီး ငါရင်[illegible] ယ် အောင်ဇေ၊ တကယ်တော့ မင်းတို့နှစ်ယောက်က တစ်ယော[illegible]



[illegible]တစ်ယောက် မချစ်ကြတာလဲမဟုတ်ဘူး၊ သိပ်ချစ်လို့ အခုလိုဖြစ် [illegible]ကြတာ၊ ဒီစကားပြောလို့ မင်းမကြိုက်လည်း ငါမတတ်နိုင်ဘူး အောင်ဇေ၊ ငါ့ရင်ထဲက စေတနာမှန်ကတော့ မင်းတို့နှစ်ယောက်ကို အရင်ကအတိုင်း ချစ်ချစ်ခင်ခင်နဲ့ သာယာတဲ့အိမ်ထောင်ရေးမျိုး [illegible]ပြန်ဖြစ်စေချင်တာက အမှန်ပဲ၊ ပြီးတော့ ထန့်မှာ"

"ထန့်မှာဘာဖြစ်လဲ မြတ်ကျော်"

စိတ်နာသည်၊ မုန်းပါသည်ဆိုတဲ့ကြားက အောင်ဇေသည် မြတ်ကျော်စကားကို စိတ်ဝင်စားသွားသည်။

ထိုအခွင့်အရေးကို အရယူကာ မြတ်ကျော်သည် သူပြော ချင်သည့်စကားကို အောင်ဇေအား အမြန်ပြောချလိုက်သည်။

"ထန့်မှာ မင်းရင်သွေးလေးရှိနေပြီ အောင်ဇေ"

"ဘာ"

"ဟာ···မြတ်ကျော်၊ မင်း မင်း ဒီစကား တကယ်ပြော တာလားဟင်၊ တကယ်လား၊ ထန့်မှာ ငါ့ရင်သွေးလေး ရှိနေပြီဆို တာ တကယ်လား မြတ်ကျော်၊ မင်း··မင်း ဘယ်လိုလုပ်သိတာ လဲ"

www.burmeseclassic.com

www.burmeseclassic.com



ရင်သွေးဟူသော စကားကြောင့် အောင်ဖေရင်ထဲ လှိုက်ခဲ ဖြစ်သွားကာ ဘာကိုမှ ဂရုမစိုက်နိုင်အောင် ဖြစ်သွားသည်။

''တကယ်ပါ အောင်ဖေ၊ ဒီအကြောင်းတွေ ထန်ပြော လို့ ငါသိခဲ့ရတာပါ၊ တကယ်တော့ကွာ မောင်မောင်လတ်နဲ့ ထန် အင်မတန် ဖြူစင်တဲ့သူတွေပါ''

မြတ်ကျော်သည် အောင်ဖေ ထန်နှင့်မောင်မောင်လတ် အပေါ် အထင်လွဲမှုများကို အစအဆုံး ပြောပြလိုက်သည်။

''ဒါဆို ငါမှားသွားပြီပေါ့၊ ဟုတ်လား မြတ်ကျော်''

အောင်ဖေမှာ သူ့အမှားများအတွက် ရင်မှာ ထိခိုက်သွား သည်။ တကယ်ဆို သူသည် ထိုနေ့ကတည်းက ထန်ရှင်းပြတာကို လက်ခံနားထောင်သင့်သည်။

ခုတော့ သူ၏ တစ်ဖက်သတ် ဆုံးဖြတ်ချက်များကြောင့် ထန်နှင့်တကွ ထန့်အသိုင်းအဝိုင်းကပါ သူနှင့်တကွ သူ့မိသားစုကို ပို၍ နာကြည်းမုန်းတီးနေမှာကို သိလိုက်သည်။

ဘယ်သူတွေ ဘယ်လို နာကြည်းမုန်းတီးနေစေဦးတော့ သူ အသက်မက သိပ်ချစ်ရသည့် ထန်၏ အမုန်းဒဏ်ကိုတော့

စိုးစိုး ၁၁၁၈၆



အောင်ဖေ မခံယူလိုပါ။ ပြီးတော့ ထန်သည် သူ့ရင်သွေးလေး လွယ်ထားရပြီဟူသော အသိကလည်း သူ့ရင်ကို ပြင်းပြင်းထန်ထန် လှုပ်ရှားစေသည်။

''ထန်...ထန်ရယ်၊ မောင့်ကို ခွင့်လွှတ်ပါတော့ဗျာ''

အောင်ဖေသည် လွန်ခဲ့သည့် သူ့အမှားများအတွက် ချစ်ဇနီး ချောကို စိတ်မှာ ကျိတ်၍ တောင်းပန်မိလိုက်သည်။

''ငါ...ငါ ဘာလုပ်ရမလဲ မြတ်ကျော်၊ ငါ့ကို အကြံပေး စမ်းပါဦးကွာ''

ခုတော့လည်း သူမဟုတ်သည့်အတိုင်း မျက်နှာငယ်ငယ် နှင့် အသည်းအသန် ဖြစ်နေရသော အောင်ဖေကိုကြည့်၍ မြတ်ကျော် သည် စိတ်မကောင်းဖြစ်သွားသည်။

တကယ်တော့ ဒီကိစ္စသည် လွယ်မလိုလိုနှင့် ခက်သည့် အဖြစ်။ အောင်ဖေ့ဘက်က သံသယတွေ ရှင်းသွားသည်ဆိုပေမယ့် ထန်တို့ဘက်ကတော့ အောင်ဖေ့အပေါ် အတော်နာကြည်းနေသည်။ ထန်၏မိခင်ဆိုလျှင် အောင်ဖေ့အကြောင်း အသံပင်မဟာစေရပါ။

မြတ်ကျော်သည် ထန့်မိခင်၏ ပြတ်သားသောစိတ်ဓာတ်

စိုးစိုး ၁၁၁၈၆

www.burmeseclassic.com

www.burmeseclassic.com



ကို သိပြီးမို့လည်း အောင်ဇေနှင့်ထန့်ကို ဘယ်လိုပြန်၍ နီးစပ်အောင်ကြံရမလဲဆိုတာ စဉ်းစားနေမိသည်။

ထို့နောက် အကြံရသွားဟန်နှင့်…

"ဟုတ်ပြီ…ဒီလိုလုပ် အောင်ဇေ"

"ဘယ်လိုလဲ မြတ်ကျော်"

အောင်ဇေမှာ သူ့အမှားများအတွက် သူ နောင်တတွေနှင့် ထူပူနေရသည်မို့ သူ ဘာမှမစဉ်းတတ်အောင် ရှိနေသမျှ မြတ်ကျော်ကိုသာ အားကိုးသည်။

"ချိုချိုနဲ့ ငါ့ရဲ့မင်္ဂလာပွဲက သန်ဘက်ခါ၊ ငါတို့မင်္ဂလာပွဲကို ထန့် ဘာပဲဖြစ်ဖြစ် လာမှာပဲ၊ အဲဒီအချိန်ကို မင်းစောင့်ပြီး ထန့်ကိုကျေနပ်အောင် မင်း တောင်းပန်ကြည့်ပေါ့"

ပြောသာပြောရသည်။ မလွယ်တဲ့ကိစ္စမှန်းတော့ မြတ်ကျော်သိပါ၏။ သိ၍လည်း မြတ်ကျော်သည် အောင်ဇေ့အတွက် ရင်မောနေသည်။

"ထန့် ငါ့ကို အတွေ့ခံပါ့မလားကွ"

"ဒါကတော့ မင်းဘက်က ကြိုးစားကြည့်ရမှာပဲ၊ ဘာပဲ





ပြောပြော ငါကတော့ ထန့်ကို အဲဒီနေ့ ဆက်ဆက်လာအောင် ချိုချို့ကို ခေါ်ခိုင်းရမယ်"

"ဟင်း…အေးကွာ၊ ဘယ်လိုပဲဖြစ်ဖြစ် ထန့် ကျေနပ်အောင်တော့ ငါ့ဘက်က အစွမ်းကုန် ကြိုးစားရမှာပဲ"

အောင်ဇေမှာ ပြောသာပြောရသည်။ ထန့်စိတ်ဓာတ်ကို သူအသိဆုံးမို့ ထန့်ကို သူဘယ်လိုတောင်းပန်ရမည် မသိတော့ပါ။

"ထန့်ရယ်…မောင့်ကို သိပ်များ မုန်းနေပြီလားဗျာ"

ထန့်အမုန်းကို ကြောက်ရွံ့သလို အောင်ဇေ ခပ်ညည်းညည်း ဆိုလိုက်သည်။

♦ ♦ ♦



www.burmeseclassic.com

www.burmeseclassic.com

ထန်သည် သူမမတွေ့ချင်သော လူနှင့် တွေ့ရမည်ဆိုသော ကြောင့် ချို့ချို့တို့မင်္ဂလာပွဲကို သူမ တမင်နောက်ကျပြီး လာခဲ့ မယ့် နှစ်ဖက်မိဘများက ဂုဏ်သရေရှိတွေ ဖြစ်သည့်အပြင် မင်္ဂလာ သတို့သား၊ သတို့သမီးဖြစ်သည့် ကိုမြတ်ကျော်နှင့် ချို့ချို့ကလည်း ခေတ်ပညာတတ် လူငယ်တွေမို့ သူငယ်ချင်းမိတ်ဆွေ များလွန်း လေသည်မို့ မင်္ဂလာပွဲက ခုထိစည်ကားနေဆဲ ဖြစ်သည်။

ရှည်လျားနက်မှောင်သည့် ပိုးသားနယ် ဆံနွယ်ရှည်ကြီ များကို ဘေးကနေ အဖြူရောင် ကျောက်ကလစ်သေးသေးလေး နှင့် တွယ်လျက် ကကြီးပုံ နဖူးလှလှလေးပေါ်တွင် ခပ်ပါးပါး ထားသည့် ဆံနွယ်လေးများကလည်း အတိုအရှည် မညီပါ မျက်ခုံးနက်နက်ထူထူလေးနှင့် တပြေးညီ ဖြာကျနေသည်။



သဘာဝဆန်သော မိတ်ကပ်မျက်နှာလေးက ရှင်းရှင်းလေး လှပနေရသလို ထိုမျက်နှာရှင်းရှင်းလေးနှင့် လိုက်ဖက်ညီ နားတွင် စိန်တစ်ရစ် မြတစ်ရစ်ကို ပလက်တီနမ်နှင့် ရောလုပ်ထားသည့် နားကပ်ပုံဆန်း ခပ်ကြီးကြီးကို ပန်ထားသည်။

အကြောစိမ်းလေးများ မြင်နေရသည့် လည်တိုင်ကြော့ ကြော့ထက်ဝယ် စိန်ဖြူသန့် အလုံးခပ်သေးသေးလေးများကို ပလက်တီနမ်နှင့်ပင် လုပ်ထားသည့် တစ်လုံးတည်းသော စိန်ကြိုးတစ်ကုံး နှင့် ထိုစိန်ကြိုးတွင် ဆွဲထားသည့် နားကပ်နှင့်ဆင်တူ စိန်နှင့်မြ လော့ကတ်ကြီးကြီးတစ်ခု။

အပွင့်ခပ်နက်နက်နှင့် ဇာအပွင့်ထူထူလေးများပေါ်တွင် ကျောက်ပွင့်ဖြူဖြူလေးများ ကပ်ထားသည့် နှစ်ထပ်ဇာကြည်ပြာ ရောင်လွှင်လွှင် ခပ်နုနုကို ထက်အောက်ဆင်တူလည်း ဇာခပ်ကျကျ၊ ကိုယ်ကပ်လက်စက ဝတ်ဆင်ကာ ရှေ့တွင် ကြိုးအပြားကြီးတစ်ခု တည်းသာပါသည့် မနိမ့်မမြင့် ကြိုးသိုင်းဖြူဖြူ ဖိနပ်လေးနှင့် လက်ကိုင်အိတ်အဖြူလေးကို ကိုင်ကာ ခန်းမထဲသို့ ဝင်လာသော ထန့်ကို ခန်းမထဲရှိ လူအားလုံး၏ အကြည့်များက သူမထံ တစ်ပြိုင်

www.burmeseclassic.com

www.burmeseclassic.com



တည်းလိုလို ရောက်ရှိသွားသည်။

ဖူးဥနေထွေးနေသော မျက်နှာလေးနှင့် သိပ်လှလွန်းသော သူမ ခန်းမထဲ တစ်ယောက်တည်း ဝင်လာသည်ကို စိတ်ဝင်စားစရာ ထိုသူများထဲတွင် ထန့်အလာကို စောင့်နေသော အောင်ဇေလည်း အပါအဝင်ဖြစ်သည်။

သိပ်လှသော ထန့်ကို ကြည့်နေကြသော ပုရိသများ၏ အကြည့်များကြောင့် အောင်ဇေ အလိုလိုနေရင်း အူတွေတိုနေသည်။ တစ်ဆက်တည်း သိပ်လှလွန်းသော ထန့်ကိုလည်း သူ ဒေါသဖြစ်လာသည်။

ကြည့်စမ်း…ဒီမိန်းမတော့ သူ မရှိတဲ့အချိန်မှာမှ ပိုလို့ အလှတွေပြင်နေပါလား။ သူမကိုယ်သူမ အပျိုလို့များ ထင်နေသည်လားမသိပါ။ ကြည့်နေတဲ့ ငယ်ငယ်ရွယ်ရွယ် ယောကျ်ားတွေကလည်း သူမဗိုက်ထဲမှာ ကလေးရှိနေတာကို မသိကြဘူးတဲ့လား။ ဝိုင်းကြည့်နေလိုက်ကြတာ။

အောင်ဇေမှာ သူနဲ့ခွဲနေပါမှ ပို၍လှနေသော မမြင်မတွေ့ရတာ ကြာပြီဖြစ်တဲ့ ချစ်ဇနီးချော၏ မျက်နှာကို ငေးစိုက်ကြည့်ရင်းက ရင်မှာ နာလိုခံခက်ကြီး ဖြစ်နေသည်။



ထန်၏ ကော့စွန်းသော မျက်တောင်၊ ဖြူနုသောပါး၊ အိထွေးနူးညံ့သော နှုတ်ခမ်းနှင့် လည်တိုင်ကြော့ကြော့တို့ကို ကြည့်ပြီး တစ်ချိန်က မိမိပိုင်ဆိုင်ခဲ့တာပါလားဟု အသိက နွေးခနဲ လှုပ်ခတ်သွားသည်။

အောင်ဇေ၏အကြည့်များက ထန့်ဗိုက်ဆီသို့ အကြည့်ရောက်သွားတော့ သူမဗိုက်ထဲ သူ့ရင်သွေးလေး ရှိနေပါလားဆိုသည့် အသိဖြင့် ရင်တွေခုန်သွားသည်။

ချိုချိုနှင့်မြတ်ကျော်က ဧည့်သည်တွေကို လိုက်နှုတ်ဆက်ဧည့်ခံနေရာမှ အောင်ဇေထံ လှမ်းကြည့်သည်။ အောင်ဇေ့အကြည့်နှင့် အကြည့်ချင်း ဆုံသွားတော့ မြတ်ကျော်က ထန့်ထံသို့ မေးဆတ်ပြလိုက်၏။

အဓိပ္ပာယ်ကတော့ ‘သွားတော့လေ၊ ဘာလုပ်နေတာလဲ’ ဟု သဘောပါ။ အောင်ဇေ ထန့်ထံ သွားရမည်ကို ရင်တွေခုန်ကာ ခြေဖျားလက်ဖျားတွေ အေးစက်လာသည်။

သည်ခံစားချက်က သူ လူပျိုဘဝ ထန့်ထံ လိုက်ခဲ့စဉ်က

www.burmeseclassic.com

www.burmeseclassic.com



ခံစားချက်လိုမျိုးမို့ သူ့အဖြစ်ကို သူ ရယ်ချင်လာသည်။ သူ့အဖြစ်က ကိုယ့်မိန်းမကို ကိုယ် ပြန်ပိုးနေရသည့်အဖြစ်ပါလား။

ကံကောင်းထောက်မစွာ ထန်ထိုင်နေသည့် စားပွဲမှာ လူရှင်းနေသည်မို့ အောင်ဇေ စိတ်သက်သာသွားသည်။

"ထန်"

တစ်ယောက်တည်း မှန်းစားနေရာမှ သူမနှင့် ရင်းနှီးလွန်းသည့်အသံကြောင့် မော့ကြည့်လိုက်သည်။

"ဟင်...ရှင်"

ထန့်မှာ မတွေ့ချင်သူကို တွေ့လိုက်ရသဖြင့် အံ့ဩကာ မျက်နှာပျက်ပျက်နှင့် နေရာမှ ထရပ်လိုက်သည်။ နောက်မှ တခြားစားပွဲများတွင် လူတွေရှိနေသေးပါလားဆိုကာ ဣန္ဒြေမပျက်ဆက်ထိုင်လိုက်သည်။

အောင်ဇေ ထန်နှင့် မျက်နှာချင်းဆိုင် ထိုင်ခုံတွင်ဝင်ထိုင်လိုက်သည်။ ထန် မျက်နှာလွှဲလိုက်၏။ အောင်ဇေမှာ ထန့်အပြုအမူကြောင့် ရင်မှာ နာကျင်သွားသည်။ ထန် သူ့ကို သိပ်မုန်းနေပါလား။

"ထန်"



အောင်ဇေ ခေါ်ပေမယ့် ထန် မထူးပါ။

"မောင့်ကို သိပ်စိတ်နာနေပြီလား ထန်၊ မောင့်ကိုကြည့်ပါဦးဗျာ၊ မောင့်အမှားတွေအတွက် မောင် တောင်းပန်ပါတယ်"

ထန်၏ မျက်နှာလှလှလေးကိုကြည့်ကာ သူ တိုးလျှစွာ တောင်းပန်လိုက်သည်။

အောင်ဇေ တောင်းပန်သံကြောင့် ထန့်ကိုယ်လေး ဆတ်ခနဲဖြစ်သွားပြီး မိမိနှင့် မောင်မောင်လတ်ကို စွပ်စွဲခဲ့သော သူ့ပုံရိပ်များကို ပြန်မြင်ယောင်လာသည်။

မုန်းတယ်၊ သိပ်မုန်းတယ်။ သူ့မျက်နှာကို ထန့်မကြည့်ချင်ပါ။ ထန့်သိက္ခာကို စော်ကားလွန်းသည့်လူ၊ ထန့်မျက်နှာလေးတင်းကာ အောင်ဇေ့ကို နာကြည်းစွာ ကြည့်လိုက်သည်။

"ဒီမှာ...ရှင် ဘာမှထန့်ကို တောင်းပန်စရာ မလိုဘူး၊ ရှင့်မျက်နှာကိုလေး ထန် မမြင်ချင်ဘူး၊ ရှင့်အသံကိုလည်း မကြားချင်ဘူး"

"ရှင်နဲ့ ထန်လည်း ဘာမှမဆိုင်ဘူး"

စိမ်းကားသော ထန်၏စကားကြောင့် အောင်ဇေ့မှာ

www.burmeseclassic.com

www.burmeseclassic.com



ကျင်ခနဲဖြစ်သွားသည်။

"ဘယ်လိုပြောလိုက်တာလဲ ထန့်ရယ်၊ ထန်ဟာ ဒီနေ့ ဒီအချိန်ထိ မောင်နဲ့ တရားဝင်ဇနီးရှိနေဆဲပဲ၊ ပြီးတော့ ထန့်မှာ မောင့်ရင်သွေးလေး ရှိနေပြီမဟုတ်လား"

"အို…ရှင်"

ထန့်မှာ အောင်ဇေ၏စကားကြောင့် မျက်နှာလေးရဲကာ ရှက်အားပိုသွားရသည်။ ထိုစကားတွေကို ချိုချိုပြောလိုက်တာပဲဟု ထန် အတပ်သိလိုက်သည်။

"မောင့်ကို မစိမ်းကားပါနဲ့ ထန့်ရယ်နော်"

"သြော်…ကျွန်မက စိမ်းတာလား၊ ရှင်က စိမ်းတာလား ပြန်စဉ်းစားပါဦးရှင်"

"ပြောပါ ထန့်ရယ်၊ အားလုံးဟာ မောင့်အမှားတွေပါပဲ၊ အဲဒီအမှားတွေအတွက် ထန် မောင့်ကို ခွင့်လွှတ်ပေးပါတော့ဗျာ"

"အို…မသိဘူး၊ မသိဘူး၊ ရှင် ရှင် ထန့်ကို ဘာမှလာ မတောင်းပန်နဲ့၊ ကျွန်မ ဗိုက်ထဲက ကလေးနဲ့ ရှင်နဲ့လည်း ဘာမှ မဆိုင်ဘူး"





"အဟွန်း…ဒါဖြင့် ဘယ်သူနဲ့ဆိုင်တာလဲ"

"ရှင်နော်…ရှင်"

အောင်ဇေ့စကားကြောင့် ထန် ရှက်လည်းရှက်၊ ဒေါသလည်းဖြစ်ကာ နေရာမှထကာ ထွက်လာခဲ့၏။ သူတို့နှစ်ယောက် အချေအတင်ဖြစ်နေရသည်ကို ဘယ်သူမှ မရိပ်မိပါ။ ပညာတတ်လူငယ်များမို့ ဣန္ဒြေမပျက် ကိုယ်စီရှိနေကြသည်။

ကားထားခဲ့သည့် နေရာကိုရောက်တော့ ထန့်သည် ချိုချို တို့ကို နှုတ်မဆက်ခဲ့ရပါလားဟု အခုမှ သတိရလေ၏။

အို…မတတ်နိုင်ပါဘူးလေ။ နောက်မှ ဖုန်းနဲ့ပဲ တောင်းပန်ရတော့မယ်။ ဘာရယ်မဟုတ် သူ့ကို တွေ့လိုက်ရတော့ ထန့်ရင်ထဲ နာကျင်မှုဝေဒနာများ ခံစားရသည်က အမှန်ပင်။

ကားပေါ်ရောက်တော့ သူ့ထက် အလျင်ဦးစွာရောက်နေ သူတစ်ဦးကြောင့် ထန် အံ့သြသွားသည်။

"ဟင်…ကြည့်စမ်း ရှင် ဒါဘာလုပ်တာလဲ"

သူ့ကိုမေးရင်း ကားတံခါးဖွင့်ကာ ဆင်းရန်ပြင်သော ထန့် လက်လေးကို အောင်ဇေဆွဲကာ ကားမှန်များ ပိတ်ချလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"အို…ဘာလုပ်တာလဲ၊ လွှတ်"

"မလွှတ်ဘူး ထန်၊ ထန် မောင့်ကို ခုထိမကျေနပ်သေးဘူးလားဗျာ"

အောင်ဖေ ထန့်ကိုယ်လေးကို ရင်ခွင်ထဲ ဆွဲသွင်းကာ တင်းကျပ်စွာ ဖက်ရင်း ထန့်မျက်နှာလှလှလေးကို သူ တရှိုက်မက်မက် နမ်းရှိုက်ပစ်လိုက်သည်။ မတွေ့ရတာ ကြာပြီဖြစ်သော ထန့်နှုတ်ခမ်းလေးများအား သူ့နှုတ်ခမ်းဖြင့် ဖိကပ်ငုံခဲထားလိုက်သည်။

ထန့်မှာ သူမအားလေးနှင့် အောင်ဖေ့ရင်ခွင်ထဲမှ ရုန်းထွက်လိုက်ပေမယ့် မရပါ။ မြွေတစ်ကောင်အလား တင်းတင်းကြီး တုပ်နှောင်ထားသည့် သူ့လက်များကြားတွင် ထန်သည် ဘယ်လိုမှ ရုန်းထွက်၍မရပါ။

"ချစ်တယ် ထန်ရယ်၊ မင်းကို ဘိပ်ချစ်တာပဲဗျာ"

လိုက်ဖြာလွှန်းသည့် အောင်ဖေ၏ အနမ်းရှည်ကြီးက ထန့်ရင်ကို နွေးတစ်ခါ အေးတစ်လှည့် ဖြစ်စေသည်မို့ ထန်သည် သူ ပြောနေတာကို ဘာမှ မသိနိုင်ပါ။

ဟိုတစ်ချိန် ထန့် အပျိုစင်ဘဝလေးကို သူ ဖွတ်ယူခဲ့

www.burmeseclassic.com



သည်။ ထန်က သူ့ကို ချစ်မိပါပြီဆိုတော့လည်း သူလည်း ထန့်သိက္ခာကို စော်ကားပြီး ထန့်အား ရက်စက်စွာ ထားရစ်ခဲ့၏။

ယော ခု ထန် သူ့ကို မုန်းပြီဆိုတော့လည်း ထန့်ကို သူ ဖွတ်လာချဉ်းကပ်ပြန်သည်။

တကယ်တော့ ဒါတွေဟာ ထန့်ကို တမင် အနိုင်ကျင့်ခြင်း သက်သက်ဟု မှတ်ထင်မိချိန်မှာတော့ ထန့်လက်ကလေးတစ်ဖက်က မြောက်တက်သွားရပြီး

"ဖြန်း"ခနဲ အသံနှင့်အတူ အောင်ဖေ့ပါးတစ်ဖက် ထူပူသွားရသည်။

"ထန်ရယ် မောင့်ကို မကျေနပ်သေးရင် ထပ်ရိုက်ပါ ထန်၊ မောင် ကျေနပ်ပါတယ်ဗျာ၊ ရော ရိုက်ပါ"

အောင်ဖေက သူ့မျက်နှာကို ဖွတ်ရှေ့သို့ တိုးပေးနေပြန်သည်။

"အို သွား သွား၊ ရှင် သွားပါတော့ရှင်၊ အဟင့် ဟင့် ဟင့်"

ရိုက်ခွင့်ပေးနေပေမယ့် ထန် မရိုက်တော့ပါ။ အခုတော့

www.burmeseclassic.com

www.burmeseclassic.com



ရိုက်မိတာတောင် ထန် သူ့မကိုယ်သူမ အံ့သြနေရသည်။

"ထန်ရယ်"

အောင်ဖေ ထန့်ပါးပြင်ပေါ်မှ မျက်ရည်စများကို ကြင်နာယုယစွာ သုတ်ပေးလိုက်ရင်း

"ထန် မောင့်ကို မကျေနပ်သေးရင် ထပ်ရိုက်ဦးလေ"

"အို ဟင့်အင်း"

ထန့်၏ ငြင်းဆန်သံလေးကြောင့် အောင်ဖေ့မျက်နှာ ချောချောကြီး ပြုံးသွားရပြီး

"အဟွန်း ဟွန်း၊ ထန် မောင့်ကို မရိုက်ရက်တော့တာ မောင့်ကို ချစ်လို့ပေါ့နော် ဟုတ်လား"

"ဟုတ်လိမ့်မယ် အားကြီး၊ ရှင့်ကို မရိုက်တာ ထန့်လက်နာမှာ စိုးလို့ သိလား"

မျက်စောင်းလေးခဲကာ နှုတ်ခမ်းလေးစူရင်းက ပြောနေသော ထန့်ပုံစံလေးက အကြည့်များ မလွှဲနိုင်အောင် ချစ်စရာကောင်းနေသည်။

"ထန်ရယ် ချစ်တယ်"





အောင်ဖေမှာ ရက်များစွာ ခွဲခွာနေရသည့် ချစ်ဇနီးလေးကို
မ်းတာသတိရ လွမ်းစိတ်နှင့် တိုးဖက်ကာ လည်တိုင်ကြော့ကြော့
င်းဝင်းလေးကို နှုတ်ခမ်းဖြင့် ခပ်ဖွဖွခဲကာ နမ်းလိုက်သလို
က်မောင်းသား ဝင်းဝင်းလေးကို မက်မောစွာ နမ်းလိုက်လေသည်။

တဖြည်းဖြည်း သူ့အနမ်းများက ကြမ်းလာတော့ ထန့်
သက်ရှူကျပ်လာသည်။

"လွှတ် လွှတ်တော့ကွယ်၊ ထန် အသက်ရှူကျပ်တယ်"

ထန့်စကားကို အောင်ဖေ မကြားတာလား။ မကြားချင်
ောင် ဓနောင်တာလား မသိပါ။ သူမကိုယ်လေးကို မလွှတ်
ည့်အပြင် ပို၍ပင် တိုးဖက်လိုက်၏။

"လွှတ်ဆိုနော် ဘယ်လိုဖြစ်နေတာလဲ၊ ဒီမှာ ပြင်ထားတာ
ွေ အကုန်ပျက်ကုန်ပြီ"

ငိုသံအက်အက်လေးနှင့် ပြောလိုက်တော့မှ အောင်ဖေ
သိဝင်လာရသလို ထန့် ကိုယ်လေးကို ဖြေလျှော့ပေးလိုက်ကာ
န့် မျက်နှာလှလှလေးအား ခပ်စိုက်စိုက်ကြည့်လာပြီး

"ပြောစမ်းပါဦး၊ မောင် မရှိတုန်း ဘာလို့ အလှတွေ



www.burmeseclassic.com

www.burmeseclassic.com



ဒီလောက် ပြင်ထားတာလဲဆိုတာ၊ ဘာလဲ ခင်ဗျားလေး ကိုယ် ခင်ဗျားလေး အပျိုထင်အောင်လို့လား"

"ဘာဖြစ်လဲ အပျိုပဲ"

"အဟွန်း ဗိုက်ထဲက ကလေးနဲ့ အပျိုလား"

"ရှင်နော်"

ထန့် မျက်နှာလေး ရဲတောက်သွားသည်။

ဒါကိုပင် အောင်ဇေမှာ သဘောကျသလို အပြုံးနုနုဖြင့် ငေးကြည့်ရင်း

"ကောင်မလေးနော် ဘာ ရှင်လဲ၊ မောင်လို့ ခေါ်"

သူနှင့်တွေ့ကတည်းက ထန့်နှုတ်မှ သူ့ကို မောင်လို့ မခေါ်တာကို အောင်ဇေ သတိထားမိတာမို့ မောင်လို့ခေါ်နိုင်းခြင်းပါ။

သူ့စကားကို ထန့်သည် မကြားသလို ငြိမ်နေတော့ အောင်ဇေ ပြုံးလိုက်၏။

"ခေါ်လေကွာ၊ ဘာလဲ မခေါ်ဘူးလား၊ ဒါဆို"

ပြောပြောဆိုဆို အောင်ဇေ့မျက်နှာက ထန့်ထံ နောက် တစ်ကြိမ် ရှောက်ရှိလာတော့



"မောင်နော် မောင်"

ထန့်သည် အောင်ဇေ့မျက်နှာကြီးကို တွန်းယ်ကာ ...တ်စောင်းထိုးလိုက်သည်။ အောင်ဇေ သဘောကျစွာ ရယ်မော ...

"နားထဲကို ချိုသွားတာပဲကွာ၊ ထပ်ခေါ်ပါဦး"

"မခေါ်ဘူး"

"ထန့်နော် နောက်မှ မောင့်ကို ကြောက်ပါပြီမပြောနဲ့"

...သည်တစ်ခါတော့ ထန့် သူ့ကို မကြောက်တော့ပါ။ ...ကြောက်သည့်အပြင် ထန်သည် သူ့ကို ခပ်တည်တည်လေ ...ကြည့်နေပါသည်။

သူမ၏ ဒီပုံလေးကိုပင် အောင်ဇေ အသည်းယားသွားရ ...သည်မို့ မချင့်မရဲနှင့် သူမကိုယ်လေးကို ဆွဲဖက်လိုက်တော့

"မောင်နော် မကဲနဲ့၊ ထန့် အိမ်ပြန်ရဦးမယ်သိလား"

ထိုစကားကို ကြားတော့ အောင်ဇေသည် မျက်နှာပျက် ...သွားကာ

"မပြန်နဲ့တော့ ထန်ရယ်၊ တန် မောင်နဲ့ လိုက်ခဲ့တော့၊

www.burmeseclassic.com

www.burmeseclassic.com



မောင် ထန့်ကို အရမ်းလွန်းနေတာ၊ ထန် သိလား"

"ဒါတော့ မောင့်အပြစ်နဲ့ မောင်ပဲလေ၊ ထန်ကတော့ မပြန်လို့မရဘူး၊ မောင့်နောက်ကို ထန် ဒီတစ်ခါ လိုက်သွားရင် မေမေ သူ့ကိုယ်သူ သတ်သေမယ်တဲ့"

"ဟာကွာ ဒါတော့ ထန့်မေမေ တမင်ညစ်တာပဲ"

"မေမေ့ကို မောင် ဒီလို မပြောပါနဲ့၊ ထန့် မေမေ့ဘက်ကိုလည်း မောင် စဉ်းစားကြည့်ပါဦး၊ အစကတည်းက လူကြီးတွေချင်း အငြိုးတွေ၊ အမုန်းတွေ ရှိပါတယ်ဆိုတဲ့ကြားက မောင်ပဲ ထန့်ကို ရှုတ်ခိုးပြေးပြီး ဒီလို ပစ်သွားတော့ မေမေက ပိုနာကြည်းတာပေါ့။ ပြီးတော့ မေမေ့စိတ်ထဲမှာလည်း မောင်က ထန့်ကို ဦးလေး ဦးကျော်စွာအတွက် မောင့် အဒေါ်ကိုယ်စား ထန့်ကို လက်တုံ့ပြန် ကလဲ့စားချေတယ်လို့ ထင်သွားတာ မေမေ့အလွန်မှ မဟုတ်ဘဲ၊ ဒါတွေအားလုံးဟာ မောင့်ကြောင့် ဖြစ်ရတာတွေပဲ"

ထန့် ပြောသည့်စကားများက မှန်နေသဖြင့် အောင်ဇေသည် သူ့အပြစ်နှင့်သူ ငြိမ်နေသည်။ သို့သော် သူ့စိတ်ထဲမှာတော့ ထန့်ကို သူ ဘယ်နည်းနှင့် ပြန်ပိုင်ဆိုင်ခွင့်ရအောင် လုပ်ရမလည်းဆိုတာ





စဉ်းစားလျက်

"ဟင်း ခုမှ ခက်ပြီ၊ ထန် ပြောပါဦး၊ မောင်တို့ဘယ်လိုလုပ်ရမလဲဆိုတာ"

အောင်ဇေမှာ စဉ်းစားရခက်သလို ထန့်ကို မေးလိုက်သည်။

"ထန့်လည်း မပြောတတ်ဘူး မောင်ရယ်၊ ခုလောလောဆယ်တော့ လူကြီးတွေ အခြေအနေကိုကြည့်ပြီး နေရမှာပဲ မောင်"

"မောင်တော့ ထန့်နဲ့ တစ်စက္ကန့်လေးတောင် ခွဲမနေချင်တော့ဘူး ချစ်ရယ်"

ထန့်လည်း မောင်နဲ့ အတူတူပါပဲဆိုတာ မောင့်အား နှုတ်ကဖွင့်မပြောရုံတမယ်ပင် ဖြစ်သည်။ တကယ်တော့ ထန့်လည်း မောင့်ကို ခွဲမနေချင်ပါ။ သို့ပေမယ့် အခြေအနေက ဒီလို ဖြစ်လာတော့လည်း ထန့်နှင့်မောင်သည် ခဏတာ ခွဲရဦးမည်။

သည်ကြားထဲ အောင်ဇေ့မာမီမှာ နိုင်ငံခြားတွင်ရှိနေသော ဆွေမျိုးများထံသို့ အပြီးလိုက်သွားဖို့ ပြင်ဆင်နေသည်။ အစကတော့ အောင်ဇေသည်လည်း ထန့် စိတ်ကြောင့် မာမီနှင့်အတူ သူပါ နိုင်ငံခြားကို အပြီးလိုက်သွားဖို့ ပြင်နေပေမယ့် ခုတော့ သူ စိတ်မပါ



www.burmeseclassic.com

www.burmeseclassic.com



တော့။ စိတ်မပါတော့ သည့်အပြင် ချစ်သော ထန့်နှင့် တစ်

လေးတောင် ဝေးမနေချင်တော့ပြီမို့ အောင်ဖေ အခက်တွေ့နေရ

သည်။

ဒါကို အောင်ဖေ၏မာမီသည် သားဖြစ်သူ၏ အ

အခြည်ကိုကြည့်ကာ တဖြည်းဖြည်း ရိပ်မိလာရပေမယ့် မသိ

ဆောင်နေလိုက်သည်။

ဘာပဲပြောပြော ဒေါ်စဝ်နန်းဝိုးမှာ သားဖြစ်သူ အောင်

ဟိုမိန်းကလေးနောက် ပြန်ပါမသွားဖို့ပင်။ ဒါကြောင့်မို့လည်း သာ

သူ၏ ပြောင်းလဲနေရသည့် ပုံစံကိုကြည့်ကာ ဒေါ်စဝ်နန်းဝိုး

သားဖြစ်သူ့အတွက် သူမဘက်က ပြင်ဆင်စရာရှိတာများကို ပြင်

နေခြင်းဖြစ်သည်။

"မာမီ"

"ဘာလဲ သား"

"မာမီ ဟိုကိုသွားဖို့ နီးနေပြီလား"

"အင်လေး သားရဲ့၊ သားလည်း ပြင်ဆင်စရာရှိ

ပြင်ဆင်တော့လေ"



မာမီ့စကားကြောင့် အောင်ဖေ ဘာပြောရမှန်းမသိပါ။ မာမီသည် သူ့ကို သူမတို့နှင့်အတူ လိုက်လိမ့်မည်လို့ ထင်မှတ်နေပုံရ၏။

တကယ်လည်း အောင်ဖေသည် ထန့်ကို အထင်လွဲနေသည့်အချိန်တုန်းက သူသည် ဘာကိုမှ မခင်တွယ်။ မမက်မောတော့ဘဲ စိတ်လေလေနှင့် မာမီတို့နှင့်အတူ ဟိုကိုလိုက်သွားဖို့ ပြင်ဆင်ခဲ့သူဖြစ်သည်။

အခုတော့ မာမီတို့နှင့် သူ နိုင်ငံခြားကို မလိုက်နိုင်တော့။ ထန့်အပေါ် သူ့ဘက်က အထင်လွဲမှုများ ရှင်းသွားရပြီဖြစ်သလို ထန့်သည်လည်း သူ့ရင်သွေးလေးကို လွယ်ထားရပြီမို့ သူ့အနေနှင့် ဒီမြေ ဒီနေရာကနေ ခွဲသွားဖို့ဆိုတာ နည်းနည်းလေးမှ မဖြစ်နိုင်တော့ပါ။

"မာမီ့ကို သား ပြောစရာရှိတယ်"

"ပြောလေ သားရဲ့၊ ဘာများလဲ"

"ဟို တခြား မဟုတ်ပါဘူး မာမီ၊ သား ထန်နဲ့ ပြန်တွေ့တယ်"

www.burmeseclassic.com

www.burmeseclassic.com



“သြော် သားနှင့်ညီ ဒါများ အဆန်းလား၊ ရန်ကုန်မြို့
အကျဉ်းလေးပဲဟာ၊ သားတို့ ပြန်တွေ့တာ မဆန်းပါဘူး”

မိခင်ဖြစ်သူမှာ ဘာမှမဖြစ်သလို ခပ်အေးအေး
ပြောလိုက်လေသည်။ ထိုအခါ အောင်ဇေ ပို၍ ရင်မောသွား

“မဟုတ်သေးဘူး မာမီ၊ ထန့်ကို ပြန်တွေ့တယ်ဆို
ကြုံလို့ ပြန်တွေ့တာ မဟုတ်ဘူး၊ ထန့်အပေါ် သားဘက်က အ
လွဲခဲ့မိတာတွေကိုကော သား သိခဲ့ရတာ”

“ဘာလဲ သား မိန်းကလေးက သားကို လာရှင်းပြ
လား”

“မဟုတ်ဘူး မာမီ၊ သားကို မြတ်ကျော်က လာရှင်း
တာ၊ ပြီးတော့ သားရဲ့ရင်သွေးလေးကိုလည်း ထန် လွှယ်ထား
တဲ့ မာမီ”

“ဟင်”

သားဖြစ်သူ အောင်ဇေ၏စကားကြောင့် ဒေါ်စဝ်နန်းဝိုး
အံ့ဩသွားသည်။

“ဟုတ်တယ် မာမီ၊ အဲဒီနေ့က သူ ရုတ်တရက် မူး

ဦး:မိုး:၀၁၁၆၀



တာ သားရဲ့ရင်သွေးလေးကြောင့်ပါ၊ ဒါကို မောင်မောင်လတ်က
ကူညီပေးတာကို သားက မသိဘဲ အထင်လွဲခဲ့မိတာ၊ သား အပြစ်
တွေပါ မာမီ”

အောင်ဇေမှာ သူ့အပြစ်ကို သူ ဝန်ခံရင်း ထန့်အပေါ်
အထင်လွဲခဲ့ရသမျှတို့ကို မာမီအား အစအဆုံး ရှင်းပြလိုက်သည်။
မာမီသည် နားထောင်နေရင်းက သက်ပြင်းငွေ့ငွေ့ချမိ၏။

ထန့် လွှယ်ထားရသော ရင်သွေးလေးသည် သား၏သွေး
သူ၏မြေးလေးပါလားဆိုသော အသိက ဒေါ်စဝ်နန်းဝိုးရင်ကို
လှုပ်ရှားစေသည်။

သို့ပေမယ့် သွေးစဉ်မျိုးဆက်ဒဏ်ကြောင့် ဆုံးရှုံးခဲ့ရသော
ဒက်ဒီ၊ မာမီနှင့် မမ ဒေါ်စဝ်နန်းချယ်ရီတို့မျက်နှာက မြင်ယောင်
လာပြန်တော့ ဒေါ်စဝ်နန်းဝိုးသည် စိတ်များပြန်လည် တင်းမာလာ
ရသည်။

“ဒီမှာ သား၊ အဲဒီမိန်းကလေးနဲ့ပတ်သက်ပြီး မာမီ ဘာမှ
မကြားချင်ဘူး၊ မာမီသိတာက မာမီတို့သွားရင် သားလိုက်ခဲ့ဖို့ပဲ”

ပြောပြီး မာမီသည် အနားမှ ထသွား၏။

ဦး:မိုး:၀၁၁၆၀

www.burmeseclassic.com

www.burmeseclassic.com



စိတ်မော၊ လူမောနှင့် ကျွန်ရစ်ခဲ့သူက အောင်ဇေ။ တကယ်ပင် အပျက်အပျက်နှင့် ထန်နှင့်အတူ ဆေးရတော့မည့်ထင်။ မဖြစ်ပါ။ ဒီအဖြစ်ကိုတော့ အောင်ဇေ ဘယ်လိုမှ အဖြစ်မခံနိုင်ပါ။ ဘယ်လိုအခက်အခဲ၊ ဘယ်လိုကြောင့်ပဲ ဖြစ်နေပါစေ အောင်ဇေသည် ထန့်ကို ပြန်လည်ပိုင်ဆိုင်ရအောင် ကြိုးစားရမည်။

သည်ဆုံးဖြတ်ချက်ကိုတော့ အောင်ဇေ သူဘယ်လိုမှ မပြင်နိုင်တော့ပြီဖြစ်သည်။

♦ ♦ ♦

## အခန်း (၁၀)

"ဘယ်လိုလဲ အောင်ဇေ၊ မင်းနဲ့ထန် အခြေအနေက"

"ငါတို့က အဆင်ပြေပေမယ့် လူကြီးတွေက ခက်နေတယ်ကွာ၊ ထန့်မေမေက ထန့်ကို ဒီတစ်ခါ ငါနဲ့လိုက်သွားရင် သူ့ကိုယ်သူ သတ်သေမယ်လို့ ပြောထားတော့ ထန်လည်း မလုပ်ရဲဘူးဖြစ်နေတယ်"

"ဒါနဲ့ မင်းတို့ဘက်ကကော"

"ဘာထူးလဲကွာ၊ မာမီကလည်း ထန့်အကြောင်းကို မကြားချင်ပါဘူးပြောပြီး ငါ့ကို သူတို့နဲ့အတူ ဟိုပါအောင်ခေါ်နေတာပေါ့၊ စိတ်ညစ်ပါတယ်ကွာ၊ ဘာလုပ်ရမှန်းတောင် ငါမသိတော့ပါဘူး"

www.burmeseclassic.com

www.burmeseclassic.com



တင်းမာနေသည့် လူကြီးတွေကြောင့် ပျက်ရတော့မည့် အောင်ဖေတို့ အိမ်ထောင်ရေးကို တွေးပြီး မြတ်ကျော် သက်ပြင်းချ လိုက်မိသည်။

ကာယကံရှင်ဖြစ်တဲ့ ထန်နဲ့ အောင်ဖေကို ကြည့်လိုက်ပြန် တော့လည်း နှစ်ဦးစလုံး မပြတ်မသား။ တကယ်ဆို နှစ်ဦးစလုံး သည် တစ်ခုခုကို ပြတ်ပြတ်သားသား ဆုံးဖြတ်ဖို့ကောင်းသည်။

သည်လိုသာ မပြတ်မသားဖြစ်နေပါက အောင်ဖေနှင့်ထန် တို့နှစ်ယောက် ခံစားရတော့မည်။

"မင်း ဒီလိုလုပ်ပါလား အောင်ဖေ၊ ထန်နဲ့လည်း တိုင်ပင် ကြည့်ပေါ့"

မြတ်ကျော်က အောင်ဖေအား အကြံတစ်ခု ပေးလိုက် သည်။ အောင်ဖေမှာ မြတ်ကျော်အကြံကို သဘောကျသွားရပေမယ့် ဖြစ်နိုင် မဖြစ်နိုင်ကိုတော့ ထန်နှင့် တိုင်ပင်ဆွေးနွေးရန် လိုအပ်လာ သည်။ ဒါကြောင့်မို့ ထန့်ထံဖုန်းဆက်ကာ မနက်ဖြန်တွေ့ဖို့ စီစဉ် လိုက်၏။

"ဘာလဲ...မောင် ထန့်ကို အရေးတကြီး တွေ့ချင်တယ်



ဆိုတာ"

ချိုချိုကတစ်ဆင့် ထန့်ကို အောင်ဖေ ဖုန်းဆက်ခေါ်ခိုင်း လိုက်တာမို့ ထန် ရောက်လာခြင်းပါ။

"အရေးကြီးတယ်လို့ပဲ ပြောရတော့မှာပေါ့ ထန်၊ မောင် ထန်နဲ့ တိုင်ပင်စရာရှိလို့"

ကြက်သွေးရောင်ဝယ် အနက်လေးများ ရောစပ်ဖောက် ထားသည့် ချည်စလက်ပြတ် ဝတ်စုံက ဝင်းဝါစိုပြည်သော ထန့် အသားအရေနှင့် လွန်စွာလိုက်ဖက်နေရသည့် ထန်၏ လက်မောင်း သား ဝင်းဝင်းလေးကို အောင်ဖေသည် မြတ်နိုးစွာ ငေးစိုက်ကြည့် ရင်းက ပြောလိုက်သည်။

"ဘာများ အရေးကြီးလို့လဲ မောင်၊ ထန် အချိန်သိပ်မရ ဘူး၊ ခုတောင် မေမေတို့ကို ထန် ချေးဆိုပြီး ထွက်လာခဲ့ရတာ"

"အဲဒါပြောမလို့ပဲ ထန်၊ မောင့်မိဘတွေကလည်း ခု နိုင်ငံခြားသွားဖို့ ပြင်ဆင်နေကြပြီ၊ အဲဒါ မောင်တို့နှစ်ယောက် နီးဖို့ ဘယ်လိုလုပ်ကြမလဲဆိုတာ စဉ်းစားကြရအောင်လို့"

မောင့်မာမိသည် မောင့်ကို သူတို့နှင့်အတူ နိုင်ငံခြားသို့

www.burmeseclassic.com

www.burmeseclassic.com



လိုက်စေချင်မှန်း ထန် သိပါ၏။ သိ၍လည်း ထန် စိတ်ညစ်ရခြင်း ဖြစ်သည်။

"ထန်တော့ မကြိုတတ်အောင်ပါပဲ မောင်ရယ်"

မျက်နှာလေးနွမ်းကာ ပြောလိုက်သော ထန့်ကို ကြည့်ပြီး အောင်ဖေ စိတ်မကောင်းဖြစ်သွားသည်။ သူမမှာ ကိုယ်လေး လက်ဝန် မပေါ့မပါးကြီးနှင့် သူ့ကြောင့် စိတ်ညစ်ရသည်။

တကယ်တော့ သူတို့လူငယ်ချင်းက ပြဿနာမရှိ အဆင် ပြေပါလျက်နဲ့ လူကြီးတွေ၏ အငြိုးအတေးအမုန်းများကြောင့် သူတို့ နှစ်ဦး ချစ်လျက်နဲ့ ဝေးရတော့မည်။

"စိတ်မညစ်ပါနဲ့ ထန်ရယ်၊ ထန့်ဗိုက်ထဲက မောင့်ရင်သွေး လေး ထိနိုက်နေပါဦးမယ်၊ မောင့်မှာ အကြံရှိပါတယ်"

"ဟင်…ဘာအကြံလဲ မောင်၊ ပြောပါဦး"

သူ ထန့်ကိုပြောပြတော့ ထန့်မျက်နှာလေးမှာ ဝင်းလက် သွားရတာမို့ အောင်ဖေ ကျေနပ်သွားသည်။ မတတ်နိုင်တော့။ သူနှင့်ထန် ဆုံစည်းဖို့ရာ ဒီနည်းကလွဲလို့ တခြားနည်းလမ်း မရှိ တော့ပါ။



ထန်သည် သူပြောသမျှစကားကို နားထောင်ပြီး ပြုံးနေ ၏။ သူတို့နှစ်ယောက်အရေးသည် လူကြီးတွေ အဆင်ပြေပါမှ သူနဲ့ထန်သည်လည်း ပြေလည်မည့်အဖြစ်။

◆ ◆ ◆

www.burmeseclassic.com

www.burmeseclassic.com

ဒေါ်တင်မမတစ်ယောက် ခင်ပွန်းဖြစ်သူ ပြန်အလာကို စောင့်ရင်း ဧည့်ခန်းထဲတွင် တရားစာအုပ်ဖတ်နေ၏။ ထန်က မိခင်ဖြစ်သူ၏ဘေးတွင် နှစ်ချောင်းထိုးအပ်နှင့် ဆွယ်တာထိုးနေသည်။

ထိုစဉ် ပေါ်တီကိုအောက်တွင် ထိုးဆိုက်လာသော အနက်ရောင် မာစီးဒီးကားပေါ်မှ ဆင်းလာသည့်သူများကို တွေ့ရတော့ ထန့်ရင်တွေ တအားခုန်လာရကာ အိမ်ထဲသို့ လှစ်ခနဲ အမြန်ဝင်ခဲ့သည်။

ဒေါ်တင်မမကတော့ စာအုပ်ကို ဘေးမှာချရင်း မျက်မှန်ကို အသာချွတ်ကာ ကားပေါ်မှ ဆင်းလာသူများကို ကြည့်နေသည်။

"ဟင်"

အနက်ရောင် လက်လက်တောက်နေသည့် မာစီးဒီးကား



ပေါ်မှ ဆင်းလာသူများက ဒေါ်တင်မမတစ်သက်တွင် ဘယ်လိုမှ ဆုံဖို့ မမျှော်လင့်ထားသည့်သူများဖြစ်တာမို့ အံ့ဩမှင်သက်စွာ ကြည့်နေသည်။

"နန်းကို ဝင်ခွင့်ပြုပါမမ"

ခန့်ညားတည်ငြိမ်သောဟန်နှင့် ချိုသာနူးညံ့စွာ အပြုံးနှင့် ဆိုလာသော စကားကြောင့် ဒေါ်တင်မမ တင်းမာမနေချင်တော့ပါ။

လာသူက မဖိတ်ခေါ်ပါဘဲ ကိုယ့်အိမ်ကို ရောက်လာမှတော့ ဒေါ်တင်မမသည်လည်း အိမ်ရှင်ဝတ္တရားနှင့်အညီ ရိုကျိုးစွာ ပါလာသည်။

သူ့ပုံစံက တကယ့်ကို တည်ကြည်ခန့်ညားသည့်အသွင်နှင့်။ သူ့အကြည့်များက ချစ်ရသောထန့်ကို ရှာဖွေနေ၏။

ထန့်၏ဖခင်ဖြစ်သူလည်း အလုပ်က ပြန်ရောက်လာသည်မို့ မထင်မှတ်ပါဘဲ လူစုံသွားသည်။

"နန်းတို့ လာရင်းကိစ္စကတော့ သားရေး၊ သမီးရေး ကိစ္စပါပဲ မမရယ်"

အေးဆေးတည်ငြိမ်ကာ ချိုသာနူးညံ့သော စကားသံက

www.burmeseclassic.com

www.burmeseclassic.com



အရင်ကနှင့် လုံးဝမတူတော့ဘဲ မာန်မာန ကင်းစင်နေဟန်တို့ဖြင့် ပြောနေသော ဒေါ်စဝ်နန်းပိုးကို ဒေါ်တင်မမ ကြည့်ပြီး စိတ်မှာ ဝမ်းနည်းဝမ်းသာ ဖြစ်နေသည်။

အောင်ဖေ့ဒက်ဒီနှင့် ထန့်ဖခင်တို့မှာလည်း လူကြီးလူ ကောင်းများပီပီ စကားလက်ဆုံ ကျနေသည်။

"နန်းတို့အပေါ် အရင်က ရှိခဲ့တဲ့ အငြိုးတွေ ပြေပါလို့ မမကို နန်း ပထမဦးဆုံး တောင်းပန်ပါရစေ"

"အိုကွယ်…မမ ဘယ်သူ့အပေါ်မှ အငြိုးမထားခဲ့ပါဘူး"

"ဝမ်းသာပါတယ် မမရယ်၊ နန်းတို့လည်း မကြာခင် နိုင်ငံခြားကို အပြီးသွားဖို့ စီစဉ်ထားပါတယ်၊ အဲဒါ ဟောဒီက သားတော်မောင်ကို မမတို့လက်ထဲ အပ်ခဲ့ပါရစေ"

ဒေါ်စဝ်နန်းပိုးမှာ သူ့ဘေးတွင် ငြိမ်သက်စွာ ထိုင်နေသော သားတော်မောင် အောင်ဖေကို အပြုံးနှင့်ကြည့်၍ ပြောလိုက်သည်။

ဒေါ်စဝ်နန်းပိုးအနေနှင့် ပြောရမည်ဆိုလျှင် သားဖြစ်သူ၏ သဘောထားကို အားလုံးနားလည်ပြီးဖြစ်သည်။ သားသည် ငယ်ငယ်လေးကတည်းက အစွဲအလမ်းကြီးသူ၊ ဒီအကျင့်စရိုက်က





တော့ လောကတွင် မရှိတော့ပြီဖြစ်သည့် ဒေါ်စဝ်နန်းပိုး၏ အစ်မ တော် ဒေါ်စဝ်နန်းချယ်ရီနှင့် တူအရိုးနှစ်ယောက် မထင်မှတ်ပါဘဲ တစ်ပုံစံတည်း လာတူနေသည်။

သြော်…မိမိတို့ မိသားစုသည်လည်း ဒီမိသားစုနှင့်မှ မလွတ်ကင်းနိုင်သည့်အဖြစ်။ မမ စဝ်နန်းချယ်ရီတုန်းကလည်း ဒီမိသားစုထဲက ဦးကျော်စွာဆိုသော လူနှင့် ချစ်ခဲ့သည်။ ထိုစဉ် တုန်းကတော့ မဟာမျိုး မဟာနွယ်များဖြစ်သည့် ဖခမည်းတော် စော်ဘွားကြီး ဦးစဝ်ခွန်ရွှယ်နှင့် မယ်တော် မဟာဒေဝီတို့သည် ရိုးရိုးသာမန်မိသားစုမှ ပေါက်ဖွားလာသည့် ဟုံကျော်စွာလိုလူနှင့် မမစဝ်နန်းချယ်ရီကို သဘောမတူနိုင်ခဲ့ပါ။

မမကတော့ ကိုကျော်စွာမှ ကိုကျော်စွာ၊ အရူးအမူး ချစ်ခဲ့ သည့်တိုင် ငွေကြေးချမ်းသာချင်းလည်း အတူတူ၊ ဂုဏ်အဆင့် အတန်းရှိတာလည်း အတူတူဖြစ်ပါရက်နှင့် ဆွေဂုဏ်မျိုးဂုဏ်မောက် လွန်းသည့် စဝ်နန်းချယ်ရီနှင့် ဆွေမျိုးကို စိတ်နာကာ မမစဝ်နန်းချယ်ရီ ကို ချစ်ပါသော်လည်း ယောကျ်ားမာန မခံချင်စွာ ဒီတစ်သက် မင်းတို့မိသားစုနှင့် မပတ်သက်ဆိုကာ မမစဝ်နန်းချယ်ရီကို ရက်စက်



www.burmeseclassic.com

www.burmeseclassic.com



စက်စက် နောက်ပြန်လှည့်မကြည့် ထားရစ်ခွန့်ပစ်သွားခဲ့သည်။

အချစ်ကြီးသော မမစဝ်နန်းချယ်ရီသည် ထိုစိတ်နှင့်ပင် မစားနိုင်၊ မအိပ်နိုင်နှင့် နောက်ဆုံးအချစ်ကြောင့် အသက်ပါ ဆုံးရှုံးခဲ့ရသည်။

ထိုအချိန်ကတည်းက နှစ်ဖက်မိသားစုစလုံး တစ်ဦးပေါ် တစ်ဦး အငြိုးအတေး အမုန်းများဖြင့် ရှိခဲ့သမျှ ယခုတော့ အောင်ဇေနှင့် ထန့်ကြောင့် ဒီမိသားစုနှစ်ခုကြားမှာ ရှိခဲ့သော အငြိုးအတေးနာကြည်းမှု အမုန်းများအားလုံး ပြေပျောက်ရတော့မည်။

မပြေမပျောက်၍လည်း မရပါ။ သားသည် ငယ်ငယ်ကတည်းက အစွဲအလမ်းကြီးတတ်တာကြောင့် သူချစ်သော မိန်းကလေးထန်နှင့် ကွဲလာတုန်းက တကယ်မှ စိတ်ပြတ်ရဲ့လားဟု ဒေါ်စဝ်နန်းပိုု စဉ်းစားခဲ့၏။

နောက်ပိုင်း သားသည် မိန်းကလေးအပေါ် တကယ်မပြတ်နိုင်ကြောင်း သိလာရတော့ သားဖြစ်သူကို နိုင်ငံခြားကို မခေါ်ရက်တော့ပါ။ မိဘတိုင်း ကိုယ့်သားသမီးကို စိတ်ချမ်းသာစေချင်ကြသည်။



"နန်း ပြောချင်တာကတော့ အရင်က မမသမီးနဲ့ သားကိစ္စမှာ နန်းတို့က သားရှင်အနေနဲ့ မှားခဲ့ပါတယ်ရှင်၊ ခုတော့ သားကလည်း သမီးနဲ့ သူ့ရင်သွေးကို ဘယ်လိုမှ မခွဲနိုင်ဘူးလေ၊ ဒါကြောင့် မိဘတစ်ယောက်ဖြစ်တဲ့ နန်းကတော့ သား စိတ်ချမ်းသာတာကို မြင်ချင်ပါတယ် မမရယ်၊ ပြီးတော့ မမကိုလည်း တောင်းပန်ချင်တယ်လေ၊ နန်း ဒီမှာ ပိုင်ဆိုင်သမျှအားလုံးနဲ့ သားကို မမဆီမှာ အပ်ခဲ့ပါရစေ၊ သား နန်းတို့ကွယ်ရာမှာ မိုက်မှားတာရှိခဲ့လည်း မမကပဲ နန်းကိုယ်စား မိခင်တစ်ယောက်အနေနဲ့ ဆုံးမပေးပါလို့ တောင်းပန်ပါရစေ"

အောင်ဇေမှာ မာမီ့ကိုကြည့်ပြီး မိဘမေတ္တာကို ပို၍ နားလည်သဘောပေါက်လာသည်။

"မမ…နန်း တောင်းပန်တာကို လက်ခံပါတယ်နော်"

ဒေါ်စဝ်နန်းပိုးမှာ ယခုချိန်ထိ ဘာစကားမှမဆို ငြိမ်သက်နေရသော ဒေါ်တင်မမကိုကြည့်ပြီး မေးလိုက်၏။ ဒေါ်တင်မမမှာ သက်ပြင်းချလိုက်သည်။

ကိုကိုကျော်စွာသည် စဝ်နန်းချယ်ရီနှင့် လွဲခဲ့ရပြီးကတည်း

www.burmeseclassic.com

www.burmeseclassic.com



က လူတော်လူကောင်းတစ်ယောက်ဖြစ်သည့် သူ့ဘဝကို အချစ်ကြောင့် ရေစုန်မျောရင်း ဘဝပျက်ကာ ဆုံးခဲ့ရသည်ကိုတော့ ဒေါ်စဝ်နန်းဝိုး သိမည်မဟုတ်ပါ။

ကိုကိုကျော်စွာ ယခုလို အသည်းကွဲသမားကြီးအဖြစ်နှင့် ဘဝပျက် သေဆုံးမှုအပေါ် ဒေါ်တင်မမတို့မိသားစုသည်လည်း ဒေါ်စဝ်နန်းဝိုးတို့၏ မိသားစုကြောင့်ဟု စိတ်မှာ နာကျင်ခဲ့ရသည်။

ဆွေဂုဏ်၊ မျိုးဂုဏ်မောက်ကာ လူလူချင်း မတူမတန်သလို ဆက်ဆံလွန်းသည့် ဒီမိသားစုနှင့်လည်း ဒီတစ်သက် ပတ်သက်စရာ မရှိတော့ပါဟု ထင်ခဲ့သမျှ အခု သမီးဖြစ်သူထန်နှင့် ပတ်သက်ကာ နှစ်မိသားစု အရင်းနှီးဆုံး အနေအထားနှင့် လာဆုံနေရသည်။

ခွင့်လွှတ်ပါဟု ဆိုလာသူကို ဒေါ်တင်မမက ခွင့်မလွှတ်နိုင်စရာ ရှိတော့မလဲ။ ဟိုတုန်းက တစ်မိသားစုနှင့် တစ်မိသားစု ရှိခဲ့သည့် အမုန်းအငြိုးအတေး နာကြည်းမှုများက အခုချိန်မှာ ပြေပျောက်သင့်ပြီပဲလေ။

ပြီးတော့ သမီး၊ သမီးဖြစ်သူ ထန့်တွင် သူတို့၏သွေး မြေးလေးကို လွယ်ထားရပြီ။





"အင်း...မမအနေနဲ့ကတော့ နန်းရဲ့သဘောထားကိုလည်း သိပြီမို့ ဘာမှလက်မခံနိုင်စရာ မရှိပါဘူးကွယ်၊ သမီးစိတ်ချမ်းသာရင် မမတို့လည်း စိတ်ချမ်းသာတာပါပဲ"

"မေမေရယ်"

ထိုစကားကို အခန်းကွယ်တစ်နေရာမှ နားထောင်နေသော ထန် ကြားလိုက်ရတာမို့ ဝမ်းသာကြည်နူးခြင်းတွေက ဘာနှင့်မှ နှိုင်းမပြနိုင်တော့ပါ။ မေမေသည် သူမအပေါ် မိခင်ကောင်းပီသလွန်းပါလား။

မေမေရယ်။ ထန်သည် မိခင်ဖြစ်သူကို စိတ်မှာကျိတ်၍ ကျေးဇူးတင်လိုက်သည်။

"ဒါနဲ့ သမီးလေးကော မမ၊ မမြင်ပါလား"

ဒေါ်စဝ်နန်းဝိုးသည် ယခုချိန်ထိ မမြင်မတွေ့ဘူးသော ချွေးမဖြစ်သူကို မေးလိုက်သည်။

"ရှိပါတယ်ကွယ်၊ ထန် သမီးရေ"

ဒေါ်တင်မမ ခေါ်သံကြောင့် ထန် အိပ်ခန်းထဲမှ ထွက်လာလေသည်။ အိမ်နေရင်း မိုးပြာရောင် တစ်ပတ်နွမ်း ချည်ဝမ်းဆက်



www.burmeseclassic.com

www.burmeseclassic.com



လေးနှင့် ရှည်လျားနက်မှောင်သော ဆံနွယ်ခက်ခက်ကြီးများကို ခပ်မြင့်မြင့်လေး စုစည်းထားသော ထန့်ပုံစံနှင့် မျက်နှာလေးက ရှင်းခနဲ ဖြစ်ရလျက် မြင်ရသူရင်ကို အေးချမ်းစေရသည့် အလှဖြစ်သည်။

မျက်လွှာလေးချကာ တစ်လှမ်းချင်း လျှောက်လာသော ချွေးမချောကိုကြည့်ပြီး ဒေါ်စဝ်နန်းဝိုးရင်မှာ ကျေနပ်သွားသည်။ မိမိတို့သားသည် ချွေးမချောကို ရွေးတတ်လှန်းပါလားဆိုကာ ကျေနပ်ပီတိပြုံးမိသည်။

"သမီးလေးက သိပ်လှပြီး ကျက်သရေရှိလိုက်တာကွယ်"

မိခင်ဖြစ်သူ ဒေါ်တင်မမ ဘေးနားတွင် ယခုတိုင် မျက်လွှာလေးချ ထိုင်နေသည့် ထန့်ကို ဒေါ်စဝ်နန်းဝိုးသည် အပြုံးနှင့်ကြည့်ရင်း ချီးကျူးလိုက်လေသည်။

မိခင်ဖြစ်သူ၏ ချီးကျူးစကားကြောင့် အောင်ဇေ့ရင်ထဲ ပျော်သွားသည်။

အောင်ဇေသည် သိပ်လှလွန်းသော ထန့်ကိုသာ စိုက်ကြည့်



နေမိသည်။

ထန့်မှာလည်း ဒေါ်စဝ်နန်းဝိုး၏ ချီးကျူးစကားကြောင့် မနေတတ်တော့သလို ရှက်မျက်နှာရဲရဲလေးနှင့် ခေါင်းလေးမော့ကာ ပြုံးပြရင်း သူမအကြည့်က အောင်ဇေထံ မရည်ရွယ်ဘဲ ရောက်သွားရတော့...

"အို"

ထန့်ရင်တွေ ခုန်သွားရသည်။

ထန့်မှာ အောင်ဇေကို မျက်စောင်းလေးထိုးရင်း အကြည့်လွှဲသွားတော့ အောင်ဇေသည် ချစ်ဇနီးချော၏ အပြုအမူကို ချစ်မြတ်နိုးစွာ ပြုံးလိုက်၏။

မင်းလေး နေနှင့်ဦးပေါ့။ နောက်မှ မောင့်ကိုကြောက်ပါပြီ မပြောနှင့်ဟူ၍လည်း အောင်ဇေ စိတ်မှာ တေးထားလိုက်သည်။

ဘယ်လိုပဲပြောပြော သူ့ရင်ထဲမှာတော့ လူကြီးများ၏ ပြေလည်သွားရပြီဖြစ်သော ကိစ္စကြောင့် ကုလားဘုရားပွဲလှည့်သလို အပျော်တွေ ကြည်နူးမှုတွေ ရင်ခုန်ခြင်းတွေနှင့်။

××××

www.burmeseclassic.com

www.burmeseclassic.com



"ထန်"

"မောင်"

"မပျော်ဘူးလားဟင်"

"အဟင်း…ပျော်တာပေါ့ မောင်ရဲ့၊ မောင်နဲ့ထန် ဒီဆင်ပြေတာထက် နှစ်ဖက်မိဘတွေ အခုလို အဆင်ပြေသွားတာကို ထန် ပိုပျော်မိတယ်ဆိုရင် မှန်မယ် မောင်"

"အဟွန်း…ဟွန်း ဟုတ်တယ်နော် ထန်၊ မထင်မှတ်ဘဲ မောင်တို့မိဘတွေအားလုံး အဆင်ပြေပြေဖြစ်သွားတာ မောင်တို့အတွက် ပိုပြီးပျော်စရာကောင်းတယ်၊ အဲဒါ ဘယ်သူ့ကြောင့်လဲ သိလား ထန်"

ထန့်ကိုယ်လေးကို သူ့ဘက်သို့ ဆွဲပွေ့ကာ အကြည့်စူးစူးလေးနှင့် ထန့်အား စိုက်ကြည့်ကာ မေးလိုက်သည့် အောင်ဇေ့စကားကို ထန်သည် နားမလည်သလို ပြန်ကြည့်ရင်း…

"ဟင့်အင်း…ထန် မသိဘူး မောင်၊ ဘယ်သူ့ကြောင့်လဲဆိုတာ ပြောပါဦး"

"အဟွန်း…ဟွန်း…ဟွန်း"





အောင်ဇေမှာ ထန်မေးတာကို မဖြေဘဲ သူမနဖူးလေးကို ဖျတ်ခနဲ ငုံ့နမ်းကာ ရယ်လိုက်တာမို့ ထန်သည် မျက်နက်ဝန်းလေးနှင့် သူ့အားကြည့်လာပြီး…

"မောင်နော်…ထန်မေးတာ မဖြေဘဲ ဘာရယ်နေတာလဲ"

"အဟွန်း…ဒီကောင်မလေး သိပ်အတာကို မောင် သဘောကျလို့ပါဗျာ"

"ဟင်…ထန်က ဘာအတာလဲ"

သူ့စကားအဓိပ္ပာယ်ကို ယခုထက်တိုင် နားမလည်သေးသော ထန့်ကို အောင်ဇေသည် အားမလို အားမရဟန်နှင့် သူမကိုယ်လေးကို တိုးဖက်လိုက်ရင်း…

"ဘယ်သူ့ကြောင့်ရှိရဦးမှာလဲဗျ၊ ဟောဒီ ထန့်ဗိုက်ထဲက မောင့်ရဲ့ရင်သွေးလေးကြောင့်ပေါ့"

ပြောရင်းက ထန့်ဗိုက်ကို ခပ်ဖွဖွ လက်နှင့်စမ်းလာသည်။

"မောင်နော်…ဘာဆိုင်လို့လဲ"

"ဆိုင်တာပေါ့ဗျာ၊ ထန် စဉ်းစားကြည့်လေ၊ မောင်တို့ ရင်သွေးလေးကြောင့်သာ မဟုတ်ရင် ဘာပဲပြောပြော မောင်တို့



www.burmeseclassic.com

www.burmeseclassic.com



နှစ်ဖက်မိဘတွေ ခုလိုအဆင်ပြေမှာ မဟုတ်ဘူး၊ ခုတော့ သူတို့မြေးရဲ့မျက်နှာကြောင့် မောင်နဲ့ထန် အဆင်ပြေရုံတင်မကဘူး မိဘချင်းပါ အားလုံးအဆင်ပြေရတာမဟုတ်လား"

"အင်း…ဒီလိုဆိုတော့လည်း ဟုတ်တယ်နော် မောင်"

ထန့်မှာ မောင့်စကားကို အပြုံးလေးနှင့် ထောက်ခံသလိုဆိုလိုက်ရင်းက အောင်ဇေ့ပခုံးစွန်းထက် သူ့မခေါင်းလေး တင်လိုက်သည်။

"ဟုတ်တာ မဟုတ်ဘူးကွ၊ ဟုတ်ကိုဟုတ်တာ၊ မောင်တော့ မောင့်ရင်သွေးလေးကို ခုကတည်းက ကျေးဇူးတင်နေရပြီ"

"သွားပါနော်၊ ခုမှ လာပိုမနေပါနဲ့၊ အစကတော့ ဒီရင်သွေးလေးကြောင့်ပဲ ထန့်ကို ပစ်ထားပြီးတော့"

တစ်ချိန်က ဖြစ်ခဲ့သည့်အဖြစ်ကို ထန်သည် မကျေနပ်သလို နှုတ်ခမ်းလေးစူကာ မူနွဲ့နွဲ့လေး ပြောရင်းက အောင်ဇေ့ပခုံးထက်မှ သူ့မခေါင်းလေးကို ရုပ်သိမ်းလိုက်တော့ အောင်ဇေမှာ အပြုံးချောချောကြီးနှင့် ချစ်ဇနီးလေးကို ယုယတွေးပွေ့ကာ သူ့အနမ်းများက ထန့်မျက်နှာလေးအနှံ့ ခပ်ဖွဖွကျရောက်လာပြီး…





"ထန့်ကို ပစ်ထားတယ်လို့တော့ မပြောပါနဲ့ဗျာ၊ မောင်မှ အဖြစ်မှန်ကို မသိရဘဲ"

"သိမလား၊ မောင်ပဲ ထန် ရှင်းပြတာကို နားမထောင်ဘဲနဲ့"

"အေးဗျ…အဲဒီအချိန်က မောင် ထန်ရှင်းပြတာကို နားထောင်ခဲ့ရင် အကောင်းသားနော်၊ ဒါပေမဲ့ အဲဒီတုန်းကလည်း မောင့်စိတ်ထဲမှာ ထန့်အပေါ် သဝန်တိုနေတာပဲရှိတော့ ရုတ်တရက် မောင် ဘာမှမစဉ်းစားနိုင်တော့ဘူး"

"ဟင်းနော် မောင်၊ အဲလိုကျပ်ကျပ် သဝန်တိုသိလား"

"အဟွန်း…ဘာဖြစ်လို့လဲ ထန်"

"ဘာဖြစ်ရမှာလဲ၊ ဒီတစ်ခါ ကံကောင်းလို့ ထန်နဲ့မောင် ပြန်ဆုံရတာ၊ နောက်တစ်ခါ မောင် အဲလိုလုပ်ရင်တော့ ဒီတစ်သက် မောင် ထန်နဲ့ဆုံစရာအကြောင်း မရှိတော့ဘူးသိလား"

ထန့်မှာ ထိုစကားကို မျက်နှာတည်တည်လေးနှင့် အမှန်ပင် ပြောလိုက်သည်။

"အမယ်လေးဗျာ၊ ကိုယ့်ယောက်ျားကို ခြိမ်းခြောက်လို့[illegible]



www.burmeseclassic.com

www.burmeseclassic.com



တာလည်း လွန်ပါရောလား၊ ကျုပ်က ခင်ဗျားလေးကို ဘာဖြစ်လို့ သဝန်တိုရတာလဲဆိုတာလည်း မေးဦးလေဗျာ"

မျက်နှာချင်းဆိုင် နဖူးချင်းထိတော့ကာ ပြောလိုက်သည့် အောင်ဇေ့ကို ထန်သည် မျက်လွှာလေးပင့်ကာ ကြည့်ရင်း…

"ဘာဖြစ်လို့လဲမောင်"

"ချစ်လို့"

"ရှင်"

"အဟွန်း…ဟွန်း၊ ခင်ဗျားလေးကို ချစ်လို့၊ သိပ်ချစ်လို့ပေါ့ ထန်ရယ်"

"အို"

ထန်၏ မျက်နှာလှလှလေးကို လက်နှစ်ဖက်နှင့် အသာညှပ်ယူကာ စိုက်ကြည့်ရင်းက နူးညံ့စွာပြောလိုက်သည့် အောင်ဇေ့စကားကြောင့် ထန် မောင့်ရင်ခွင်မှာ ညင်သာစွာ ခိုလှုံလိုက်သည်။

"ထန်"

"မော်င"

"သိပ်ချစ်တာပဲ ထန်ရယ်"





"ထန်ကောပဲ"

"ထန်ရယ်"

"အိုကွယ်…မောင်ရယ်"

အချိန်ကြာမြင့်စွာကတည်းကပင် တစ်ဦးနှလုံးသားတွင် တစ်ဦး ကမ္ပည်းထိုးထားရစ်ပြီးဖြစ်သော အောင်ဇေနှင့် ထန်တို့၏ အချစ်သည် ယခုတော့လည်း ဘာအပိတ်ပင်အတားအဆီးမှ မရှိတော့ဘဲ သူတို့နှစ်ဦး၏ သာယာသည့် အိမ်ထောင်ရေးကို အချစ်များဖြင့် တည်ဆောက်တော့မည်ဆိုတာကိုတော့ဖြင့် နှလုံးသားတွင် ကမ္ပည်းတင်ရစ်သည့် ချစ်သူနှစ်ဦးသာ အသိဆုံးဖြစ်တော့သည်။

ရွှေအဋ္ဌလီ



www.burmeseclassic.com